မောင်သာရ

# နှုတ်လောက်တော့ တဆယ်ချွေး



# မနုတ်လောက်တော့ တဆယ်ချေး



မောင်သာရ

ပထမအကြိမ် ပုံနှိပ်ခြင်း ။ အုပ်ရေ ၅၂၀၀။
၁၉၇၉ ခုနှစ်၊ ဒီဇင်ဘာ။

တန်ဖိုး တဆယ့်ခြောက်ကျပ်

စာမူကြိုတင်ခွင့်ပြုချက်အမှတ် ၂၂၄၁
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၁၈၂

--------
အဖုံးပန်းချီ
ဝသုန်
--------
ဘလောက်
လွင်
--------
အဖုံးရိုက်
စကားဝါ ပုံနှိပ်တိုက်

ပုံနှိပ် – ထုတ်ဝေ
ဦးခင်ဝင်း [၀၁၄၁၅] သူရိန်ပုံနှိပ်တိုက်
အမှတ် ၁၃၊ ဝတ်ကျောင်းလမ်း၊ ရေကျော်၊ ရန်ကုန်မြို့တွင် ပုံနှိပ်ပြီး၊
ဦးစောခိုင် (စာရေးဆရာ ဒေဝ) (၀၈၅၉) မြို့မစာစဉ် ၁၄၁၊ ဗိုလ်ချုပ်လမ်း၊ ရန်ကုန်က ထုတ်ဝေသည်။



pdf မှတ်တမ်း

ကွန်ပြူတာ စာစီစာရိုက် နှင့် မျက်နှာဖုံးစကင်
**mathapyay**

အချောသတ် pdf တည်းဖြတ်သူ
**sideeffect**

**MMCP pdf Creator Group**
မှ တင်ဆက်သည်။

မြန်မာအီးဘွတ်အဖြစ်
ပထမအကြိမ်
မတ်လ ၂၀၁၀

## အခန်း (၁)

သည်ကနေ့တော့ ပြဿဒါးအတွက် ရက်ရာဇာထင့်။ အစွမ်းပြခွင့် ကြုံလာပြီ။

ဦးသိုက်စိုးအောင်ကိုယ်တိုင်က ဆင့်ခေါ်ပြီး တာဝန်ပေးတော့ ပြဿဒါး အတိုင်းမသိ ပျော်သွားသည်။ ထို့ကြောင့်လည်း အလွယ်တကူ အလျင်အမြန် ခေါင်းညိတ်လိုက်ဖြစ်သည်။ ကြုံကြိုက်ပြီ။ သည်နေရာမှာ ပညာစွမ်း ပြရမည်။

တခုတော့ရှိသည်။ လူဆိုသည်က သူတပါးကို ကဲ့ရဲ့ဖို့၊ ရှုတ်ချဖို့၊ အပြစ်တင် အထင်သေးပစ်လိုက်ဖို့ လွယ်တတ်သည်နှင့်အမျှ၊ ချီးမွမ်းဂုဏ်ပြုဖို့ကျတော့ ဝန်လေးတတ်ဘိခြင်း။ ယခုလည်း ဦးသိုက်စိုးအောင်သည် သူ့အရည်အချင်းနှင့် ပတ်သက်၍ သံသယ ရှိနေပုံရသည်။ လက်တွေ့ကြည့်လိုပုံရသည်။ ကဲ့ရဲ့ရှုတ်ချလို၍လော၊ ချီးမွမ်းဂုဏ်ပြုလို၍လော၊ သူမသိ။ မဝေခွဲတတ်။

အဟုတ်။ ဦးသိုက်စိုးအောင်၏ စိတ်သဘောထား ဆိုး၏ကောင်း၏ သူမသိ။ စာနာတတ်သည် မတတ်သည် သူနားမလည်။ နှုတ်ချိုသလော မချိုသလော သူ မပြောတတ်။

သူ သိထားသည်က ဦးသိုက်စိုးအောင်သည် သည်ကံပေါက်သတ္တုထုတ်လုပ်ရေး လုပ်ငန်းမှာ မန်နေဂျာ။ တနည်းဆိုသော် အကြီးအကဲ။ တနည်းအားဖြင့် သူ့ဆရာ။

ပြီးတော့ ဦးသိုက်စိုးအောင်သည် အသက်ငယ်သည်။ မျက်နှာရွှင်သည်။ အမြင်။

ပညာကြီးသည်။ အတွေ့အကြုံများသည်။ နိုင်ငံခြားမှ ပြန်လာသည်။ အကြား။

ပြဿဒါးကိုယ်တိုင်ကတော့ ဟာမြင်းကြီး သတ္တုတူးဖော်ရေးလုပ်ငန်းမှ သတ္တုတွင်းလက်ထောက်ဟု ခေါ်သည်။ သာမန် ကာယအလုပ်သမားတယောက်။ လွန်ခဲ့သော ရက်နှစ်ပတ်ကျော်ကမှ သည်ကံပေါက် သတ္တုတွင်းသို့ ပြောင်းရောက်လာခဲ့သူ။

ကုန်ခဲ့သော လပိုင်းက သူတို့ တနင်္သာရီနယ်တရိုးတွင် မိုးအကြီးအကျယ် သွန်ခဲ့သည်။ ရေး၊မြိတ်၊ထားဝယ်နှင့် ကော့သောင်သို့တိုင် မိုးညှဉ်းဆဲခဲ့သည်။ သည်တော့ ထားဝယ်မြို့နယ်ထဲမှာ ရှိသည့် သတ္တုတွင်းများမှာလည်း မိုးဒဏ်ခံခဲ့ကြရသည်။ အထူးသဖြင့် သည်ကံပေါက်မှ သတ္တုတွင်းများမှာ မိုးရေလျှံခဲ့သည်။ သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းများသည်လည်း ရပ်ဆိုင်းခဲ့ရသည်။

စင်စစ် သတ္တုတူးဖော်ထုတ်လုပ်ရေးလုပ်ငန်းမှ သတ္တုတွင်း ဆိုသည်ကလည်း နှစ်မျိုးရှိတတ်သည်။ တူးဖော်ထုတ်လုပ်ရေး လုပ်ငန်းတိုင်းသည် တွင်းချည့်မဟုတ်။ တွင်းဟု ဆိုနိုင်သည့် မြေထဲ မြေအောက် လိုဏ် ဥမင်များ တူးရသည်လည်းရှိသည်။ ပြီး တောင်နံရံများကို ရေအားကောင်းကောင်းဖြင့် ပန်း၍ ဖြိုရသည့် ဟင်းလင်းဖွင့် လုပ်ငန်းများလည်းရှိသည်။

ထားဝယ်နယ်တွင် ဟာမြင်းကြီးသတ္တုတွင်းက လိုဏ်ဥမင်။ ဟိန္ဒားသတ္တုတွင်းက ဟင်းလင်းဖွင့်။

သည် ကံပေါက်သတ္တုတွင်းကျတော့ တမျိုး။ ယခင်မူလက တောင်နံရံများကို ရေပန်းထိုးစနစ်ဖြင့်ချည့် ဟင်းလင်းဖွင့် ထုတ်လုပ်ခဲ့ရပေမည့်၊ ယခုတော့ မိုးရာသီမှအပ ကျန်ကာလများတွက် လိုဏ်ဥမင်များ တူး၍လည်း ထုတ်လုပ်လျက်ရှိသည်။

အဲ– ကုန်ခဲ့သော လပိုင်းက မိုးမှာတော့ သည်ကံပေါက်ရေလွှမ်းခံရသည်။ ကံပေါက် သတ္တုတွင်းများ ရေလျှံသည်။

မူလကတည်းက အလုပ်သမား အင်အားနှင့် သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်း ပမာဏ မမျှတရသည့်အထဲ သည်နယ် ရေလျှံရေလွှမ်းပြီဆိုတော့ ပိုဆိုးကုန်တော့ပြီ။

ရော– သည်တခါ ပတ်ဝန်းကျင် သတ္တုတွင်းများမှ လုပ်အား အကူအညီယူရပြီ။ ညီအကို သတ္တုတွင်းချင်း ကူညီရပြီ။ ဟိန္ဒားတို့ ဟာမြင်းကြီးတို့မှ ဝန်ထမ်း အလုပ်သမားများလည်း ပြောင်းလာ ရောက်လာကြရပြီ။ ကံပေါက်မှာ အားဖြည့်ကြရပြီ။

ဒုက္ခ။

ဒုက္ခဆိုသည်က ဝန်ထမ်း အလုပ်သမားတို့ ပြောင်းကြရ၊ ရွှေ့ကြရ အနေပျက်ကြရ၍ကား မဟုတ်။ သည်သို့ နေရာဒေသပြောင်း၍ ထမ်းဆောင်လုပ်ကိုင်ရသည်က သူတို့ဘဝမှာ ဖြစ်ရိုးဖြစ်စဉ်။

သို့သော် ရင်ဆိုင်နေရသည့် အခက်အခဲကို အလျင်အမြန် ပြေလည်နိုင်စေရန်အတွက် အလုပ်သမားများ ရရှိရေးကသာ ပြဿနာ။ အလုပ်သမားအင်အား အပြည့်အဝ မရရှိနိုင်ခြင်းကသာလျှင် ဒုက္ခ။

စင်စစ် သတ္တုသည် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချရသော နိုင်ငံတော်၏ ထုတ်ကုန်။ နိုင်ငံတော်အတွက် တတိယ ဝင်ငွေအများဆုံးရသော ထုတ်ကုန်။ တနည်းဆိုသော် နိုင်ငံတော်၏ ဘဏ္ဍာသိုက်။ တစုံတရာသော အတိုင်းအတာအထိ နိုင်ငံသစ်တည်ဆောက်ရေးတွင် အထောက်အကူပြုနေသည်လည်း အမှန်။

သည်တော့ သည် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို ခေတ္တမျှပင်လျှင် ရပ်ဆိုင်းထား၍ မဖြစ်။ အချိန်နှင့် အမျှ တန်ဖိုးရှိနေသည်။

သို့သော် ခက်သည်က ကျွမ်းကျင်သော အလုပ်သမားများကသာလျှင် သည်သတ္တုတူးဖော်ထုတ်လုပ်ရရှိရေးကို ဆောင်ရွက်ပေးနိုင်သည် မဟုတ်လော။

ယခုတော့ ပြဿနာ။

ပြဿနာဆိုရပေမည့်လည်း စင်စစ်မှာတော့ ဖြစ်ရိုးဖြစ်စဉ်။ ကြည့်လေ။

သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းအတွက် အင်အားဖြည့်လိုက်သည်။ အလုပ်သမားသစ်များ ခန့်လိုက်သည်။ အလုပ်သစ်။ လူသစ်။ စိတ်သစ်။ အားသစ်။

ပြည်ပမှ အခြားအခြားသော အလုပ်များနှင့် နှိုင်းယှဉ်ကြည့်လျှင်လည်း လုပ်အားခ ပိုရသည်။ အခွင့်အရေးလည်း ပိုရသည်။ လုပ်နိုင်လျှင် လုပ်နိုင်သမျှ အကျိုးခံစားခွင့်လည်း ပိုရသည်။ သည်တော့ မယုံမရှိနှင့်။ အလုပ်ခွင်သို့ ဝင်စမှာတော့ ကြိုးစားအားထုတ်လိုက်ကြသည့်ဖြစ်ခြင်း။

မသိလျှင်မေးသည်။ မတတ်လျှင် သင်သည်။ သိသူက မသိသူကို ပြောပြသည်။ တတ်သူက မတတ်သူကို သင်ပြသည်။ သည်လိုနှင့် သိနားလည် လာကြသည်။ တတ်မြောက်လာကြသည်။ ကျွမ်းကျင်လာကြသည်။

သို့သော် သိနားလည်လာ၊ တတ်မြောက်ကျွမ်းကျင်လာသည့် အထဲတွင် ရင်နာစရာ ကောင်းသော အသိတရားများနှင့် အတတ်ပညာများလည်း ပူးတွဲပါလာသည်။

သာမန်အားဖြင့်သာ ဆိုလျှင်တော့ သည်ပုံသည်နည်း ကြိုးစားအားထုတ်မှုမျိုးနှင့်က ကျွမ်းကျင်သော အလုပ်သမားအမြောက်အမြား စုဆောင်းရရှိလာနိုင်သည်။ သို့သော် ခက်သည်က အလုပ်ကို နိုင်ပြီ၊ အရည်မီ အဆင့်မီ ဖြစ်လာပြီ၊ ကျွမ်းကျင်လာပြီ ဆိုသည်နှင့် တပြိုင်နက် အလုပ်သမားအများစုသည် ခြေလှမ်းပျက်ကုန်ကြပြီ။ အလုပ်မှ နှုတ်ထွက်ကုန်ကြပြီ။

ဘယ်ရောက်ကုန်ကြသနည်း။ ဘယ်ထွက်ပြေးကုန်ကြသနည်း။

မမေ့ကောင်းသော သဘာဝတရားကို မမေ့တတ်လျှင်တော့ . . .

နေ့၏ဆန့်ကျင်ဘက်သည် ည၊ အဖြူ၏ ဆန့်ကျင်ဘက်သည် အမဲ၊ အထဲ၏ ဆန့်ကျင်ဘက်သည် အပြင်၊ အမှန်၏ ဆန့်ကျင်ဘက်သည် အမှား . . . ဆိုသည်ကို အလွယ်တကူ အမှတ်ရလိမ့်မည်။ ထို့အတူ ပြည်သူပိုင် အခန်းနှင့် ဆန့်ကျင်ဘက် အရပ်၌လည်း ပုဂ္ဂလိက ကဏ္ဍကို မုချတွေ့ရပေလိမ့်မည်။ သည်တော့ ကျွမ်းကျင်ပြီး ဖြစ်သော အလုပ်သမား အများစုကိုလည်း ပုဂ္ဂလိက သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းခွင်များတွင်သာ တွေ့မြင်ရလေ့ရှိသည်။

ဝေးဝေးပြေးသည်တော့ မဟုတ်။

ခက်သည်က ခြားနားခြင်း။ ခက်သည်က လူ့သဘာဝ။ ခက်သည်က အခြေအနေ။ ပြီး စားဝတ်နေရေးပြဿနာ။

ခက်သည်က သူတို့သူတို့ကို . . . 'ချောင်းကိုပစ်၍ မြစ်ကိုရှာသည်' ဟု အပြစ်ပြော၍လည်းမဖြစ်။ သစ္စာမဲ့လေခြင်း ဟူ၍ စွပ်စွဲခြင်းငှာလည်း မထိုက်။ စင်စစ် သည်သို့ တဖက်သတ် စွပ်စွဲပြောဆိုမည်ဆိုလျှင်လည်း သူတို့ သူတို့ကတော့ ခေါင်းငုံ့၍သာ ခံပေလိမ့်မည်။ သို့သော် ပြုံး၍လည်း နေကြပေလိမ့်မည်။

အဟုတ်။ သတ္တုတူးဖော်ထုတ်လုပ်ရေး ကော်ပိုရေးရှင်းက ပေးနေသည့် လုပ်အားခသည် သာမန် အလုပ်သမား တယောက်အတွက် တနေ့မှ ငါးကျပ်နှင့် ပြားလေးဆယ်နှုန်း။ ပုဂ္ဂလိကဘက်မှ ပေးနေသည်က အနည်းဆုံး တဆယ့် နှစ်ကျပ်။ ကျွမ်းကျင်လျှင် တဆယ့်ငါးကျပ်မှသည် နှစ်ဆယ် အထိ။ ကွာဘိခြင်း။

ပြည်သူပိုင်ဘက်ကတော့ နာသည်။

ခက်သည်က အလုပ်သမားများကလည်း သည်ပြည်သူပိုင် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကို လေ့ကျင့် ရေး စခန်းများကဲ့သို့သာ သဘောထားကြပုံရသည်။ မတတ်မြောက်သေးသူများနှင့် အရွယ်မရောက်တတ်သေးသူများသာ ရောက်၍ရောက်၍ လာကြသည်။ ဝင်၍ဝင်၍ လုပ်ကြသည်။ အဲ . . . တတ်မြောက်ကျွမ်းကျင်ပြီ၊ အရွယ်ရောက်ပြီ ဆိုလျှင်တော့ ပုဂ္ဂလိကဘက်သို့ ကူးပြောင်းဖို့ ခြေလှမ်းပြင်ကြပြီ။ သမင်မွေးရင်း ကျားစားရင်း ဖြစ်နေသည်။

ပသို့ဆိုစေ၊ ကျွမ်းကျင်သော အလုပ်သမားအများစုကတော့ ပုဂ္ဂလိက လုပ်ငန်းခွင်များမှာသာ ရောက်ရှိနေကြပြီ။ တချို့တော့လည်း လွတ်လပ်သော ပိဿာစား အလုပ်သမားများ ဖြစ်ကုန်ကြပြီ။

ပိဿာစား ဆိုသည်က သူကိုယ်တိုင် လွတ်လပ်စွာ တူးဖော်ထုတ်လုပ်ရရှိသမျှသော သတ္တုတို့ကို ပိဿာချိန်နှင့် ရောင်းချ၍ ဝင်ငွေရသော အလုပ်သမားကို ခေါ်သည်။

သတ္တုတူးဖော်ရေး ကော်ပိုရေးရှင်းကလည်း သည်ပိဿာစား အလုပ်သမားများထံမှ အဆင့်မီသည့် ခဲမဖြူ၊ အဖြိုက် နက်၊ ခဲမဖြူနှင့် အဖြိုက်နက်ရောရာ သတ္တုများကို အခါခပ်သိမ်း အဝယ်ဒိုင်ဖွင့်ကာ ဝယ်ယူလေ့ရှိသည်။ သူ့ဈေးနှုန်း နှင့်သူ။ တပိဿာလျှင် ကျပ်သုံးဆယ် ပတ်ဝန်းကျင်မှသည် ကျပ်ငါးဆယ် ပတ်ဝန်းကျင်အထိ။

သည်မှာလည်း ပြဿနာ။ ဒေသ မှောင်ခို ပေါက်ဈေးက ကျပ်တရာ ပတ်ဝန်းကျင်။ ပင်လယ်ကမ်းစအရောက် မှောင်ခိုပေါက်ဈေးက တရာ့ငါးဆယ် အထက်။

သည်တော့ ပိဿာစား အလုပ်သမားဆိုရာ၌လည်း သုံးမျိုးသုံးစား ရှိလာသည်။ တချို့က ပြင်ပ မှောင်ခိုလက်သို့ သာ ပို့သည်။ တချို့က အထဲက အဝယ်ဒိုင်သို့သာ အပ်သည်။ တချို့ကမူ မျှရောင်းသည်။

ပသို့ဆိုစေ၊ သည်အခြေအနေ အရပ်ရပ်ကြောင့် ပြည်သူပိုင်သတ္တုတူးဖော်ရေး လုပ်ငန်းခွင်များတွင် ကျွမ်းကျင်သော အလုပ်သမား ရှားသည်။

သို့သော် သတ္တုတူးဖော်ထုတ်လုပ်ရေး စီမံကိန်းများမှာ လုပ်ငန်းပျက်ရသည်၊ ရပ်ရသည်အထိတော့ မရှိ။ မဖြစ် ဖြစ်သည့်နည်း၊ မရှိ ရှိသည့် အားနှင့်တော့ အလုပ်မပျက် လုပ်ကိုင်နေကြသည်။ ဝန်နှင့်အား မမျှသော်လည်း ရုန်း၍ လုပ်ကြသည်။ ကုန်း၍ လုပ်ကြသည်။

သည်ကြားထဲ ကံပေါက်သတ္တုတွင်းမှာ ရေလွှမ်းသည်။ အခက်အခဲ အကြပ်အတည်း ကြုံရသည်။ စီမံကိန်းနှင့် အညီ အပြည့်အမီ ထုတ်လုပ်ဖို့ကလည်း တဖက်။ သည်တော့ ဟာမြင်းကြီး၊ ဟိန္ဒား စသည့် သတ္တုတွင်းများမှ အကူအညီလို သည်။ ကံပေါက်သို့ အားဖြည့်ကြရသည်။

သည် အကူအဖြည့်အင်အားထဲမှာ ပြဿဒါးပါလာသည်။

ပြဿဒါးသည် ထားဝယ်သား၊ ထားဝယ်ဇာတိ။ ပြီး သတ္တုတွင်းအလုပ်သမားမျိုးရိုးမှ ဆင်းသက်လာသူ။

ပြဿဒါးအဖေသည် ဒုတိယကမ္ဘာစစ် မတိုင်မီ ကာလကတည်းက ဟိန်းဇဲဘားမား ခဲမဖြူစင်ဒီကိတ်မှ ကျွမ်းကျင် သော အလုပ်သမားတယောက်။ စစ်အပြီး တိုင်းရင်းသား ပုဂ္ဂလိကပိုင် ဦးဟုတ်စိန် သတ္တုတွင်းမှာလည်း ဖိုမင်။ ခေတ်အဆက်ဆက် မီခဲ့သည် ဆိုရမည်။

ယခု ပြဿဒါးသည်လည်း သတ္တုတွင်း အလုပ်သမား ဖြစ်နေပြီ။

တခုတော့ ခြားနားသည်။ အဖေသည် သတ္တုတူးဖော်ရေး လုပ်ငန်းမှာသာ ကျွမ်းကျင်၏။ ပြဿဒါးမူကား သတ္တုတူးဖော် ထုတ်လုပ်ရေး လုပ်ငန်းဘက်မှာသာ ကျွမ်းကျင်သည်မဟုတ်။ အမဲလိုက်ရာ၌လည်း ထူးချွန်ဘိတောင်း။

သည်ထူးချွန်မှုကို ဘယ်သူကများ ဦးသိုက်စိုးအောင်နားသို့ အရောက် ပေါက်ကြားလိုက်ပါလိမ့်။

ယခုတော့လည်း မထူးပြီ။ ပြဿဒါးကိုယ်တိုင်လည်း ဦးသိုက်စိုးအောင်နှင့် တွေ့ခဲ့ရပြီးပြီ။ ဦးသိုက်စိုးအောင်၏ ဆန္ဒကိုလည်း လိုက်လျောဖြည့်စွမ်းဖို့ တာဝန်ယူခဲ့ရပြီ။

ပြဿဒါး အိမ်ပြန်လာခဲ့သည်။ ခရီးထွက်ဖို့ ပြင်ရဆင်ရမည်။ နားထဲမှာတော့ ဦးသိုက်စိုးအောင်၏ သရော်သံလွှမ်းသော၊ အာဏာသံပါသော၊ သို့သော် အနည်းငယ်ပြုံး၍ ပြောလိုက်သော စကားကို ကြားယောင်နေမိသည်။

'ခင်ဗျားက မုဆိုးကျော်ဆိုဗျ၊ ကဲ . . . ကျွန်တော့်ကို ဒေါင်းအရှင် ဖမ်းပေးစမ်းဗျာ၊ အိမ်မှာ အလှမွေးထားချင်လို့ . . .'



**Commercial use of this book will be at your OWN RISK !**

**http://myanmarcupid.net**

## အခန်း(၂)

'နေနှင့်ဦးပေါ့ ငစနေရယ်'

ပြဿဒါး ကြုံးဝါးသည်။ အသံတော့မထွက်။ စိတ်ထဲက။

ပြဿဒါးသိသည်။ သည်ကိစ္စမှာတော့ တရားခံသည် ငစနေပဲ ဖြစ်ရမည်။ သည်ကောင် ငစနေမှတပါး ဘယ်သူမှ လည်း သိသည်မဟုတ်။ သည်ကံပေါက်သို့ အင်အားဖြည့် ရောက်လာကြရသူများထဲတွင် သူနှင့် ငစနေနှစ်ယောက်သာ ဟာမြင်းကြီး သတ္တုတွင်းမှ ပါသည်။ အများစုက လုပ်ငန်းသဘာဝချင်း တူသော ဟိန္ဒားမှ။ သည်တော့ သည်အကောင် မပြော ဘယ်သူသိသဖြင့် ပြောမည်နည်း။

ပြဿဒါး တတောဝင် တတောင်တက် ဒေါင်းစားကျက်ရှာရင်း တစိမ့်စိမ့် ခံပြင်းနေမိသည်။ ဒေါသနှင့် ယှဉ်သော ခံစားမှုမျိုးတော့မဟုတ်။ ပီတိလွှမ်းသော ခံစားမှုမျှသာ။

စင်စစ် ပြဿဒါးကိုယ်တိုင်ကလည်း တောလိုက်ဝါသနာပါ။ အထူးသဖြင့် ဒေါင်းချောင်းရသည်မှာ အရသာ။ ပြီး သူ မည်မျှ ကျွမ်းကျင်လျင်မြန်ကြောင်းလည်း မဏ္ဍာပ်တိုင်တက်၍ ပြချင်ချင်။ သည်အလိုက် မင်းပေါက်စိုးကြား သံတော်ဦး တင်နှင့် ထားပြန်တော့ ပြဿဒါး ချော်လဲတုန်း ရောထိုင်လိုက်ရုံပင်။

ဟော–ယခုတော့ ပြဿဒါး တောထဲရောက်နေပြီ။ စူဠလိပ် ရေထဲရောက်နေပြီ။

သို့သော် သည်တောက ရောက်နေကျတော မဟုတ်။ တောစိမ်း၊ ဒေသစိမ်း။ သည်တော့ လမ်းရှိရာကိုလည်း သူမသိ။ စမ်းရှိရာကိုလည်း သူမသိ။ ရမ်း၍သာ ဝင်လာခဲ့ရသည်။

အကြောင်းတော့ မဟုတ်။ သည်တော သည်တောင်၏ အထာ ပသို့ရှိသည် မသိလည်း ဒေါင်းတို့၏ ဓလေ့ သဘာဝ ကိုတော့ ပြဿဒါးသိထားသည်။ သည် အသိမျှဖြင့်လည်း ဒေါင်းကိုတော့ မိနိုင်သည်ဟု ပြဿဒါး ရဲရဲကြီး ယုံကြည် သည်။ ထို့ကြောင့်လည်း ပျော်ပျော်ကြီး ခရီးဆက်ခဲ့သည်။

သည်အခိုက် ခြေအလှမ်းလိုက်တွင် ရှေ့ဝါးတရိုက်ခန့် ချုံတချုံထဲမှ ယုန်ညိုတစုံ လန့်ခုန်ထွက်ပြေးသည်ကို မြင်ရ သည်။ ရုတ်တရက်တော့ ပြဿဒါး ခြေအလှမ်းရပ်လိုက်သည်။ အကျင့်ဉာဉ်အရလည်း အသင့်ပြင်လိုက်သည်။ သည် ယုန်မောင်နှံကို ဘေးမဲ့ပေးလိုက်သည်။ သည်ကနေ့အဖို့ကတော့ ပန်းတိုင်ရောက်ဖို့ အဓိက။ ဒေါင်းရဖို့သည်သာ ပဓာန။

သို့သော် ရပ်မိလက်စနှင့် ရပ်ရင်း နောက်အသံကို ပြဿဒါး နားစိုက်ကြည့်လိုက်သည်။ ပုခုံးနှစ်ဖက်နှင့်လွယ်၍ ကျောကုန်းထက်မှာ ပိုးယူလာခဲ့သည့် စစ်သုံးအိတ်ကြီးကိုလည်း ခဏဖြုတ်၍ ချလိုက်သည်။ သည်အိတ်ကြီးထဲမှာက စပါးခွံ ဖွဲကြမ်းတတင်းခန့်လည်း ပါသည်။ စပါးစေ့ချည့် တပြည်ခန့် ထည့်ထားသော ဖျင်အိတ်ငယ်တအိတ်လည်း ပါသည်။ ပြီး သူစားဖို့ မရွေးတထုပ်နှင့် စိမ်းစာဥတတွဲလည်း ပါသည်။

စင်စစ် ခရီးအတန်ရောက်ခဲ့ပြီ။ အမောလည်း ဖြေသင့်ပြီ။ ပြဿဒါးသည် ခါးမှာ ချည်လာသည့် ရေဗူးကိုလှည့်ဖွင့်၍ တကျိုက်နှစ်ကျိုက် မော့သောက်သည်။

စင်စစ် ဟာမြင်းကြီးတော မဟုတ်၍သာ သည်သို့ ရေကို ဗူးနှင့် ထည့်ယူလာခဲ့ခြင်းဖြစ်သည်။ တောစိမ်း၊ ဒေသစိမ်း ဆိုတော့လည်း စမ်းဘယ်မှာရှိမည် သူမသိ။

ပြီး ဟာမြင်းကြီးတောမှာသာဆိုလျှင် သည်ကဲ့သို့လည်း အချိန်ယူရလိမ့်မည် မဟုတ်။ သည်နှယ်လည်း ပင်ပန်းရ လိမ့်မည်မဟုတ်။ နေရာတကာ သူ့ခြေရာချည့်သာ ဖြစ်ခဲ့သည်။

သို့သော် သည်ကံပေါက်မှာတော့ သည်နှယ် အပင်ပန်းခံ၍ သည်မျှအချိန်ယူရသည်က ပြဿဒါးအဖို့ အကျိုးယုတ်ဖွယ်ရာမရှိ။ မလိုအပ်ဟုလည်း မဆိုနိုင်။

အဟုတ်။ အပန်းပြေ ခေတ္တနား၍ အရပ်ရှစ်မျက်နှာကို အကဲခတ်လိုက်တော့မှပင် ငါ ဘယ်ရောက်နေပြီနည်း ဆိုသည်ကို ပြဿဒါး ဆင်ခြင်မိလာသည်။

စထွက်လာစဉ်က အနောက်တောင်တည့်တည့်။ တောသို့ဝင်စဉ်မှာ မြောက်ယိမ်းယိမ်း။ ကုန်းမြင့်တခုကို ကျော်၊ လျှိုတခုထဲသို့ဆင်း။ အဆင်းမှာ တောင်ဘက်။ နောက် တောင်တတောင်ကို ပြန်အတက်မှာ အရှေ့တောင်။ သည်ကမှ ခင်တန်းသို့အရောက်။ ယခု မျက်နှာမူရာ အရပ်သည် မြောက်။

ဟုတ်ပြီ။ လာခဲ့ရာလမ်းကို ပြဿဒါး အတည်ပြုလိုက်ပြီ။ အခိုင်အမာ မှတ်သားထားလိုက်သည်။

အမှန်ပြောရလျှင် မုဆိုးတယောက်အဖို့ တောတောင် ရေမြေ၏ အခြေအနေနှင့် နေလမ်းကြောင်း လေလမ်းကြောင်းတို့ကို သည်နှယ် သာမန် သိနားလည်ထားရုံမျှဖြင့် အရည်အချင်း ပြည့်ဝပြီ မဆိုသာ။ သည်မျှသော အရည်အချင်းဖြင့်မူ မုဆိုးတယောက်အဖြစ် နာမည်လည်း မခံထိုက်။

သည်မျှသော အရည်အချင်းဖြင့်မူ သားကောင်းငယ်တို့ကို အခါအားလျော်စွာ ရကောင်းရနိုင်မည် ဖြစ်သော်လည်း၊ မုဆိုးဟူသည် နေ့နေ့ညည အချိန်ကာလကို ပိုင်းခြား၍ ရကောင်းသည်မဟုတ်။ နေ့ညမဟူ သွားလာစွန့်စားကြရမြဲ။ သည်တော့ သည်မျှ သိနားလည်ထားရုံဖြင့် ညဘက်မှာ အဘယ်ပုံလှုပ်ရှား၍ အဘယ်သို့ ပစ်ခတ်ပါမည်နည်း။

စင်စစ် မုဆိုးတို့မည်သည် ည၏ ကောင်းကင်ကိုသော်လည်း စာအုပ်တအုပ်သဖွယ် ဖတ်နိုင်စွမ်း ရှိရပေလိမ့်မည်။ ပြီး မီးမောင်းကို တုံ့ပြန်သော တဖက်မှ မျက်လုံးအစုံကို မြင်ရရုံမျှဖြင့်လည်း သားကောင်၏ အမျိုးအမည်ကို ရုတ်ချည်း သိရပေလိမ့်မည်။ တဖန် သားကောင်၏ အသက်နေသည် ဘယ်နေရာမှာ ရှိလိမ့်မည်ဆိုသည်ကိုလည်း ရုတ်ခြည်းဆုံးဖြတ် ပစ်ခတ်နိုင်ရပေလိမ့်မည်။

အကြင်သူတယောက်သည် တောပစ်ထွက်လာခဲ့ငြားအံ့။ ထိုသူသည် ည၏ကောင်းကင်ကိုလည်း မဖတ်တတ်ဟု ဆိုအံ့။ နေ့ဘက်မှာ နေနှင့် အရပ်ရှစ်မျက်နှာကို ကြည့်၍ လာခဲ့ရာလမ်းတို့ကို မှတ်သားခဲ့သည့်တိုင် ညဘက်တွင် မည်သို့ တုံ့ပြန်မည်နည်း။

အကြင်သူတယောက်သည် မီးကဲ့သို့ ရဲနေသော သားကောင်၏ မျက်လုံးအစုံကို မြင်ခါမျှနှင့် ယင်းသားကောင် အမျိုးအမည်ကို မခွဲခြားနိုင်သည် ဖြစ်ငြားအံ့။ ယင်းသားကောင်၏ အသက်နေကို အဘယ်ပုံသိ၍၊ တချက်ထဲမျှနှင့် အဘယ်သို့ အမိအရ ပစ်ခတ်ပါမည်နည်း။

ပြဿဒါးကတော့ မုဆိုးပီသလှစွာသည်။ နက္ခတ်တာရာတို့၏ ပဟေဠိကိုလည်း အတန်ငယ်တော့ ခေါက်မိသည်။ ပြီး တောတောင်ပရိယာယ် အဘယ်မျှ ကြွယ်ဝကြွယ်ဝ၊ ညနက်အမှောင်ထဲမှာပင်လျှင်လည်း အရပ်ရှစ်မျက်နှာကိုတော့ မလွဲတမ်း တွက်နိုင်စွမ်းရှိသည်။ သည်တော့ အိမ်ပြန်လမ်းကိုလည်း မုချ သိနိုင်တော့သည်သာ။

အမှန်တော့ ပြဿဒါးသည် ည၏ကောင်းကင်သာ ကြည်လင်နေပါက အချိန်ကိုလည်း သိနိုင်စွမ်းရှိသည်။ နေ့ရက်ကိုလည်း တွက်နိုင်စွမ်းရှိသည်။ လရာသီကိုလည်း ပိုင်းခြားနိုင်စွမ်းရှိသည်။ ဤသည်တို့ကို အခြေခံ၍ နေရာဒေသကိုလည်း ခန့်မှန်းနိုင်စွမ်းရှိသည်။ ခရီးအကွာအဝေးကိုလည်း ချင့်တွက်နိုင်စွမ်းရှိသည်။

ဂုရု၊ သောမ၊ သောရီ၊ ဗုဝ၊ သောကြာ၊ ရဝိ၊ စန္ဒာ ဟူသော ခုနစ်စင်ကြယ် တို့ကိုလည်း သူ့အမည်နှင့် သူတွဲ၍ ပြဿဒါး သိသည်။ သည်အထဲမှ ဂုရုနှင့် သောမကို မျဉ်းဖြောင့်ထား၍ ဆက်ဆွဲလိုက်လျှင် မြောက်အရပ်ဟု သတ်မှတ်ရသည့် ဓူဝံကြယ်ကို တွေ့ရမည်ဟူသော နက္ခတ္တသင်္ချာ ဗဟုသုတလည်း ပြဿဒါး အတင့်အသင့် နားလည်သည်။

သည်အခိုက် အရှေ့တည့်တည့် အရပ်မှ ဒေါင်း အိုးဝေသံသဲ့သဲ့ကို ပြဿဒါး ကြားရသည်။

မဆိုင်းနိုင်။ ပြဿဒါး ရုတ်ခြည်း ထလိုက်သည်။ သစ်နက်တကောင်၏ လျှင်မြန်မှုမျိုးဖြင့်လည်း အရှေ့အရပ်သို့ ချဉ်းကပ်လာခဲ့သည်။

တွေ့ပြီ။

သည်မှာ တွေ့ပြီ။ ဒေါင်းခြေရာ။

သည်မှာတွေ့ပြီ။ သင်းကိုယ်မှ ကျွတ်သော အမွေးနု။

သည်မှာတွေ့ပြီ။ သင်းစွန့်သည့် မစင်။

သည်မှာတွေ့ပြီ။ သင်းဆိတ်ခဲ့သည့် သစ်ရွက်။

သို့တပြီးကား သင်းလာရာသည် ထိုအရပ်။ ငါချဉ်းကပ်ရမည်က ထိုနေရာ။ လျှင်ခါမှ တော်ရော့မည်။ ပြဿဒါး လုပ်ငန်းစတော့သည်။

အဟုတ်။ အိုးဝေသံ ချိုငြိမ့်ငြိမ့်ကတော့ တောင်အနိမ့်အောက်ဆွယ်မှာ သဲ့သဲ့သာသာ ပျံ့လွင့်ဆဲ။

ပြဿဒါးသည် တောင်ကျော၏ အနေအထားအပေါ် မူတည်၍ အိုးဝေသံကို ဗဟိုပြုကာ တခေါ် ပတ်လည်အကွာမှ လကျာ်ရစ် တပတ်ပတ်လိုက်သည်။ သည်သို့ ပတ်လည်ရင်းကလည်း ခြေလှမ်းသုံးလှမ်းခန့်လျှင် တပုံကျ၊ စပါးခွံ ဖွဲကြမ်း လက်တဆုပ်နှင့် စပါးစေ့အနည်းငယ်ကို လိုက်ပုံထားလိုက်သည်။ စည်းဝိုင်းလိုက်ချသည့် သဘော။

သည်တော့ အလယ်ဗဟိုမှာ ရှိနေသည့် ဒေါင်းတို့သည် မည်သည့်ဘက်မှ ထွက်ထွက်၊ သည် စပါးခွံ ဖွဲကြမ်းပုံတို့ကို တွေ့ရမည်။ စပါးခွံများများ၊ စပါးစေ့နည်းနည်း ဆိုသည်ကတော့ တခြား ကျေးငှက်များ စားထားသည့် လက်ကျန် သဘော။

ပြဿဒါးသည် ခြေသံကို လုံစေ၏။ ကိုယ်ကို ဖော့လှမ်း၏။ ခြေကလှမ်းလိုက်၊ လက်ကပုံလိုက်၊ ခါးချိုးလိုက်၊ ခါးဆန့်လိုက်နှင့် မျက်စိတို့ကိုလည်း ရှင်ထား၏။ နားတို့ကိုလည်း စွင့်ထား၏။ ကိုယ်က ပတ်နေတုန်း ကိုယ်မရောက် သေးသည့်ဘက်မှ သင်းတို့ထွက်သွားလျှင် အခက်။

ကြာသွားသည်။

တနာရီလည်းမက၊ နှစ်နာရီနီးပါးမျှ ကြာသွားသည်။ အချိန်အတန်လင့်သွားသည်။ မှဆိုးဖော် တစုံတယောက်သာ ပါလာလျှင် မည်မျှကောင်းမည်နည်း။ နှစ်ယောက်ပတ်၍ ဝိုင်းနိုင်မည်။ အချိန်ကုန် သက်သာမည်။

သို့သော် မတတ်နိုင်။ သည်နယ်မှာ အဖော်လည်း ရနိုင်စရာမရှိ။ သူ့ကိုယ်မသိ။ ကိုယ့်သူမသိ။ ပြီး ဆရာ ဦးသိုက်စိုးအောင် ခိုင်းလိုက်သည်ကလည်း သူတယောက်ထဲ။ သည်တော့ ပြဿဒါး မတတ်နိုင်။ ကောင်းသည်က တယောက်ထဲဆိုတော့လည်း သံသယဖြစ်စရာ မရှိ။ ပြဿဒါး၏ ပညာစွမ်းသည် ပြဿဒါး၏ ပညာစွမ်းပဲ ဖြစ်မည်။ အခြားတယောက်၏ ပညာစွမ်း မဖြစ်နိုင်။

အချိန်တော့ ကုန်သည်။ လူလည်း ပင်ပန်းသည်။ သို့သော် ရရှိလာမည့် ဂုဏ်ပုဒ်အတွက် မည်သူနှင့်မျှ ခွဲဝေဖို့မလို။ ပြဿဒါးလုပ်၊ ပြဿဒါးခံ။ ဒေါင်းရလျှင် ပြဿဒါး မျက်နှာကောင်းရမည်။ ဆရာကြိုက်မည်။

အင်း . . . ဆရာဦးသိုက်စိုးအောင်သည် ပသို့သော လူစားမျိုးပါလိမ့်။ သူအကဲခတ်၍ မရ။ သို့သော် ဘာပဲဖြစ် ဖြစ်၊ အမိန့်ဆိုသည်က မြင့်ရာမှ နိမ့်ရာသို့သာ ကျလာမြဲ။ ပြဿဒါး ဘာမျှ စဉ်းစားမနေတော့။ ဆရာ့သဘောကျ ဆောင်ရွက်ပေးရမည်က သူ့တာဝန်။ ဆရာ့ဆန္ဒကို ဖြည့်စွမ်းနိုင်ပါက သူ နာမည်ကောင်းရမည်။ ပြဿဒါး သည်မျှသာ နားလည်သည်။

သည်သို့နှင့် ဒေါင်းအိုးဝေသံကို ဗဟိုပြုကာ ပြဿဒါး ဝိုင်းပတ်မိသွားသည်။ မူလပထမဆုံး ချခဲ့သည့် စပါးပုံရှိရာ သို့ ပြန်လည်ရောက်လာသည်။ ပြဿဒါး ချွေးပြိုက်ပြိုက်ကျပြီ။

အဲ . . . အိုးဝေသံ ချိုချိုငြိမ့်ကတော့ တောင်အနိမ့်အောက်ဆွယ်မှာ သဲ့သဲ့သာသာ ပျံ့လွင့်ဆဲ။

ပြဿဒါး မောမောနှင့် ခေတ္တနားလိုက်သည်။

ပြီး သည်ပထမဆုံး စပါးပုံကလေးနှင့် တလံအကွာမှာ ဒေါင်းတရပ်စာခန့်သည နက်သော ချိုင့်ဝှမ်းကလေးကို သစ်ရွက်မှိုက်ရှင်းလိုက်ရုံ၊ မြေယက်လိုက်ရုံဖြင့်လည်း အလွယ်တကူပင် ပြီးသွားသည်။ စင်စစ် ချိုင့်ဝှမ်းကလေးသည် လည်း တယောက်အိပ် သင်ဖျာတချပ်စာခန့်မျှ ကျယ်ဝန်းပေလိမ့်မည်။

သည်ချိုင့်ဝှမ်းကလေးထဲသို့မူ ပြဿဒါးသည် အဆန်ပြည့်သော စပါးစေ့ ကျန်သမျှကို ဖြန့်၍ ကျင်းလိုက်၏။

သည်စပါးစေ့များကိုတော့ ပြဿဒါးကိုယ်တိုင် သတ္တုထည့်သော ဖျင်အိတ်ငယ်တအိတ်ဖြင့် သီးသန့် ရွေးထည့်လာ ခဲ့ခြင်းဖြစ်သည်။ ထို့ကြောင့် မည်သည့်နည်းနှင့်မျှ စပါးခွံလည်း မပါနိုင်။ ဆန်လည်း မပါနိုင်။

အကယ်၍ သည်အထဲမှာ အခွံချွတ်ပြီးသောဖြစ်သော ဆန်စေ့အနည်းငယ် ရောနှောပါလာခဲ့လျှင်တော့ ဒုက္ခ။ လွယ်တော့မည် မဟုတ်။ ဒေါင်းကိုလည်း မိနိုင်တော့မည် မဟုတ်။

ဒေါင်းဆိုသည့် သတ္တဝါမျိုးကလည်း ပါးသည်။ ဆန်စေ့မည်သည် အလေ့ကျ သဘာဝသစ်စေ့ မဟုတ်ကြောင်း နားလည်ကြလေရော့သလား မသိ။ ဆန်စေ့ကို မြင်ရုံမျှနှင့် လူက စီထားကြောင်းကိုလည်း ရိပ်မိကြလေသလော မပြောတတ်။ ဝေးရာသို့ တမုဟုတ်ချင်း ပျံပြေးတတ်ကြမြဲ။

ယခုလည်း ချိုင့်ဝှမ်းငယ်ထဲမှာ ခင်းလိုက်ကျင်းလိုက်သည့် စပါးစေ့များကို အသေအချာပြန်၍ ကြည့်လိုက်သည်၊ ဆန်စေ့လုံးဝ မပါစေရ။ မသင်္ကာလျှင် ရွေး၍ ကောက်ပစ်သည်။



မြန်မာ့မျှားနတ်မောင်

ပြဿဒါးကလည်း ပါးသည်။ သည်ဒေါင်းတို့၏ စရိုက်သဘောကို နော‌ကျေအောင် သိထားသည်။ ထို့ကြောင့်လည်း စေ့စပ်သေချာသည်။ စနစ်ကျသည်။ စိတ်ရှည်သည်။

ပြဿဒါး နားချိန် မရတော့။ ဒေါင်းတို့၏ တွန်သံသည် စောစောကထက်ပင် နီးလာပြီ။ မဟုတ်မှလွဲရော။ သည်ဘက်သို့ လာနေကျပြီထင့်။ အမြန်လုပ်ရမည်။ ကိစ္စကလည်း မပြီးသေး။ မုဆိုး ပုန်းကြည့်နေဖို့ နေရာကို အကာအကွယ် လုပ်ထားရဦးမည်။ မုဆိုး ချောင်က ချောင်းဖို့ ဖန်တီးရဦးမည်။ ပြီး ညွှတ်ထောင်ရဦးမည်။ အရေးအကြီးဆုံး အလုပ်များ လုပ်ရန် ကျန်သေးသည်။

မြန်ဆန်ရမည်။ ကျင်လျင်ရ၏။

ချည်လိုက် နှောင်လိုက်သည်။ ညွှတ်ထောင်ထားလိုက်ပြီ။

အနီးအနားမှ သစ်ကိုင်းသစ်ရွက်တို့ဖြင့်လည်း ချုံငယ်တချုံကို ကာလိုက်အုပ်လိုက်သည်။ ချိုင့်ဝှမ်းနှင့် ညွှတ်ကွင်းနှင့်တော့ ဆယ်လံခန့်ကွာလိမ့်မည် ထင်သည်။

စုစုပေါင်း ကွမ်းတယာညက်ခန့် ကြာသည်။ ကိစ္စခပ်သိမ်း ပြီးငြိမ်းသည်။

အဆင်သင့်ဖြစ်ပြီ။ ချိုင့်ဝှမ်းငယ်မှာ ညွှတ်လည်းထောင်ပြီးပြီ။ သူ ပုန်းခိုဖို့ ချုံပုတ်လည်းရပြီ။ လုံခြုံပြီ။ စောင့်ရုံ စောင့်ကြည့်ရတော့မည်။

အင်း တရေးတမော အိပ်၍တော့မရ။ နားရုံသာ နားနိုင်မည်။ မည်မျှ အချိန်ကြာရှည် စောင့်ရလိမ့်ဦးမည်တော့ မသိ။

စင်စစ် သည်နည်းနှင့် ဒေါင်းချောင်းရသော အလုပ်သည်မလွယ်။ သာမန် မလွယ်သည့်အထဲမှာ စိတ်ရှည်နိုင်ဖို့လည်း လိုသည်။ စေ့စပ်သေချာဖို့လည်း လိုသည်။ အပင်ပန်းခံနိုင်ရုံမျှနှင့် ပြီးတတ်သည် မဟုတ်။

အချိန်ရသခိုက် ညွှတ်ကြိုးတို့ကို ပြဿဒါး ပြန်၍ စစ်ကြည့်သည်။ ညွှတ်ကွင်းချိုင့်ဝှမ်း ပတ်ပတ်လည်ကိုလည်း သဘာဝအတိုင်း ဖြစ်နေစေရန် မွမ်းမံပြင်ဆင်သည်။ သူ့ခြေရာများကို ဖျက်ပစ်သည်။ သစ်ရွက်မှိုက်များဖြင့် လျှောက်ဖုံးသည်။ သေချာပြီ၊ ကျေနပ်ပြီ ဆိုတော့မှ သူ့ချုံပုတ်ထဲ ပြန်ဝင်သည်။ စိတ်ချလက်ချ ထိုင်စောင့်သည်။

စင်စစ် သည်တော သည်တောင်၏ အကြောင်းကို ပြဿဒါး ကောင်းစွာ မသိ၍သာ။ သိသာသိလျှင် သည်နှယ် သည်မျှ အပင်ပန်းခံနေစရာ လိုလိမ့်မည် မဟုတ်။ ဒေါင်းတို့ ရေသောက်ဆင်းလေ့ ရှိတတ်သည့် ရေအိုင်တအိုင်အိုင်ကို သိထားရုံမျှနှင့်ပင် ပြီးနိုင်သည့် ကိစ္စ။

သည်ရေအိုင် ရေဆိပ်မှာ ကြိုတင်၍ ညွှတ်ဆင်ထားလျှင်လည်း ရသည်သာ။ သို့မဟုတ် သည်ရေအိုင် ရေဆိပ် အနီးအနားရှိ ချုံပုတ်ထဲမှာ ပုန်းအောင်း၍ ချောင်းလျှင်လည်း ဖြစ်သည်သာ။

မှန်သည်။ သည်နည်းကတော့ သေနတ်မရှိသူတို့ သုံးလေ့သုံးထရှိသည့်နည်း။ ဒေါင်းကို အရှင်ဖမ်းယူချင်သူများသာ သုံးလေ့သုံးထ ရှိသည့်နည်း။

သို့သော် ယခုတော့ သည်နည်းဖြင့် အလုပ်မဖြစ်နိုင်။ ပြဿဒါးကိုယ်တိုင်က လူစိမ်း။ ဧည့်သည်နေ ဧည့်သည်စား။ သည်ကံပေါက်သို့ မကြာမီကမှ ရောက်လာသူ။ ပြီး သည်တောသည်တောင်နှင့် လုံးဝ မကျွမ်း။

ကျွမ်းများကျွမ်းမှုဖြင့် ဘယ် သည်နှယ် အပင်ပန်းခံနေလိမ့်မည်နည်း။ ရေသောက်ဆင်းရာမှာ ညွှတ်ဆင်လိုက ဆင်။ ပတ်ဝန်းကျင်ချုံပုတ်ထဲမှ ချောင်းလိုက ချောင်း။ လွယ်လိုက်မည့် ဖြစ်ခြင်း။

အဲ . . . တခုတော့ ရှိသည်။ ချုံထဲမှ ချောင်းမည်ဆိုလျှင်တော့ နည်းနည်း ပညာသုံးရမည်။ ဒေါင်းတို့ကို မြေမာဘက် မပြေးမိစေဖို့၊ လေဆန်ဘက် မပြေးမိစေဖို့ အနည်းငယ်တွက်ရသည်။ မောင်းတတ်ဖို့လိုသည်။ အပြေးသန်ဖို့လိုသည်။

ရေအိုင် ရေဆိပ်မှာ ဒေါင်းတအုပ် ရေသောက်ဆင်းလာသည် ဆိုပါတော့။ ဒေါင်းက လေးငါးဆယ်ကောင်။ မုဆိုးက တယောက်တည်း။

ပထမတော့ ချုံထဲမှာပင် စောင့်ကြည့်နေရသည်။ အတန်ကြာ၍ ဒေါင်းတို့ ရေအိုင်ငယ်သို့ ရောက်ပြီ၊ ရေကြည် သောက်ပြီဆိုတော့မှ ရုတ်တရက် အော်ဟစ်ထွက်လာ။ ချောက်ပစ်လှန့်ပစ်။ ဖျောက်ဖောက်လိုက ဖောက်။

အမှတ်မထင် ရုတ်တရက်ဆိုတော့လည်း ဒေါင်းတို့ လန့်ကုန်သည်။ ပြေးမိပြေးရာ ပြေးကြသည်။ ဒေါင်းဆိုသည် ကလည်း ငှက်ကြီးဝန်ပိုတို့၊ ငှက်ကုလားအုပ်တို့၊ လေယာဉ်ပျံတို့ ကဲ့သို့ပင် နားနေသော မြေပြင်မှ ရုတ်ခြည်း ထပြေးရတတ်သည် မဟုတ်။ ကြီးမားသော ကိုယ်ထည်နှင့် ရှည်လျားသော အမြီးတို့ကြောင့် အခိုက်အတန့်အားဖြင့်တော့ မြေပြင်မှာ ပြေးလွှားအရှိန်ယူရမြဲ။

သည်တော့ ကြောက်လန့်တကြား ပြေးမိပြေးရာ ပြေးကြပြီဆိုသောအခါ၌ မြေနေရာ ရွေး၍ မနေနိုင်။ ပြေးလမ်းအတွက် မြေမာမြေပျော့ ရွေးချယ်မနေနိုင်။ ပျံတက်နိုင်ဖို့အတွက်လည်း လေဆန်လေစုန် ရွေးချယ်မနေနိုင်။ ရန်သူ့လက်မှလွတ်ဖို့သည်သာ အဓိက။ ကောင်းကင်သို့ ပျံတက်နိုင်ဖို့သည်သာ အဓိက။

သည်မှာ မုဆိုးက ပညာသုံးရသည်။ မြေမာသည့်ဘက် မပြေးစေနှင့်။ လေဆန်ဘက် မမောင်းမိစေနှင့်။ ပြီးလှန့်ရင်း ခြောက်ရင်း နောက်က အပြေးလိုက်။ ကွန်နှင့် ပစ်၍ဖမ်း။

ဒေါင်းတို့ကတော့ ပြေးကြမည်။ စင်စစ် သည်သို့ ပြေးမိပြေးရာ ပြေးကြခြင်းသည်ကပင် ဒေါင်းတို့အဖို့ ဒုက္ခတွေ့ရခြင်း။ တနည်းဆိုသော် ကွန်ထဲသို့ တိုးဝင်ခြင်း။

မှန်သည်။ ရေအိုင် ရေဆိပ်မှ ရွှံ့ရေများ နုံးများက ပြေးသောအခါ ဒေါင်းတို့၏ ခြေထောက်တို့ကိုလည်း ဆွဲထားသည်။ ရှည်လျားသော အမြီးနှင့် ခတ်သော အတောင်ပံတို့ကိုလည်း သုတ်လိမ်းပစ်လိုက်သည်။ အမြီးတို့သည် မြေကြီးမှ ဒရွတ်တိုက် ကုန်ပြီ။ မြောက်မရနိုင်တော့။ ပျံမတက်နိုင်တော့။ မြေပြင်မှသာ ပြေးနေရတော့သည်။

သည်အခါမှာ မုဆိုးသည် အသေလိုက လက်နက်တစုံတခုနှင့်။ အရှင်လိုက ကွန်နှင့်ပိုက်နှင့်။ အလွယ်တကူ ဖမ်းယူလိုက်ရုံပင်။

ပသို့ဆိုစေ ပြဿဒါး စိတ်ကူးမယဉ်နိုင်။ သည်နယ်သည်ဘက် သူမကျွမ်း။ မကျွမ်းသဖြင့်လည်း သည်နည်းကိုမသုံးနိုင်။ မသုံးနိုင်သဖြင့်လည်း တောထဲသို့ပင် ရောက်နေပြီ။ သမရိုးကျ အစာချ၍ ညွှတ်ထောင်ဖမ်းသည့် နည်းဖြင့်ပင် ဖမ်းရလေတော့မည်။

ကြာတော့ ကြာတတ်သည်။ သို့သော် သေချာသည်။ ချထားသော စပါးခွံနှင့် စပါးစေ့ အပုံလေးများကို ဒေါင်းတို့ မုချတွေ့ကြမည်။ တွေ့လျှင် တပုံပြီးတပုံ ဆက်ပြီးလိုက်လာမည်။ တချိန်ချိန်မှာတော့ ညွှတ်ထောင်ထားရာသို့ မုချ ရောက်လာမည်။ ပြေးမလွတ်။

မှန်သည်။

မကြာမီမှာပင် ပြဿဒါး၏ မြင်ကွင်းထဲသို့ ဒေါင်းတအုပ် ဝင်ရောက်လာကြသည်။ ထိုတပုံ သည်တပုံ သူ့ထက်ငါ အလုအယက်ပြေး၍ တစေ့နှစ်စေ့မျှသာရှိသော စပါးစေ့တို့ကို ကောက်စားကာ၊ မလှမ်းမကမ်းသို့ပင် ရောက်လာကြကုန်ပြီ။ မြန်ပါဘိသနှင့်။

တစ်၊နှစ်၊သုံး၊ လေး၊ငါး။ ပြဿဒါး စိတ်ထဲက ရေတွက်သည်။ ဒေါင်းဖိုတကောင်တည်း။ အမကချည့် ခြောက်ကောင်။ စုစုပေါင်း ခုနစ်ကောင်။ အားလုံး ရွယ်တူချည့်။

ဒေါင်းတို့ကလည်း ကြမ္မာငင်ချင်တော့ ဘယ်ခေတ်ကတည်းက ငတ်လာခဲ့ကြသည် မသိ။ ခေါင်းမျှ မဖော်နိုင်ကြ။ အလုအယက်။

ပြဿဒါး ညွှတ်ထောင်ထားရာသို့ မျက်လုံးဝေ့၍ ကြည့်လိုက်သည်။ အခြေအနေကောင်းမြဲ။ အနေအထား မပျက်။ သဘာဝကျဆဲ။

သည်အခိုက် ဒေါင်းမငယ်တကောင်က အဖော်ကွဲ၍ ညွှတ်ကွင်းချိုင့်ဝှမ်းထဲသို့ ရောက်လာသည်။ လျင်လိုက်သည့် ဒေါင်းမ။ စိုးစဉ်းမျှ မစိုးရိမ် မကြောင့်ကြ။ အစာတွေ့သည်နှင့် အငမ်းမရ။

သို့သော် . . . ဘယ်နေပါလိမ့်မည်နည်း။ မကြာမီ နောက်နှစ်ကောင် ရောက်လာသည်။ ပြီး အကုန်ရောက်လာသည်။ တစုတဝေးထဲ။

ပြဿဒါး ပြုံးလိုက်သည်။

ပြုံးလိုက်သည့် တပြိုင်နက်မှာလည်း ညွှတ်ကြိုးကို ဆွဲလိုက်သည်။ မိသည်။

သို့သော် အလျင်လိုလိုက်သည့်အတွက် နှစ်ကောင်တော့ လွတ်ထွက်သည်။ ငါးကောင်သာ ရလိုက်သည်။

ပသို့ဆိုစေ၊ လှပခမ်းနားသော ဒေါင်းဖိုကြီးလည်း မိသည့်အထဲမှာ ပါသည်။ ပြဿဒါး ကျေနပ်သည်။ အင်း . . . အမှတ်တော့ ရချေဦးတော့မည်။

**Commercial use of this book will be at your OWN RISK !**

http://myanmarcupid.net

## အခန်း (၃)

မုဆိုးကောင်း ဒေါင်းချောင်း – ဟုဆိုသည်။

သို့သော် မုဆိုး အဘယ်မျှကောင်းကောင်း၊ အဘယ်မျှတော်တော်၊ အဘယ်မျှ စွမ်းစွမ်း၊ မုဆိုး ဖမ်းမမိနိုင်၍ လက်မှိုင်ချရသော ဒေါင်းလည်း ရှိပြန်သည်။

အဟုတ်။ သည်ကံပေါက် သတ္တုတွင်းသို့ရောက်ပြီး ခြောက်ရက်မြောက်သော နေ့ကတည်းက စ၍ တွေ့ခဲ့ရသော သည်ဒေါင်း။ ယခုဆိုလျှင် ခြောက်လပင် ပြည့်တော့မည်။ ထူးမခြားနား။ အခြေအနေ တိုးတက်မှု စိုးစဉ်းမျှ မရှိ။

'လောင်းရဲပဲ့ကွာ၊ သည်ဒေါင်းတော့လား၊ နင့်တသက် မမိစေရ၊ သည်ဒေါင်းက နင့်နာမည် ပျက်မယ့်ဒေါင်း'

မကြာခဏ စလေ့စထရှိသော ငစနေ၏ စကား။

ဟုတ်တော့လည်း ဟုတ်သည်။ သရော်မည်ဆိုက သရော်ထိုက်သည့် အဖြစ်။ ဘဝတူ လုပ်ဖော်ကိုင်ဖက် တယောက် အနေနှင့် ဝေဖန်မည်ဆိုလျှင်လည်း ဝေဖန်ထိုက်သည့် အခြေအနေ။

စင်စစ် သည်ဒေါင်းနှင့် ကျတော့လည်း ပြဿဒါးက လွတ်ညှံ့နေသည်။ မုဆိုးကျော်တို့၏ အရည်အချင်းတို့သည် ဘယ်ရောက် ဘယ်ပျောက်ကုန်ကြပြီ မသိ။

ပြဿဒါး၏ အသက်က နှစ်ဆယ့်လေး။ ပင်ကိုယ်ကတော့ ဖြူလိမ့်မည်ထင့်။ ယခုသော် နေလောင်ထားသောကြောင့် ကြေးနီအဆင်း။ ပုခုံးကျယ်သည်။ ရင်အုပ်ဖွင့်သည်။ အရပ်မြင့်သည်။ ကိုယ်ခန္ဓာ ထွားကျိုင်းသန်မာသည်။ ခြုံ၍ ဆိုရသော်ယောကျ်ားပီသသည်။

သို့သော် မျက်ဆံအရောင်က ကြောင်သည်။ မျက်တောင်ပါးသည်။ မျက်ပေါက်ကျဉ်းသည်။ မျက်ရစ်မပါ။ အဲ . . . မျက်ခုံးတို့ကတော့ သန်သည်။ အချင်းချင်း ဆက်လုလု ရှိသည်။ ပြီး– နှာခေါင်းတိုချင်သည်။ နှုတ်ခမ်း တွဲချင်သည်။ သည်အထဲ မျက်နှာထားကလည်း တည်သည်။ အကျည်းတန်သည် ဆိုနိုင်သည်။

သို့သော် စိတ်ရှည်သည်။ ဖွဲ့ကောင်းသည်။ သတ္တိရှိသည်။ မိုက်ရဲသည်။

ခက်သည်က စကားမပြောတတ်။ ပြောလိုက်လျှင် မာမာပြတ်ပြတ်။ ရိုင်းသည်ဟုလည်း ရှုတ်ချနိုင်သည်။ ဟန်မဆောင်တတ်ဟုလည်း ချီးမွမ်းနိုင်သည်။

တခုတော့ ရှိသည်။ ပြဿဒါးသည် မမှန်ဘူးထင်လျှင်တော့ မလုပ်။ မဟုတ်ဘူးထင်လျှင်လည်း မခံချင်တတ်။

ပြီးတော့ ကြည့်ဦး။ အလုပ်သဘောအရ သတ္တုတွင်းလက်ထောက်။ ပထမအဆင့် အလုပ်သမား။ အမဲလိုက်ကြ စတမ်း ဆိုတော့လည်း မုဆိုးကောင်း။

သို့သော် သည် ပြဿဒါး လုလုကြီး ထိနေပြီ။ သည်ဒေါင်းနှင့်ကျခါမှ နာမည်ပျက်ရပြီ။

အဟုတ်။ သည်ဒေါင်းကို ပြဿဒါးချောင်းနေခဲ့သည်မှာ ကြာပြီ။ နှစ် တဝက်ပင် ပြည့်တော့မည်။ စိတ်ရှည်၍၊ ဖွဲ့ကောင်း၍သာ တော်တော့သည်။

ခက်သည်ကလည်း မမိမည့်သာ မမိသည်။ သည်ဒေါင်းက အဝေးသို့ ပျံပြေးနိုင်သည်လည်း မဟုတ်။ ပုန်းရှောင်နေသည်လည်းမဟုတ်။ မုဆိုးကိုပင်လျှင်လည်း ကြောက်လန့်ရိပ် စိုးစဉ်းမျှ မပြ။

သည်တော့ ပြဿဒါး အသည်းယားဘိသည်။

ယားလည်းယားထိုက်သည်။ သည်ဒေါင်း၏ အလှကိုလည်း ကြည့်ဦး။

နာမည်ကိုက မိဒေါင်းမ။ လူမျိုးက မွန်။ အသက်က နှစ်ဆယ်ဝန်းကျင်။ သည် ပတ်ဝန်းကျင်မှာတော့ မိဒေါင်းမ အလှဆုံး။

အဲ . . .   နှစ်ခုတော့ ရှိသည်။ တစ်၊ ရေတပိုင်း ကုန်းတပိုင်း အလုပ် လုပ်ရတတ်သော သတ္တုတွင်းအလုပ်သမတို့ထုံးစံ အသားအရည်ကတော့ ညိုပြာသည်။ နှစ်၊ ကိုယ်နေကိုယ်ထားကလည်း သွယ်သွယ်နွဲ့နွဲ့ ပြေပြေပြစ်ပြစ်တော့ မဟုတ်။ တုတ်တုတ်ခဲခဲကလေး။

သို့သော် အသားအရည် စိုပြေသည်။ မျက်နှာ ရှင်လန်းသည်။ မျက်လုံးမျက်ဖန် ကြည်လဲ့သည်။ မျက်ရစ်မျက်ဝန်း နက်ရှုန်းသည်။။ ပြီး လေးကိုင်းနှုတ်ခမ်းအစုံက ချိုမြသည်။

သည်အလှထက် ပို၍လှသည်က မိဒေါင်းမ စကားနည်းသည်။ အသံထွက်ခဲသည်။ သီချင်းဆိုခဲသည်။

သို့သော် သူပြောပြီဆိုလျှင်လည်း ဆည်းလည်းသံသာ၊ ချစ်မြတ်နိုးစရာ။ ရယ်လိုက်ပြီ ဆိုလျှင်လည်း ရယ်သံကလေးကိုက ငှက်ကလေးတကောင်နှယ် ဖမ်းပြီး အလှမွေးထားချင်စရာ၊ ယုယချင်စရာ။

အဲ . . .   မိဒေါင်းမတို့ မိုက်ပြီဟေ့ ဆိုလျှင်တော့လည်း သူတကာ လိုက်၍ မမှီနိုင်။ ကြမ်းပြီဟေ့ ဆိုလျှင်လည်း နှစ်ယောက်မရှိနိုင်။

တခါက ခဲ ယဉ်းနေခိုက် သူငယ်ချင်းချင်း တယောက်က စသည်။

'ဟဲ့ ဒေါင်းမ၊ ဟိုမှာ သည်းလူ လာနေပြီ၊ ဒို့ရှောင်ပေးရမှာဖြင့်လဲ ပြောနော်၊ အားမနာနဲ့ . . .'

'ဘာ ငါ့လူလဲ၊ အကျင့်တန်မတွေနော်၊ ဟင်း . . .   ငါက ပြဿဒါးတွေ ရက်ရာဇာတွေ သိပ်ရွေးနေမှာ မဟုတ်ဘူး၊ ပါးဆွဲရိုက်ပစ်လိုက်မှာ'

အဟုတ်။ သည်တုန်းက ပြဿဒါး ကိုယ်တိုင်လည်း မလှမ်းမကမ်းမှာ ရှိနေသည်။ ကိုယ်တိုင် ကြားရသည်။ ပြဿဒါး ယုံလည်း ယုံကြည်သည်။ အဟုတ် လုပ်လည်း လုပ်မည့်ပုံ။

ထို့ကြောင့်လည်း ပြဿဒါး မချဉ်းကပ်ရဲ၊ မဖွင့်ဆိုဝံ့။ ပြဿဒါး၏ သတ္တိတို့ အရည်ပျော်ကုန်ပြီ။

အမှန်တော့ မိဒေါင်းမကို ပြဿဒါး အသည်းစွဲချစ်သည်။ သို့စဉ်လျက် ချစ်သည်ကို မဖွင့်ဆိုဝံ့။ အချိန်တို့သည်သာ ကုန်လာခဲ့ရသည်။

× × ×

သို့သော် တနေ့တော့ ပြဿဒါးနှင့် မိဒေါင်းမတို့ ဆုံခွင့်ကြုံရသည်။ နေရာက ဦးသိုက်စိုးအောင်၏ အိမ်။

'အေး လာဟေ့၊ သည်မှာ ဧည့်သည်တွေ ရောက်နေလို့ မင်း ခေါ် ခိုင်းရတာ၊ နည်းနည်းပါးပါး အကူအညီပေါ့ကွာ'

သူ့အိမ်ရိပ်သို့ ဝင်လိုက်မိသည်နှင့် တပြိုင်နက် ဦးသိုက်စိုးအောင်က ကြိုဆိုသည်။

'ရပါတယ်'

နှုတ်က ရပါတယ် ဆိုသော်လည်း ပြဿဒါး၏ အကြည့်တို့ကမူ ရုတ်ခြည်း အိမ်ထဲသို့ ဝဲသွားသည်။ အိမ်ထဲ ဧည့်ခန်းမှာ မိဒေါင်းမတယောက် ကြက်မွေးတချောင်းနှင့် ဖုံခါနေသည်ကို ပြဿဒါး လှမ်းမြင်လိုက်ရသည်။

သို့သော် ဆရာ့မျက်မှောက်ဆိုတော့ ရှိသေရပေမည်။ ပြဿဒါး အိန္ဒြေဆယ်လိုက်သည်။ အကြည့်ကို ပြန်ရုတ်သိမ်းလိုက်သည်။

'တခြားတော့ မဟုတ်ဘူးကွ၊ ဧည့်သည်တွေက ရန်ကုန်ကတောင် တကူးတကန့် လာရတာဆိုတော့ ဒို့မှာ ဧည့်ဝတ်ကျေဖို့ လိုတယ်မဟုတ်လား'

ဦးသိုက်စိုးအောင်၏ စကားက ဆုံးပုံမရ။ သူ့ထံမှအဖြေကို ရပ်စောင့်သည်လောမသိ။ ပြဿဒါး ရမ်းပြီးခေါင်းညိတ်လိုက်သည်။

ပြီး ဧည့်သည်များကို လှမ်းကြည့်လိုက်ဖြစ်၏။ စုစုပေါင်း သုံးယောက်။ တယောက်ကတော့ ဦးသိုက်စိုးအောင်၏ ဇနီး ဒေါ်တင်မလတ်နှင့် မောင်နှမ ဖြစ်ရမည်ဟု ပြဿဒါး တွေးမိသည်။ ရုပ်ချင်း သိပ်တူသည်။ အသက်ကတော့

ပိုကြီးပုံရသည်။ အကို ဖြစ်ရမည်။ ပြီး မျက်မှန်ပါသည်။ မျက်မှန်က ထူသည်။ လူကလည်း ဖြူသည်။ နားထင်နှစ်ဖက်မှ ဆံပင်တို့သည်လည်း ဖြူကုန်ပြီ။ ဝသည်။

'မိတ်ဆက်ပေးရဦးမယ်၊ ကျွန်တော့် တပည့်ကျော်က စာစောက ပြောထားတဲ့အတိုင်း အရေးဟဲ့ အကြောင့်ဟဲ့ဆိုရင် သိပ်အားကိုးရတာ၊ နာမည်ကလည်း ရှားတယ်နော် . . . ပြဿဒါး တဲ့'

ပြဿဒါး စိတ်မလုံတော့။

သူ့အကြောင်းနှင့် ပတ်သက်၍ စာစောက ဦးသိုက်စိုးအောင် မည်မျှ ကြွားထားသည်မသိ။ မည်မျှ ချီးမွမ်းထားသည်မသိ။ အကောင်းပြောထားသည်မှ ဟုတ်ပါလေစ။ ယခုလည်း ဦးသိုက်စိုးအောင်၏ မျက်နှာကို ကြည့်။ မချိုမချဉ်။

'မင်းလဲ မှတ်ထား၊ သည်မျက်မှန်နဲ့ဆရာက မင်း မမရဲ့အကို၊ ဦးတင်မောင်ဦး တဲ့။ သည်ဘက်က မောင်ဇော်သန့်စင်၊ သည်ဆရာက ဦးစောမြင့်၊ အဲ အဲသည် ဧည့်သည်တွေကို အစားထူး အစားဆန်းကလေးတွေနဲ့ ဧည့်ခံနိုင်ဖို့က ဒို့တာဝန် မဟုတ်လား'

ဧည့်သည်များကလည်း ပြဿဒါးကို ပြုံးကြည့်နေကြသည်။ ဦးသိုက်စိုးအောင်ကလည်း မပြုံးတပြုံး ပြုံးတုံ့။

'ရပါတယ် ဆရာ'

ပြဿဒါး ကတိပြုလိုက်သည်။ သည်စကားမှတပါး အခြားလည်း ပြောစရာ မရှိပြီ။

သို့သော် သည်မျှ စကားတိုသည်၊ စကားနည်းသည်ကိုတော့ ဦးသိုက်စိုးအောင် မကြိုက်။ ဟုတ်ကဲ့ဆရာ၊ ဆရာ တာဝန်ပေးမယ်ဆိုရင်၊ အို . . . ဆရာကသာ ခိုင်းမယ်ဆိုရင် သည်နေရာမှာ ကျွန်တော့် အစွမ်း ပြလိုက်ရမှာပေါ့ဆရာ၊ ဆရာ့ ဧည့်သည်တွေကို ဘယ်ဟင်းနဲ့ ဧည့်ခံချင်သလဲ၊ ဘယ်ဟင်းပဲ ဖြစ်ဖြစ် ရရစေမယ်ဆရာ၊ စိတ်ချ . . . စသည်ဖြင့် ရွှမ်းရွှမ်းဝေဝေ တုံ့ပြန်စေချင်သည်။ ယခုတော့ မျှော်လင့်သကဲ့သို့ မဟုတ်။ နှုတ်ကလည်း နည်းဘိခြင်း။ ပြီး အေးတိအေးစက်။ စိတ်မပါ့တပါ ပုံစံမျိုး။ သည်တော့ ဦးသိုက်စိုးအောင် ထပ်ပြောရပြန်သည်။

'သည်မှာ ပြဿဒါး၊ တခါတရံမှ ရောက်လာတဲ့ ဧည့်သည်တွေကွ။ လျှာလည်သွားအောင်လို့၊ ဒို့ကို မမေ့နိုင်အောင်လို့ တောစာတောင်စာကလေးတွေနဲ့ ဖွယ်ဖွယ်ရာရာ ကျွေးချင်တယ်ကွာ၊ ဒါဘဲ'

ပြဿဒါး စဉ်းစားကြည့်မိသည်။ ရုတ်တရက် စဉ်းစား၍မရ။ စဉ်းစား၍ ရတော့လည်း နားမလည်။ ကြံကြံဖန်ဖန်။ မေးကြည့်ဦးမှပင် ဖြစ်တော့မည်။

'ဘယ်လို စာမျိုးပါလိမ့်၊ စာ ဆိုတာကတော့ တောထဲမှာရော တောင်ပေါ်မှာရော အမျိုးမျိုးပေါ့ဆရာ၊ ပြည့်နေတာပေါ့၊ ဒါပေမဲ့ ဆရာလိုချင်တာက ဘယ်လို စာ . . .'

ပြဿဒါးစကား မဆုံးလိုက်ရ။ ကန့်လန့်နား မသပ်လိုက်ရ။ ဝါးလုံးကွဲ ရယ်မောလိုက်ကြသော ဦးသိုက်စိုးအောင်နှင့် ဧည့်သည်များ၏ အသံကြောင့် ပြဿဒါး စကားစ ဖြတ်ပစ်လိုက်ရသည်။

စင်စစ် ပြဿဒါးက ထားဝယ်ဇာတိ။ ဦးသိုက်စိုးအောင်၏ မြန်မာစကားကို နားမလည်လိုက်။ အစားအစာမှ စာနှင့် စာကလေးငှက်ကို မခွဲခြားလိုက်နိုင်။

'ကြိုက်ပြီဟေ့ ကြိုက်ပြီ'

ပြဿဒါးကတော့ ယခုတိုင်လည်း နားမလည်။ အဘယ်ကြောင့် သည်မျှအထိ ခွက်ထိုးခွက်လန် ရယ်မောနေကြသည်ကိုလည်း သူမသိ။ တခွန်းခွန်းတော့ အပြောမှားမိပြီဟု ယူဆသည်။ ပြဿဒါး စောင့်ကြည့်နေမိသည်။

'ဟ ပြဿဒါးရ၊ တောစာ တောင်စာ ဆိုတာက တောထဲတောင်ထဲက ပစ်လို့ ခတ်လို့ ရနိုင်မယ့် အစားအစာကို ဆိုလိုတာဟ၊ နားလည်ရဲ့လား။ သေတော့မှာပဲကွာ'

သည်တော့မှ ပြဿဒါး နားလည်လာရသည်။ ပြဿဒါးလည်း ပြုံးမိသည်။

'ကိုင်း ပြောစမ်းပါအုံး၊ ဖြစ်နိုင်ပါ့မလား'

သည် မေးခွန်းမျိုးကိုတော့ ပြဿဒါး မကြိုက်။ အမုန်းဆုံးဖြစ်သည်။ နားခါးသည်။ သက်သက်မဲ့ သူ့ကို အထင်သေးရာ၊ မယုံကြည်ရာ၊ စော်ကားရာ ရောက်သည်။ သည့်အတွက်တော့ ပြဿဒါး ခံပြင်းသည်။

'မဖြစ်နိုင်ဘူးဆိုတာ မရှိနိုင်ဘူး ဆရာ'

ပြတ်ပြတ်ပင် တုံ့ပြန်လိုက်သည်။ သို့သော် ရုတ်ခြည်း သတိရလာသည်။ စကားကို ဆက်ပြန်၏။

'ဒါပေမဲ့'

'ဒါပေမဲ့ ဘာဖြစ်ရပြန်တာလဲဟ၊ ဆိုစမ်းပါဦး'

ဦးသိုက်စိုးအောင်သည် ဒေါင်းငါးကောင် အရှင်ရပြီးကတည်းက ပြုံသဒါးအပေါ် အခေါ်အပြော ပြောင်းလဲလာခဲ့သည်။ တပည့်ရင်းတယောက်အဖြစ်လည်း စာရင်းသွင်းခဲ့သည်။ အိမ်သို့လည်းအခါခပ်သိမ်း ဝင်ထွက်ခွင့် ပြုခဲ့သည်။ ရင်းရင်းနှီးနှီး ဆွေးနွေးတိုင်ပင်လိုသည့်ဟန်။

'ခုလိုပါ ဆရာ၊ ကျွန်တော့မှာ ဒူးလေးတလက် သေနတ်တလက်လဲ မရှိ၊ ဆရာကလည်း ဟင်းမျိုးစုံနဲ့ ဧည့်ခံချင်တယ်၊ သေနတ်နဲ့ဆိုရင် ပိုကောင်းမယ်ပေါ့ ဆရာ'

သည်ယနေ့ထက်ထိ ပြုံသဒါးမှာ ကိုယ်ပိုင် ဒူးလေးတလက်ပင် မရှိသည်ကလည်း အမှန်။

'အေး မင်းပြောတာလဲ ဟုတ်တာပဲ။ ဒါပေမဲ့ အဲဒါတော့ ငါလဲ မတတ်နိုင်ဘူးလေကွယ်'

ဦးသိုက်စိုးအောင် ခေါင်းကုတ်သည်။

'သည်လိုတော့ရှိတယ်၊ ကိုသိုက် တာဝန်ယူနိုင်မယ်ဆိုရင်တော့ ကျွန်တော့ ပွိုင့်တူးတူးကို ပေးကိုင်လိုက်လေ။ သေနတ်သဘောကို နားလည်ရဲ့ မဟုတ်လား'

'ဟုတ်သားပဲ၊ မေ့နေလိုက်တာ။ ဦးစောမြင့်မှာ သေနတ်ပါသားနဲ့။ ရတယ်ရတယ်။ နယ်မြေကလဲ ပြဿနာမရှိပါဘူး။ သည်ကောင့်အတွက်ကလဲ စိတ်သာချ။ သည်ကောင်က ဟာမြင်းကြီး ပြည်သူ့စစ်'

'ဟိုမှာ'

ပြုံသဒါး ပျော်သွားသည်။ ဦးစောမြင့် မေးထိုး၍ ပြသည့် နေရာသို့လည်း ဝမ်းသာအားရ လှမ်း၍ ကြည့်လိုက်သည်။ သေနတ်ကိုတော့ မမြင်ရ။ သားရေအိတ်ကိုသာ တွေ့ရသည်။

သည်တော့ ပြုံသဒါး ထယူသည်။ နေရာသို့ ပြန်လာပြီး ဖွင့်ကြည့်သည်။ ပြီး တဆဆ လုပ်သည်။

'ကျည်ကတော့ ရှားတယ် မောင်ရင်ရေ့၊ နည်းနည်းပဲ ပေးနိုင်မယ်'

'ခင်ဗျ၊ သိပ်လဲ မလိုပါ၊ ရိုးရိုးဆယ်တောင့် ဟောလိုဆယ်တောင့်ဆို တော်ပါပြီ၊ ယုန်ရမယ်၊ ရှောဲရမယ်၊ ချေရမယ်၊ ကံကောင်းရင် စံရမယ်'

'အေး . . . အဲသည်လောက်တော့ ရမယ်။ ဒါပေမဲ့ သတိနဲ့တော့ ကိုင်နော်၊ တခြား ဘယ်သူမှလဲ ပေးမကိုင်နဲ့'

'ခင်ဗျ'

သည်အခိုက် ဦးသိုက်စိုးအောင်၏ ဇနီးပါ ဧည့်သည်ဝိုင်းသို့ ရောက်လာသည်။

'ကိုကိုတို့ မောင်တို့ အကုသိုလ်အလုပ်တွေ တိုင်ပင်လို့ ပြီးကြပြီလား။ လတ်တို့ကလဲ မောင်ပြုံသဒါးကို ခဏတော့ အလိုရှိတယ်နော်။ တောကောင်မရခင် အိမ်ကြက် နှစ်ကောင်လောက်တော့ သည်မနက်စာအတွက် အရင်လုပ်ခဲ့ပေးအုံးမှ'

'ကဲ . . . လိုက်လုပ်ပေးလိုက်အုံး'

ပြုံသဒါး ထလိုက်ခဲ့ရသည်။ ဆရာကတော့် နောက်ပါးမှ လျှောက်ဝင်လာခဲ့သည်။ စိတ်ထဲက ခပ်ကြောက်ကြောက်။ ရင်ထဲမှာ ခလောက်။

စောစောက လှမ်းမြင်လိုက်ရသည့် နေရာမှာတော့ မိဒေါင်းမ မရှိတော့။ ပြန်များ သွားပြီလော။ ပြန်လွှတ်လိုက်ပြီလော။ မဖြစ်နိုင်တန်ရာ။ သည်နံနက် ဟင်းအတွက်ပင်လျှင် မပြင်ဆင်ရသေး။ မနေ့ကလည်း ထားဝယ်ဈေးကားသွားသည့်နေ့မဟုတ်။ သည်တော့ မဟုတ်မှလွဲရော။ နောက်ဖေး မီးဖိုချောင်ဘက်မှာ ရှိနေလိမ့်ဦးမည် ထင်သည်။ ပြုံသဒါး ရင်ခုန်သံ မြန်လာသည်။

မှဆိုးကျော် ပြုံသဒါး။ ကျားကို ခလုတ်၊ သစ်ငုတ်ကို သင်ဖြူး၊ ဆူးကိုမွေ့ယာ။ သတ္တိအရာမှာ မည်သူနှင့် ပြိုင်ရပြိုင်ရ၊ အနိုင်မခံ။ စိုးစဉ်းမျှလည်း မကြောက်လန့်ဘူးခဲ့။ သည်နှယ်လည်း တခါမျှ ရင်မခုန်ဘူးခဲ့။

ယခုမှ ပသို့ဖြစ်ရသည် မသိ။ တွေ့လည်း တွေ့ချင်သည်။ မြင်လည်း မြင်ချင်သည်။ အနားမှာလည်း နေချင်သည်။ သို့စဉ်လျက် ထွက်၍လည်း ပြေးချင်သည်။ ရင်ဆိုင်ရမှာကိုလည်း ကြောက်သည်။ ပြုံသဒါး အလိုအလျောက် မောလာသည်။

'ကြက်ဖကလေးတွေ ရွေးလုပ်နော်၊ အမကလေးတွေက ဥတောင်ကုန်ပြီဟေ့'

'ခင်ဗျ'

သည် အပြန်အလှန် စကားသံကို ကြား၍ထင့်။ မိဒေါင်းမ မီးဖိုပြတင်းဝသို့ ထွက်ကြည့်သည်။ ပြုံသဒါးနှင့် မျက်နှာချင်း ဆိုင်မိသည်။ တယောက်နှင့်တယောက် တလံမျှပင် မကွာကြ။ ရုတ်ခြည်း မြင်လိုက်ကြရသည်။ တဒင်္ဂ ကြည့်ဖြစ်လိုက်ကြသည်။ ပြီး ပြိုင်တူ မျက်လွှာချပစ်လိုက်ကြသည်။ ပြုံသဒါး ရင်ထဲမှာ ဘာမှန်းမသိ၊ ဆောင့်ခုန် ၏။ ပြုံသဒါး လှည့်ထွက်ပြေးခဲ့သည်။

ရုတ်တရက်တော့ ဘာကိုမျှ မမြင်။ အဲ . . . ပထမဆုံး မြင်ရသည့် ကြက်တော့ သေပေရော့။ ပြဿဒါး ထင်းတိုတချောင်းကို ကောက်လိုက်သည်။ ထင်းချောင်းနှင့် ပစ်သတ်မည်။

× × ×

ကိုယ့်တာဝန်တော့မဟုတ်။ ကိုယ့်အလုပ်က အသက်မရှိတော့သော ကြက်တို့ကို မိဒေါင်းမလက်သို့ ဝကွက် အပ်နှံလိုက်ရုံပင်။

သို့သော် ကိုယ်မလုပ်လျှင် သူပင် လုပ်ရမည်။ သူ ပင်ပန်းရော့မည်။ သည်တော့ ပို့မည့်ပို့ ကူးတို့အထိ ပို့လိုက်မည်။ ရေနွေးဖျောလိုက်မည်။ အမွေးနှုတ်လိုက်မည်။ ပြီး ခုတ်ထစ်ပေးလိုက်မည်။ ဆေးကြော သန့်စင်ပေးလိုက်မည်။ အဆင်သင့် ချက်ပေရော့။ စေတနာ။

'ရေနွေး ရမလားပဲ'

မိဒေါင်းမကို မကြည့်ဘဲ မေးသည်။

မိဒေါင်းမကလည်း ခွန်းတုံ့မပြန်။ မီးဖိုပေါ်မှ ပွက်ပွက်ဆူနေသော ရေနွေးအိုးကိုယူပေးသည်။ ပြဿဒါး လက်ထဲသို့မလွှဲ။ ခြေထောက်နားမှာသာ ချ၍ ထားလိုက်သည်။

ပြဿဒါး ကြက်ကိုင်သည်။ မိဒေါင်းမက ငြုတ်ကြက်သွန် ထောင်းသည်။ အထဲနှင့် အပြင်ပေမည့်၊ ပြဿဒါးနေရာယူထားသည်က တယောက်နှင့် တယောက် လှမ်းကြည့်လျှင် မြင်နိုင်သည်။ မကြာခဏလည်း ခိုးကြည့်သည်။

သို့သော် မိဒေါင်းမကတော့ ပြဿဒါးကို နည်းနည်းမျှ ဂရုမပြု။ အနားမှာ ရှိသည်ဟုပင် မအောက်မေ့ဟန်။

အမှန်။ မိဒေါင်းမ သိချင်နေသည်က ရောက်လာသော ဧည့်သည်များ။

ခက်သည်က ဧည့်သည်တို့၏ အမည်များကိုပင် မိဒေါင်းမ သိခွင့်မရ။ သို့သော် ကိုယ်နှင့်လည်းမဆိုင်။ မေး၍လည်း မဖြစ်။

သည်အချိန်မှာ သူတို့အနားကို ဒေါ်တင်မလတ် ပြန်ရောက်လာပြန်သည်။

'မမရဲ့ အကိုဆိုတာက မပြောပဲနဲ့ကို ကျွန်တော် သိတယ်ဗျ'

မိဒေါင်းမ မမေးဝံ့ပေမည့်၊ ပြဿဒါးက စကား စလိုက်သည်။

သည်တခါတော့ မိဒေါင်းမက ပြဿဒါးကို လှမ်းကြည့်သည်။ ကျေးဇူးတင်သည့် သဘော။

'မမ အကိုက ရန်ကုန်မှာ သူဌေးလားဟင်'

မိဒေါင်းမကလည်း ဝင်၍ ရောလိုက်သည်။

'ဒါမှ မဟုတ်ရင်လဲ အရာရှိကြီး တယောက်တော့ ဖြစ်ရမယ်'

'အမယ်၊ နင် လူကဲခတ် မဆိုးဘူး။ အရာရှိဆိုတာတော့ ဟုတ်တယ်၊ ဒါပေမဲ့'

ဒေါ် တင်မလတ် ခေတ္တရပ်လိုက်သည်။

'အရင်ကတော့ ဟုတ်တယ်ဆိုပါတော့၊ ကုန်သွယ်ရေးအဖွဲ့မှာ ဥက္ကဋ္ဌပေါ့၊ အခုတော့ မဟုတ်တော့ဘူး၊ မနှစ်ကပဲ အလုပ်ထွက်လိုက်ရတယ်၊ အမှုဖြစ်လို့'

'ခုတော့လဲ ကုန်သည်ပေါ့ဟယ်၊ မဆိုးပါဘူး၊ သူ ရန်ကုန်မှာရှိပြီး ဟန်ကျနေလို့သာပေါ့၊ မဟုတ်ရင် မလွယ်ဘူး၊ မဟုတ်ရင် မမလဲ ဘယ် ခုလို မင်းတို့ဆရာနဲ့ အတူလိုက်နေနိုင်မလဲ၊ ရန်ကုန်မှာက မေမေလဲ ရှိတယ်၊ ကလေး နှစ်ယောက်လဲ ထားခဲ့ရတယ်၊ သူတို့က အကုန် တာဝန်ယူ ထားတာကွယ့်၊ သူတို့မှာကလဲ သားသမီး မထွန်းကားဘူးလေ'

'ကိုကို့မိန်းမ အေးကို မင်းတို့ မတွေ့ဘူးကြလို့၊ မတရားလှတာ၊ နာမယ်က မြတ်မြတ်အေး တဲ့၊ သဘောကလဲ သိပ်ကောင်းတာ၊ အေးလိုက်တာလဲ မပြောနဲ့တော့'

ဒေါ်တင်မလတ်က တခွန်းမေးကြည့်ရုံမျှနှင့် သူ့အကို၏ အခြေအနေ၊ အလုပ်အကိုင်နှင့်တကွ သူ့ယောက်မ အကြောင်းကိုပါ ချီးမွမ်းခန်း ဖွင့်ပြသည်။

'ဟို ကျန်တဲ့ ဧည့်သည်နှစ်ယောက်ကတော့ရော'

သည်တခါတော့ ပြဿဒါးက ဝင်မေးသည်။ သူ့ကို အလွယ်တကူ သေနတ်ပေးကိုင်သူ ဆိုတော့လည်း၊ သည်မျှ သဘောကောင်းသူ၏ အကြောင်းကို သိထားချင်သည်။ ပြီး သည်နေရာမှာ စကားကောင်းနေဖို့ လိုသည်။ မိဒေါင်းမ အနားမှာ ကြာကြာနေရမည်။

'ဟို ညိုညိုခြန့်ခြန့်လူကြီးက ဦးစောမြင့် ဆိုတာလေ၊ ကိုကို့ မိတ်ဆွေရင်း တယောက် ဆိုပါတော့၊ သူကမှ တကယ့် သူဌေး၊ အရင်တုန်းကဆို သိပ်ကို ချမ်းသာတာ၊ ခုလဲ ဆင်ပိန် ကျွဲ၊ အနည်းဆုံး သိန်း နှစ်ဆယ် သုံးဆယ်တော့ ရှိနိုင် တယ်။ ဘယ် သူနေနေတဲ့ တိုက်အသစ်ကိုက ခုခေတ် ဆယ့်ငါးသိန်းလောက် တန်တာပဲ၊ ပြီးတော့ သူစီးတဲ့ ကားဆိုတာ ကလဲ သည်ခေတ်ကြီးမှာကို အသစ်မှ၊ နောက်ဆုံးပေါ်မှ၊ ပုံနေတာ . . .'

'အဲ နောက်တယောက် မောင်ဇော်သန့်စင်ဆိုတာကတော့ တက္ကသိုလ်က ဘူမိဗေဒဘာသာနဲ့ ဘွဲ့ရထားလို့ သတ္တု တွင်းတွေ လေ့လာရအောင်ဆိုပြီး လိုက်လာတာတဲ့'

သည်မျှဆိုလျှင်ပင် မိဒေါင်းမ ကျေနပ်ပြီ။ သိချင်နေသည်တို့ကို သိရပြီ။ ထို့ကြောင့် လုပ်စရာ ရှိသည်တို့ကို ဆက် လုပ်သည်။

'ဟော့ နောက်ဖေးက မပြီးကြသေးဘူးလားဟော့၊ လတ်ရေ . . . ပြဿဒါးကို လွှတ်ရဦးမယ်လေ၊ အချိန် သိပ်နောက် ကျနေမယ်ကွယ့်၊ ပြဿဒါးကလည်း မြန်မြန်လုပ်ဟော့'

ဦးသိုက်စိုးအောင် လှမ်းသတိပေးလိုက်တော့မှပင် ပြဿဒါးလည်း နောက်ဖေးပိုင်းမှ ပြန်ထွက်ခဲ့ရသည်။ မထွက်ချင် ထွက်ချင်နှင့်။ ပြန်အထွက်တွင်တော့ မိဒေါင်းမ၏ လှမျက်နှာကို ရဲရဲ ကြည့်လိုက်ဖြစ်ပြန်သည်။ အကြည့်ချင်း ဆုံမိကြ သည်။ ပြဿဒါး ရင်ခုန်ရပြန်သည်။

သို့သော် အဝင်မှာ ခုန်ခဲ့ရသည်နှင့် ပြန်အထွက်မှာ ခုန်ရသည့် ရင်တို့သည် ခြားနားပါဘိခြင်း။ ရင်ချင်းလည်း မခြားနား၊ ခုန်ခြင်းလည်း မခြားနား၊ မောရသည်ချင်းလည်း မခြားနားပါဘဲလျက်၊ ခြားနားသည်ကတော့ ခြားနားသည်။ စောစောက ကြောက်လန့်စွာနှင့်။ ယခု ပျော်ရွှင်စွာနှင့်။ ပီတိဆိုသည်များ ဖြစ်နေလေမည်လော မသိ။

× × ×

ဒေါ်တင်မလတ်က ဟင်းအိုးပြင်ပေးသည်။ မိဒေါင်းမက ကူညီ၏။ ယခုတော့လည်း ဟင်းအိုးက ဖိုပေါ်ရောက်နေ ပြီ။

ထမင်းအိုးလည်း ကျက်ပြီ။ ပဲနှင့် ကြာဇံဟင်းချိုအိုးလည်း ကျပြီ။ ငခြောက်နှင့် ငြုတ်သီးထောင်းကြော်လည်း ပန်းကန်ထဲအထိ ရောက်နေပြီ။ သည်ကြက်သားတအိုးပြီးလျှင် နံနက်စာ စားနိုင်ပြီ။

သည်တော့ မိဒေါင်းမလည်း မီးဖိုချောင် ရှင်းပြီ။ အမှိုက်သိမ်းပြီ။ ဆေးထားပြီး ပန်းကန်များကို ရေသုတ်ဖို့ရန်သာ အလုပ်ကျန်တော့သည်။

အလုပ်ခွဲလိုက်သည်။ ဖိုပေါ်မှ ဟင်းအိုးကို သူကြည့်နေလိုက်မည်ဟု ဒေါ်တင်မလတ်ဆိုသည်။ ထမင်းစား စားပွဲပေါ် မှ ပန်းကန်များကို သန့်သန့်စင်စင်နှင့် လှလှပပ ပြင်ထားနှင့်ရန်သာ မိဒေါင်းမတာဝန်။

ထို့ကြောင့် မိဒေါင်းမ အိမ်ထဲဝင်ခဲ့သည်။

'သည် ထားဝယ်ဘက်ကျတော့လဲ အတော့်ကို အေးချမ်းတာပဲနော်၊ ဘာသံမှကို မကြားရဘူး။ ကိုဦးတို့က သည် ထွက်မလာခင် စုံစမ်းကြည့်ကြသေးတာဗျ၊ ကြောက်လို့။ နေ့ ကိုသိုက်တို့ကလဲ စာအဆက်အသွယ်က သိပ်ပြတ်တာကိုး၊ ရေးပြန်တော့လဲ နယ်မြေအခြေအနေတွေဘာတွေ ဘာမှမှ ထည့်မရေးဘဲ . . .'

'အေးလေ၊ နားလည်ပါတယ်။ ဒါပေမဲ့ ကိုဦးတို့ကြားတယ်၊ ဒါကြောင့်လဲ သည် ကိုစောမြင့်နဲ့ သူ့တူကလေးကိုပါ စိတ်ချလက်ချ ခေါ် လာခဲ့တာပေါ့။ သူတို့ကလဲ တခါမှ မရောက်ဖူးတာရယ်၊ သတ္တုတွင်းတွေကို လေ့လာချင်တာရယ်၊ အဖော်ကောင်းတုန်း လူခံရှိတုန်း လိုက်ချင်ကြတယ်ဆိုတာနဲ့'

အိမ်ရှေ့ပရိသတ် ပြောနေကြသည့် စကားများကိုတော့ မိဒေါင်းမ ကောင်းကောင်း ကြားရသည်။ ဦးတင်မောင်ဦး၏ အသံ ဖြစ်ရမည်ဟုလည်း သူ ဆင်ခြင်မိသည်။

သို့သော် သူ့ဆရာက မည်သို့ ပြန်ပြောလိုက်သည်ကိုမူ သူ မကြားလိုက်ရ။ အရေးထဲမှာ ဒေါ် တင်မလတ်က သောက်ရေတခွက် လှမ်းတောင်းသည်။ ခပ်ပေးနေရသည်။ ပြန်ရောက်တော့ စကားဆက်က ပြတ်နေပြီ။ ဘာသာရပ် ပြောင်းနေပြီ။

'ကျောက်မဲတောင် ဆိုတာကကော . . .'

'သည်လိုတော့လဲ ပြောလို့မရဘူး။ ကျောက်မဲတောင်မှာကလဲ သတ္တုတွင်း ရှိတယ်။ ထားဝယ်နဲ့လဲ ၂၈ မိုင်ပဲ ဝေး တယ်။ ဘာပြုလို့လဲ၊ ကိုကိုဦးတို့ သွားချင်ကြလို့လား။ ကျွန်တော် စီစဉ်ပေးမယ်လေ။ သည်ကံပေါက်နဲ့ကတော့ အတော် ကလေးဝေးတယ်၊ ထားဝယ်ကတဆင့် ပြန်လှည့်သွားရမှာ'

'သွားချင်လှချည့်ရဲ့ ရယ်လို့တော့ မဟုတ်ပါဘူး။ ဒါပေမဲ့ သွားရရင် သည် မောင်ဇော်သန့်ဇင် အတွက်များ အကျိုးရှိမလားလို့'

'ရောက်ဖူးထားတာကတော့ အကျိုးမယုတ်နိုင်ပါဘူး'

'စကားဖြတ်လို့ မေးရအုံးမယ် ကိုသိုက်စိုးအောင်'

ဦးစောမြင့်၏ အသံထင့်။

'ဟုတ်ကဲ့'

'အဲသည် ကျောက်မဲတောင်မှာ ထင်ပါရဲ့၊ ခဲသင်ဘော ရှိတယ်ဆိုတာ'

'အမယ်၊ ဦးစောမြင့်ကလဲ ဘယ်ဆိုးလို့လဲ။ ခဲသင်ဘောတွေ ဘာတွေတောင် သိလို့ပါလား'

'သိပ်လဲ အထင်မကြီးပါနဲ့ ကိုသိုက်စိုးအောင်ရေ့၊ သည်အကောင် ဇော်သန့်စင်က လှေလာရေးခရီး ထွက်ချင်တယ်ဆိုတော့ ကျွန်တော့်မလဲ လိုက်မစောင့်ရှောက်လို့မဖြစ်။ တူဆိုပေမယ့်လဲ ရန်ကုန်မှာ ကျောင်းလာတက်တော့ အိမ်မှာပဲ နေတာကိုး။ သူ့အဖေကလဲ ဆုံးသွားတော့ နှမရဲ့သားလဲ ကျွန်တော့်သားပေါ့လေ။ သူ့အတွက်၊ သူ့အတွက်။ သူနဲ့အတူ မေးရင်းမြန်းရင်းနဲ့ အဲသည် ခဲသင်ဘောဆိုတဲ့အကြောင်း ကြားသွားဘူးခဲ့ရတာ။ ပြောတဲ့ပုဂ္ဂိုလ်ကတောင်မှ မှာလိုက်သေးတယ်။ သေသေချာချာ လှေလာခဲ့၊ ကြည့်ခဲ့တဲ့ဗျ'

'မှန်သည်။ သည်ခဲသင်ဘော ဆိုသည်ကလည်း လှေလာဘို့ကောင်းသည်။ မြေကြီးကို ရေလုပ်၍ ခုတ်မောင်းသည့် သင်ဘော။ ထို့ကြောင့် သင်ဘောစင်စစ်လည်း မမည်။ သို့သော် မော်တော်ကားလည်း မဟုတ်။

ပထမဆုံး လိုအပ်သည်က သည် ခဲသင်ဘောတစင်းစာ ရေကန်ငယ်ကလေး တခုတော့ရှိရမည်။ သည်ရေကန်ငယ်ကလေးထဲမှာ ရှေ့နောက်ဝဲယာ မလှည့်သာ။

သို့သော် သင်ဘောစခုတ်ပြီ။ ရွေ့လျားပြီ။

သင်ဘောဆိုတော့လည်း သင်ဘောပီသစွာ ကျင့်သည်။ ရေမရှိသော အရပ်မှာ ရွေ့လျားသော သင်ဘောမည်သည် မရှိ။ သည်ခဲသင်ဘောလည်း ရေမရှိလျှင် မရွေ့လျား။

သို့သော် သည်သင်ဘော၏ ထူးခြားသော အရည်အချင်းတရပ်က ရေမရှိသော အရပ်မှာ ရေရှိလာစေသည်။ မိမိ၏ ရှေ့ ဦးတည်ရာ။ မိမိသွားလိုရာအရပ်မှ မြေပြင်ကို ရေပြင်ဖြစ်စေသည်။

သင်ဘောသည် စက်ကုန် ဖွင့်လိုက်ပြီ။

စက်ပေါင်းစုံ အလုပ်လုပ်ကြသည်။ သင်ဘောဦးပိုင်းမှ စက်သည် ဦးတည်ထားရာ မြေပြင်ကိုတူးသည်။ ရေနှင့် ဖျော်သည်။ ကော်သည်။ သင်ဘောပေါ် သယ်သည်။ သည် သယ်လာသော မြေစာများကိုလည်း သင်ဘောပေါ်မှ အခြားသော စက်များက ဆေးကြ၊ စစ်ကြ၊ သဲ့ကြ၊ ယဉ်းကြသည်။ သတ္တုများကို ယူထားလိုက်ကြသည်။ သတ္တုမဟုတ်သော မြေကြီးများကိုတော့ သင်ဘော၏ ပဲ့ပိုင်းသို့ပို့၍ စွန့်ပစ်လိုက်ကြသည်။

ရှေ့မှာ ရေဖြစ်၍ လာသည်။ နောက်မှာ မြေပြန်ဖြစ်၍သွားသည်။

အမှန်တော့ သည်သင်ဘောသည်သာ ရွေ့လျားနေခြင်းမဟုတ်။ သင်ဘောနှင့် တပါတည်း ရေကန်ငယ်ကလေး ကပါ လိုက်ရွေ့လျားနေခြင်း ဖြစ်သည်။

သည်သို့ဖြင့် သည်ခဲသင်ဘောသည် တနှစ်လျှင် တမိုင်ခန့် ခရီးရောက်တတ်သည်။ ရုံဖန်ရံခါ မြေ အမျိုးအစားကို အကြောင်းပြု၍ ခရီးအတိုအရှည် ကွာတတ်သည်။ အဲ . . .   သဲ့ခြင်း ယဉ်းခြင်း စသည့် သတ္တုတူးဖော်ထုတ်လုပ်ရေး စက်ကိရိယာများကို အလုပ်မလုပ်ခိုင်းလျှင်တော့ ခရီးပိုတွင်သည်။

'မဖြစ်နိုင်တဲ့ အလုပ်ကို အလုပ်ခိုင်းရင် အိမ်ရှေ့ကရေတွင်း အိမ့်နောက်ဖေး အရွှေ့ခိုင်းတယ်လို့ . . .   ကျွန်တော်တို့ ပြောလေ့ရှိကြတယ် မဟုတ်လား။ အဲဒါ ခဲသင်ဘောကို မတွေ့ဘူးသေးလို့ခင်ဗျ။ ဟိုရောက်ရင် မြင်ရမှာပေါ့လေ။ ကံကောင်းရင်လဲ သင်ဘော ခုတ်နေတာကို တွေ့ကြရမှာပေါ့။ တလောက ကြားမိတာတော့ သင်ဘောပျက်လို့ ရပ်ထားရတယ်တဲ့'

ဦးသိုက်စိုးအောင်၏ စကားအဆုံးမှာတော့ ငြိမ်နေရာမှ လှုပ်ရှားလာကြသည်။တယောက်က တနေ့နေ့ သွားကြည့်လိုသည်ဟုဆို၏။ တယောက်က ရေအိုးစင်ရှိရာ ထမင်းစားခန်းထဲသို့ ဝင်လာသည်။ တယောက်ကတော့ အပြင်အိမ်သာသို့ ထွက်သည်။

ဦးသိုက်စိုးအောင် စိတ်ရှည်လက်ရှည် ပြောပြနေသည့် ခဲသင်ဘော၏ အကြောင်းကို နားထောင်နေမိသည့် မိဒေါင်းမ ကိုယ်တိုင်လည်းယခုမှ အလုပ်ထဲ စိတ်ပြန်ရောက်တော့သည်။ ယခုမှ ပန်းကန်နှင့်ဖန်ခွက်များကို နေရာတကျ စီစဉ်ထားရသည်။ ပြီး သောက်ရေအိုးမှာ ရေဖြည့်ရန် ပြင်ဆင်သည်။

စင်စစ် မိဒေါင်းမ ကိုယ်တိုင်ကလည်း သတ္တုတွင်း အလုပ်သမားဟုသာဆိုသည်၊ သည်ခဲသင်းဘော၏ အကြောင်းကို ကြားလည်း မကြားဘူးခဲ့၊ မြင်လည်း မမြင်ဘူးခဲ့။ ဖြစ်နိုင်လျှင် သူကိုယ်တိုင်လည်း မြင်တွေ့ဖူးချင်သည်။ လိုက်၍ ကြည့်ချင်သည်။ သူ ကံပေါက်ကမ္ဘာ ကျဉ်းကျဉ်းကလေးထဲမှလည်း ရုံဖန်ရံခါတော့ အပြင်ထွက်ချင်သည်။ စိတ်ကူးယဉ် လိုက်သည်။

သည်အခိုက် ဧည့်သည်များ ပြန်လည် ဆုံမိကြပြန်ပြီထင့်။ စကားဝိုင်း ပြန်ဆက်ကြပြန်ပြီ။ ကြားလာရပြန်ပြီ။

သို့သော် သည်တခါတော့ ခရီးလမ်းပန်း အဆက်အသွယ်နှင့် ပတ်သက်သည့် အမေးအဖြေများ။ မိဒေါင်းမ စိတ်မဝင်စား။

ကံပေါက်မှ ကလိန်အောင်သို့။ ကလိန်အောင်မှ ဇင့်ပါလမ်းခွဲသို့၊ ဇင့်ပါလမ်းခွဲမှတဆင့် နတ်အိမ်ထောင်သို့။ ကုန်းလမ်းခရီး။

သို့မဟုတ် ကံပေါက်မှ မိကျောင်းအိုင်သို့။ မိကျောင်းအိုင်မှ ဟိန်းဇဲမြစ်ဝသို့။ ဟိန်းဇဲမြစ်ဝမှတဆင့် ပင်လယ်ပြင်သို့။

ပြီး ထားဝယ်မှ ကျောက်မဲတောင်သို့။ ကျောက်မဲတောင်မှ မေတ္တာရွာသို့။ မေတ္တာရွာမှ စုန်ဆင်းသော် ဆင်ဖြူတိုင်သို့။ ဆင်ဖြူတိုင်မှ တဖက်နိုင်ငံသို့။ ကုန်းတတန် ရေတတန်ခရီး။

တဖန် ကံပေါက်မှ မောင်းမကန်သို့။ မောင်းမကန်မှတဆင့် ပင်လယ်ပြင်သို့။ ရေလမ်းခရီး။

သို့မဟုတ် ထားဝယ်မြစ်ကြောင်း မြစ်ဝမှ တဆင့် ပင်လယ်ပြင်သို့။

'သည်လောက် လမ်းတွေများနေတော့လဲ ထားဝယ့်စီးပွားရေး ကောင်းရောပေါ့။ သည်အလာတုန်းက မြင်ခဲ့ရပါ့ဗျာ။ ထားဝယ်ဆိုတာ စာရေးဆရာ မြသန်းတင့် ရေးထားတဲ့အတိုင်း 'ဟွန်ဒါ' ယဉ်ကျေးမှု'

× × × × ×



**Commercial use of this book will be at your OWN RISK !**
**http://myanmarcupid.net**

## အခန်း (၄)

ခဲယဉ်းသည်။ မလွယ်။

သည် မလွယ်သော ခဲ ယဉ်းသည့်အလုပ်ကို လုပ်နေကြသူတို့ကတော့ ယေဘုယျအားဖြင့် မိန်းမများသည်။ သည် အရပ် သည်ဒေသမှာတော့ မိန်းမများကပင် ဦးဆောင် ခဲ ယဉ်းလေ့ ရှိကြသတတ်။

ဖြစ်ရမည်သာ။ သည် ကံပေါက်ဝန်းကျင်မှာက အများအားဖြင့် လိုဏ်ဥမင်စနစ်မဟုတ်။ ကျောက်တောင်ကို လွန်စက်နှင့် ထွင်းရသည်မဟုတ်။ ယမ်းအားကိုသုံး၍ ဖောက်ခွဲရသည်လည်း မဟုတ်။ ဆောက်၊ တူရွင်း စသည့် လက်နက်တို့ဖြင့် ခွန်အားကိုသုံး၍ ဖဲ့ရ၊ ဖြိုရသည်လည်း မဟုတ်။ သာမန် ပေါက်ချွန်း ပေါက်ပြားမျှဖြင့်ပင် သတ္တုမြေစာကို ရသည်သာ။

ပြီး ခဲယဉ်းရသည့် နေရာနှင့် မြေစာရနိုင်သည့် လုပ်ကွက်ကလည်း တောထဲတောင်ထဲ မဟုတ်။ မြစ်ဖျား ချောင်းဖျား မဟုတ်။ ဝေးဝေးလံလံ မဟုတ်။ စွန့်စားသွားရောက်ရသည့် နေရာမျိုး မဟုတ်။

သည်တော့ သည်နေရာမှာ မိန်းမတို့ကလည်း တတပ်တအား အိမ်မှာ အလကားနေလျှင်လည်း အလကား။ မိသားစု လူကုန်လက်ကုန်လည်း အလုပ်လုပ်နိုင်သည်။ ကျင်လည်းကျင်လည် နေကြပြီ။

လုပ်အား အလဟဿ မဖြစ်။

ပြီး သတ္တုရှိသော သတ္တုတွင်းဒေသဟု သတ်မှတ်ထားအပ်သော နေရာ လုပ်ကွက်များကလည်း မိမိတို့ နေထိုင်ရာ ပတ်ဝန်းကျင်။

သည်မြေကို တူးကြဆွကြသည်။ ပက်လက်မြေကို တွင်း။ ထောင်လိုက်မြေကို ကလိုဏ်။ တချို့က တွင်းဟောင်း ဥမင်ဟောင်း။ တချို့က တွင်းသစ် ဥမင်သစ်။

ပြီး သည် သတ္တုမြေစာတို့ကို တောင်ကျစမ်းရှိရာသို့ တနိုင်တမ သယ်ကြ ရွက်ကြသည်။

ပြီး တသွင်သွင် စီးဆင်းနေသော ရေရှင် ရေလျဉ်မှာ ယဲ့ကြသဲ့ကြသည်။

သည်တွင် သတ္တုထက်ပေ့ါသော မြေတို့ နုန်းတို့က ရေလျဉ်အားမှာ အရည်ပျော်၍ မျောပါကုန်ကြသည်။ လေးလံသော၊ ရေမှာ အရည်မပျော်တတ်သော သတ္တုပစ္စည်းတို့ကတော့ အနယ်ထိုင်၍ ကျန်ရစ်သည်။ ရေအလျဉ်အားမှာ မျောမပါ။ မပါစိမ့်သောငှာလည်း အချိန်အဆတော့ လိုသည်။ ကျွမ်းကျင်ဘို့ လိုသည်။ ကျွမ်းကျင်မှု ဆိုသည်ကလည်း ယဉ်းခွက်ကို ကိုင်သည့် လက်ထဲမှာပင်ရှိသည်။ အတွေ့အကြုံနှင့် လုပ်သက်က စကားပြောသည်။

အတွေ့အကြုံ နုလျှင်တော့ သတ္တုမှုန် သတ္တုခဲတို့သည်လည်း မြေနှင့်ရော၍ ရေအလျဉ်အားမှာ မျောပါသွားနိုင်သည်။ အထက်တဝက် အောက်တဝက်၊ ဖိတ်ဖိတ်စင်စင်လည်း ရှိမည်။ နှမြောစရာ။ ပင်ပန်းရသမျှ အကျိုးခံစားရလိမ့်မည်လည်းမဟုတ်။



မြန်မာ့ဂျူးနတ်မောင်

အဟုတ်။ သစ်သားအင်ခွက်တွင် သတ္တုမြေစာကို အသင့်အတင့် ထည့်၍ ရေရှင် ရေလျဉ်မှာ ယဉ်းရသည်။ တနည်းဆိုသော် ခမောက်သဏ္ဍာန် ထွင်းထားသော သစ်သားအင်ခွက်ကို ရေပေါ်မှာ မပေါ့တပေါ်ဖော်၍၊ ဆန်ကောဝိုင်းပြားကဲ့သို့ ဝိုင်းလှည့်လှုပ်ခါက၊ အပေါ် ယံတက်လာသော သဲနုန်းမြေတို့ကို ရေရှင် ရေလျဉ်မှာ မျောပါစေရသည်။

သည်နည်းဖြင့် ယဉ်းဖန်များလတ်သော် သတ္တုမှုန် သတ္တုခဲတို့ချည့်သာ ကျန်ရစ်လေ့ရှိသည်။ အခြား မည်သည့် အမှိုက်မျှ ရောမကျန်ရစ်ခဲ့တတ်။

ဤသည်ကို ခဲ ယဉ်းသည်ဟု ခေါ် သည်။

သို့သော် ပြည်သူပိုင် သတ္တုတူးဖော်ရေး လုပ်ငန်းများတော့ သည်လိုမဟုတ်။ ခြားနားသည်။ ခမ်းနားသည်။

မြေကို ရေရှိရာသို့မပို့။ ရေကိုသာ မြေရှိရာသို့ ပို့သည်။

မြင့်မားသော တောင်ပေါ် ရေကန်မှ ရေကို ပိုက်ဖြင့် သွယ်ယူသည်။ ပြီး မီးသတ်ပိုက်များဖြင့် တောင်နံရံများကို ပက်ဖြိုသည်။ ပြန်ကျလာသော သတ္တုမြေ ရွှံ့ရေများကို ချိုင့်ဝှမ်းကြီး တကန်နှင့် ခံထားသည်။ သည် ရွှံ့ရေများကိုမှ သဲစုတ်စက်နှင့် စုပ်ယူပြီး၊ သစ်သားယဉ်း ဇလားရှည်ကြီးများပေါ်သို့ မှုတ်တင်သည်။

ယဉ်းဇလားဆိုသည်က အကြမ်းအားဖြင့် ပန်းခြံများထဲမှာ ကလေးငယ်များ ဆော့ရန် ပြုလုပ်ထားသည့် 'လျှော' ကဲ့သို့တော့ မမတ်။ ပြီး 'လျှော' ထက်လည်း အများကြီး ပိုရှည်သည်။ ယဉ်းဇလား လမ်းတလျှောက်မှာလည်း လှေကားထစ်များကဲ့သို့ အရံအတားများ လုပ်ထားသည်။ သည် အရံအတား လှေကားထစ်များက သတ္တုမှုန်၊ သတ္တုခဲတို့ကို စစ်၍ ယူလိုက်သည်။

ရေ ရပ်သည်။ သတ္တုမှုန် သတ္တုခဲတို့ကို ခြစ်၍ ယူလိုက်သည်။ သတ္တုပစ္စည်း ရောနေသည့် ကြီးသော ကျောက်ခဲနှင့် မြေဆိုင်ခဲတို့ကို ယဉ်းဇလား၏ အထက်ပိုင်းမှ သံဇကာလှေကားထစ်က ပထမဆုံး စစ်ယူထားလိုက်သည်။ သည် မြေဆိုင်ခဲနှင့် ကျောက်ခဲတို့ကိုတော့ ပြန်၍ ထုခွဲသည်။ ပြန်ဖျော်သည်။ ပြန်ယဉ်းသည်။

သည်မှာလည်း ထပ်ဖန်တလဲလဲ ယဉ်းလိုက်သေည်၊ သတ္တုမှုန် သတ္တုခဲတို့ချည့် ကျန်ရစ်သည်။ ခဲမဖြူ၊ အဖြိုက်နက်၊ သို့မဟုတ် ရောရာ။

တခုတော့ ရှိသည်။ ပြည်သူပိုင်လုပ်ငန်းမှာက လက်ကြီးတော့ အဖိတ်အစင်များသည်။ စွန့်ပစ်လိုက်သော ရွှံ့ရေများ ထဲမှာလည်း သတ္တုမှုန် သတ္တုခဲတို့ အတန်အသင့် ရောပါသွားတတ်သည်။ ယဉ်းခွက်နှင့် လူကိုယ်တိုင် ယဉ်းသကဲ့သို့ တော့ ရာခိုင်နှုန်းများများ မရရှိလိုက်နိုင်။

သို့သော် ပုဂ္ဂလိက ပိဿာစား အလုပ်သမားတို့ အနေနှင့်ကတော့ ကိုယ်ပိုင်ယဉ်းဇလားလည်း မလုပ်နိုင်။ မြေစာရှိရာသို့ ရေပို့နိုင်ရေးအတွက်လည်း ကိုယ်ပိုင်ပိုက် မသွယ်နိုင်။ သည်တော့ မိုးပေါ်ကကျလာသည့် သဘာဝစမ်းငယ် ချောင်းငယ်များမှာပင် သစ်သား အင်ခွက်နှင့် ယဉ်းကြလေ့ရှိသည်။

စင်စစ် ခဲမဖြူ၊ အဖြိုက်နက် စသည့် သတ္တုပစ္စည်း ဆိုသည်တို့ကလည်း သည်ကံပေါက် နယ်မြေတွင် သဲမှုန်ခန့်မျှသာ။ အင်မတန်ကြီးပါမှ ဆန်ကျိုး ဆန်ပွဲခန့်အရွယ်။ ပြီးတော့ ခွဲခွဲခြားခြား သီးသန့် စုထွေးနေတတ်သည်လည်း မဟုတ်။ မြေကြီးနှင့် ရောနေမြဲ။

သို့သော် ကျောက်မီးသွေးကြောကဲ့သို့သော ထုနှင့်ထည်နှင့် တည်နေတတ်သည့် သတ္တုကြောမျိုးလည်း မှရှိဘူး ဟူ၍တော့ မပြောနိုင်။ ရှိနိုင်သည်။ ရှိတတ်သည်။ ရှိဘူးသည်ကိုလည်း တွေ့ကြရဖူးသည်။ သို့သော် လိုဏ်ဥမင် မဟုတ်သည့် သာမန် အပေါ် ယံ မြေလွှာပိုင်းမှာတော့ အင်မတန် တွေ့ရခဲဘိခြင်း။

အဟုတ်။ ပေ အနည်းငယ်မျှ ရှည်လျားသည့် သတ္တုကြောကလေး တကြောခန့်မျှကို တွေ့ရဘို့သည်ပင်လျှင် စင်စစ် ပိဿာစား အလုပ်သမားတို့ အနေနှင့်ကတော့ သတ္တုအကြောလိုက် တွေ့နိုင်ဖို့ ဆိုသည်မှာ အိပ်မက်မျှပင် မက်၍ မရ။ သတ္တုရာခိုင်နှုန်း ခပ်များများပါသော သဲ နုန်း ဖြုန်း မြေကြောကို ကံအားလျော်စွာ တွေ့ရသည်ဆိုလျှင်ပင် အိပ်ကောင်း ခြင်း မအိပ်ရ။ တယောက်တလှည့် ကင်းစောင့်လား စောင့်ရရဲ့။

ခက်သည်က သည်နယ်ခံ အလုပ်သမားတို့မှာက မြေကြီးနှင့် ပတ်သက်၍ မည်သည့် အခြေခံပညာမျှလည်း မတတ်။ ဘူမိဗေဒဆိုသည့် ဝေါဟာရ၏ အဓိပ္ပါယ်ကိုပင်လျှင်လည်း မသိ။ ပြီး တိုင်းထွာစမ်းသပ်ကြည့်စရာ မည်သည့် ပစ္စည်းကိရိယာမျှလည်း မရှိ။ ခွန်အားကိုသာ ရင်းရသည်။ အလေ့အကျင့်ကိုသာ ကိုးရသည်။

အမှန်တော့လည်း ပိဿာစား အလုပ်သမား အများစုသည် သက်ဆိုင်ရာက လက်လျော့စွန့်ပစ်၍ထားသည့် တွင်းဟောင်း ဥမင်ဟောင်းများမှာသာ တူးကြယက်ကြလေ့ရှိသည်။ စွန့်စားရင်းနှီးရသော၊ မသေချာသော တွင်းသစ် ဥမင်သစ် တူးဖော်ထုတ်လုပ်ခြင်းအလုပ်ကို သိပ်စိတ်မဝင်စားရ။ ကံကို ယုံပြီးတော့လည်း တောင်ကြီးကို မဖြိုဝံ့။

သည်တော့လည်း သတ္တုကြောသစ် တကြောနှင့် ပက်ပင်းတိုးမိဘို့ ဆိုသည်က ပသို့မျှ မဖြစ်နိုင်။ ကောက်သင်းကောက်သူတို့မှာ လယ်ရိတ်ပြီး စပါးနယ်စရာ အကြောင်းမရှိ။

ကြည့်ဦးလေ။ ပညာအခြေခံလည်း ကောင်း၊ ခေတ်မီစက်မှု ပစ္စည်းကိရိယာများကို ကိုင်ဆောင်အသုံးပြုခွင့်လည်း ရရှိနေကြသော သက်ဆိုင်ရာ ဝန်ထမ်းများ ကိုယ်တိုင်ပင်လျှင် သတ္တုကြောသစ်တကြောကို ရှာဖွေတွေ့ရှိရဘို့ ဆိုသည်မှာ မလွယ်။

အဲ – တခုတော့ရှိသည်။ လိုဏ်ဥမင်စနစ်ဖြင့် တူးဖော်ထုတ်လုပ်နေသည့် ဟာမြင်းကြီး သတ္တုတွင်းမှာကတော့ သည်နယ်ရှည်လျားထူပြောသော သတ္တုကြောမျိုးစုံကို ရုံဖန်ရံခါ တွေ့ရလေ့ရှိသည်။

အဟုတ်။ ဟာမြင်းကြီး သတ္တုတွင်းဆိုသည်က အထပ်ထပ်တည်နေသော သက်ရင့်တောင်တို့ကို အဆင့်ဆင့်ထွင်းဖောက်ထားသည့် လိုဏ်ဥမင်များ။

အမြင့်ဆုံးမှာက အဆင့် ၃ ဥမင်။

သည့်အောက်မှာက အဆင့် ၂ ဥမင်။

သည့်အောက်မှာက အဆင့် ၁ ဥမင်။

အဲ . . . အောက်ဆုံးကတော့ သည်ခေတ်မှာမှ စတင် တူးဖော်ထုတ်လုပ်သည့် သုညအဆင့် ဥမင်။

သည် သုညအဆင့် ဥမင်ကိုပင် ဝင်ကြည့်။ ဥမင်ဝမှ အတွင်းသို့ ကိုက်ခြောက်ရာကျော်အထိ တဖြောင့်ထဲ။ တပြေးညီထဲ။ သည်က လွန်မှ လက်ဝဲ လက်ျာ နှစ်လမ်း ခွဲသွားသည်။

သည် ဥမင်လမ်းနှစ်သွယ်တို့သည်လည်း အတွင်းသို့ နက်သည်ထက် နက်ဝင်သွားကြသောအခါ၌ ဖြောင့်ဖြောင့်တန်းတန်းမဟုတ်တော့။ ကွေ့ရမည့် နေရာ၌ ကောက်ကြသည်။ တက်အပ်သည့် နေရာ၌ တက်ကြသည်။ သက်အပ်သည့် နေရာ၌ သက်ကြသည်။ ပြီး လမ်းသွယ် လမ်းမြောင်များလည်း ခွဲဖြာထွက်ပြန်သည်။ သတ္တုကြော ရှိရာသည်ဟု ဘူမိဗေဒပညာဖြင့် ခန့်မှန်းယူဆရသော အရပ်များသို့ ဦးတည်ကြရသည်။

သို့နှင့် ဥမင်လမ်းတို့သည် များပြား ရှုပ်ထွေးလာကြသည်။ အချို့သောလမ်းတို့သည် ရပ်ရွာအဆောက်အဦများ၏ အောက် ပေငါးဆယ် တရာအနက်မှ ဖြတ်၍သွားကြသည်။ ရွာလယ် ဘုန်းကြီးကျောင်းကြီး၏ အောက်တည့်တည့်မှာလည်း ဥမင်လမ်းတလမ်း၊ အလုပ်သမားတန်းလျား၏ အောက်တည့်တည့်မှာလည်း ဥမင်လမ်းတလမ်း ရှိသည်ဟု ဆိုသည်။

စင်စစ် ဥမင်လမ်းတို့ မည်သည့်၌ ရထား သံလမ်းများ ခင်းထားသည်။ ပြီး သတ္တုမြေ သတ္တုကျောက်တို့ကိုလည်း ပက်လက်ရထားတွဲငယ်များဖြင့်သာ အပြင်သို့ သယ်ထုတ်ကြရမြဲ။ စက်ခေါင်းငယ်နှင့် ဆွဲရမြဲ။

သည်တော့ မြေအောက်မှာ ကုန်ပြည့်ရထား ခုတ်မောင်းပြီဆိုလျှင်၊ အထူးသဖြင့် မိုင်းခွဲပြီဆိုလျှင် မြေမျက်နှာပြင်ပေါ်မှ သဲ့သဲ့မျှ ကြားနေရတတ်သည်။ မြေမျက်နှာပြင်သည် ရုံဖန်ရံခါ သိသိသာသာ တုန်ခါသည်လည်း ရှိသည်။ ရုံဖန်ရံခါ တုန်ခါသည်ဆိုရုံမျှ တုန်ခါသည်လည်း ရှိသည်။ ဥမင်လမ်းနှင့် မြေမျက်နှာပြင်၏ အကြားမှ အကွာအဝေး၊ အထူအပါးပေါ်မှာသာ မူတည်၍ ခြားနားသည်။

သည် ကံပေါက်မှာကတော့ တမျိုး။ ထိုကဲ့သို့သော လိုဏ်ဥမင်မျိုးမရှိ။ ရှိသည်ဟု ဆိုနိုင်သော ဥမင်လိုဏ်တိုကလေးများကလည်း မိုးရာသီမှာ ရပ်နားထားရသည်။ ရေ ဝင်သည်။ ပြိုနိုင်သည်။ အန္တရာယ်ရှိသည်။ သည်တော့ အများအားဖြင့်က ကြောဟူ၍ အကြောလိုက် ထင်ထင်လျားလျား မတွေ့တတ်။ သဲ၊ ဆန်ကွဲကဲ့သို့သော သတ္တုမှုန် သတ္တုခဲများကိုသာ တွေ့ရလေ့ရှိသည်။ သည်တော့ ခဲခဲယဉ်းယဉ်း ခဲ ယဉ်းကြရသည်။

ခဲ ယဉ်းပြီ ဆိုတော့လည်း ပိသာစား အလုပ်သမားတို့အဖို့က ပို၍ ခဲ ယဉ်း ကြရသည်။

ပထမ သတ္တု ပါရှိတန်ရာသည်ဟု ယူဆရသော မြေစာများကို တူးဆွရသည်။ ထုရ ခွဲရသည်။ ပြီး သည် မြေစာများကို ရေရှင် ရေလျှဉ်ရှိရာသို့ သယ်ရ ရွက်ရသည်။

သယ်ရ ရွက်ရသည့် ခရီးကလည်း ရှိသေးသည်။ ရုံဖန်ရံခါ တခေါ် နှစ်ခေါ် ခန့် ဝေးသည်လည်း ရှိတတ်သည်။ ရုံဖန်ရံခါ တောင်တက် တောင်ဆင်းလည်း ရှိတတ်သည်။

ပြီး မြေကြီးဆိုသည်က ပင်ကိုယ် သဘာဝအားဖြင့်ကိုက သိပ်သည်းလေးလံသည်။ သည် သတ္တုပစ္စည်း ရောနှော ပါရှိသော မြေကြီးဆိုလျှင်တော့ ပြောစရာမလိုတော့။ ပို လေးသည်။

သည်တော့ သယ်ရ ရွက်ရသူလည်း မသက်သာ။ စိတ်ရှိသမျှ များများလည်း မသယ်ရွက်နိုင်။ တနိုင်တမ မျှသာ။ အခေါက်ခေါက် အခါခါ။

မလွယ်။

သို့သော် သည်ဘက်နယ် ကံပေါက် ပတ်ဝန်းကျင်မှာက မိန်းမငယ်များအဖို့ အန္တရာယ်နည်းသော အလုပ်အကိုင်ကလည်း အင်မတန် ရှားဘိခြင်း။ မှောင်ခိုလျှင် ခို။ မခိုလျှင် သည် သတ္တုအလုပ်ကိုလုပ်။ ခက်သည်က သတ္တုနယ်မြေဆိုတော့လည်း စိုက်ခင်း ပျိုးခင်းအတွက် နေရာမရနိုင်။ သည်တော့ တောင်ယာလုပ်ငန်းလည်း မရှိတတ်။ ရှိသည့်တိုင်လည်း အင်မတန် နည်းသည်။ ပြီး သည်ခေတ်မှာ ရာဘာလုပ်ငန်းများကလည်း မစည်ပင်တော့။ သည်တော့ မလွယ်သည်မှန်ပေမည့်၊ သည်အလုပ်မှတပါးလည်း အခြားမရှိပြီ။

ကြည့်။

ယခုလည်း တောင်ခုလတ်မှ စမ်း တနေရာမှာ မိဒေါင်းမ ရောက်နေသည်။ မိဒေါင်းမတို့ မိသားစု။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**
**http://myanmarcupid.net**

**အခန်း (၅)**

မိသားစု ဆိုသော်လည်း မိဒေါင်းမတို့မှာက ယောကျ်ား မားမားမတ်မတ် တယောက်မျှ မပါ။ မိဒေါင်းမတို့မှာက အဖေ မရှိတော့။ မိဒေါင်းမ မတ်တတ် စမ်းရပ်စ အရွယ်ကတည်းကပင် ဆုံးပါးခဲ့ပြီဟု ဆိုသည်။

ရောဂါနှင့် သေရသည်လော၊ လက်နက်နှင့် သေရသည်လောလည်း မပြောတတ်။ အမေသာ အသိဆုံး ဖြစ်မည်။

ပသို့ဆိုစေ၊ နိုင်ဘကျား မရှိတော့သောခါ မိစိန်ခ တပင် ထူရသည်။

မျက်နှာများသည်တော့ မဟုတ်။ သွားလေသူ အပေါ်မှာ သစ္စာရှိစွာ မင့်ညှာလို၍လည်း မဟုတ်။ ရှုံ့ချကဲ့ရဲ့မည်ဟု လည်း အကြံမစောလိုက်လေနှင့်။ သုံးမတ်သာ ကျန်ရစ်ခဲ့သော သားအမိနှစ်ယောက်ကို တရက်တန်သည်၊ နှစ်ရက်တန် သည်ပင် မည်သူ အိမ်ပေါ်တင်၍ ကျွေးမည်နည်း။

သည်တော့ ရက်မလည်မီပင် အရပ်က ဝိုင်းဝန်း နားနေသည်လည်းပါ။ မိစိန်ခ ကိုယ်တိုင်က ကြက်ဟင်းခါးပင်နှယ် အမှီအတွယ် မရှိဘဲ ရှေ့ရှောက် မရှင်သန်ရဲသည်လည်းဖြစ်။ အဲသည် အခါတုန်းက တိုင်းပြည်ကလည်း မငြိမ်သက်။ သည်အထဲ အသုဘအိမ် ဖဲဝိုင်း ညဥ့်နက်သည်ကို အကြောင်းပြုပြီး ဘာဘာညာညာ သွားပုပ်လေလွင့် ပြောသူကလည်း ပြောလာသည် ဆိုတော့၊ အားကိုးအားထားကလေးတော့ ရှိမှပင်ဖြစ်လိမ့်မည်ဟု မိစိန်ခ ဆုံးဖြတ်ဖြစ်ခဲ့သည်။

ခက်သည်က မုဆိုးမ ဘဝ။ ယုတ်စွအဆုံး ကျီးကလည်း အတင့်ရဲ။ ကြွက်ကလည်း မလေးမခန့်။ သည်တော့ မိစိန်ခ တပင် တလင် မထူ မယူ၍မဖြစ်။

မိစိန်ခ ကံကောင်းသည်က ယူမည့်လင် အဆင်သင့်ရှိသည်။

တော်ပြီ။ ချစ်ပါသည်၊ ကြိုက်ပါသည် ဆိုသည့် မေတ္တာစကားတို့ကိုလည်း မိစိန်ခ နာကြားနေစရာ မလိုတော့။ ကြင်နာပါမည်၊ ယုယပါမည်၊ ရာသက်ပန် ရိုးမြေကျ ပေါင်းပါမည် ဆိုသည့် သစ္စာစကားတို့ကိုလည်း မိစိန်ခ စဉ်းစား စရာ မလိုတော့။ စိတ်ကောင်းရှိလျှင် တော်ပြီ။ ပေါင်းလျှင်ပင် တော်ပြီ။ သူ့တာဝန် သူသိလိမ့်မည်။

သည်လူက စင်စစ် လူစိမ်း။ သည်ကံပေါက်မှလည်း မဟုတ်။ သတ္တုတွင်း အလုပ်သမားဟောင်းလည်း မဟုတ်။ တံငါ လုပ်ခဲ့သည့် ဟိန်းဇဲဘက်က ကိုထွန်းရ ဟုဆိုသည်။

ဘယ်က ဖြစ်ဖြစ်။ ဘယ်သူဖြစ်ဖြစ်။ ဘာလုပ်လုပ်။ ကိစ္စမရှိ။

လင်ရှိပြီ။ အားကိုးအားထား ရပြီ။ ကိုယ့်တဝမ်းတခါးအတွက်ထက် ကလေးငယ့် အတွက် စိတ်အေးရတော့ပြီ။

သို့သော် မိစိန်ခ လင်ကံက မကောင်း။ သည် လင်သည်လည်း ဆယ်နှစ်ခန့် ပေါင်းအပြီးတွင် ပျောက်ခြင်းမလှ ပျောက်ဆုံးသွားပြန်သည်။ သေသည်လော၊ ရှင်သည်လော လည်း မသိရ။ များလာသည့် ပါးစပ်ပေါက်တို့ အတွက် ပင်လယ်ဘက်သို့ စွန့်စား၍ အထွက်၊ တဖက်ကမ်း ရောက်လေသည်လော၊ မရောက်လေသည်လောလည်း မပြောတတ်။ သတင်း အစအနပင်လျှင်လည်း မကြားရ။

အဲ . . . သားတယောက်နှင့် သမီးသုံးယောက်တော့ အမွေထားရစ်ခဲ့ပြန်သည်။

သည်တခါတော့လည်း မိစိန်ခ မတတ်သာ။ အရွယ်ကလည်း ကျပြီ။ ရုပ်ကလည်း မလှပြီ။ သုံးဆက်မြောက် သူရဲကောင်း လုပ်မည့်သူလည်း မရှိပြီ။ မိစိန်ခ သားသမီး ငါးယောက်နှင့် ရုန်းရ ကန်ရသည်။

ယခုတော့လည်း အရွယ်ရောက်လာကုန်ကြပြီ။ အမေကို ကူညီနေကြပြီ။ မိသားစု အလုပ်ခွင်ဝင်ကြပြီ။ ခဲ ယဉ်းကုန်ကြပြီ။

အမေ မိစိန်ခ၊ သမီးအကြီးဆုံး မိဒေါင်းမ။ ပြီးတော့ ၁၈ နှစ်အရွယ် မိကောင်း။ မိကောင်း၏ အောက်မှာက ယောကျ်ားကလေး။ တယောက်ထဲသော သား။ နာမည်က ဒလဥာဏ်။ ပြီးတော့ မိသိမ့်နှင့် မိအိမ့်။ အမွှာညီအမ။

သည်တော့ သဘာဝအလျောက် မိဒေါင်းမက ခေါင်းဆောင်။ အမေက နာမည် ခံထားပေမည့် အိမ်ထောင်ကို လက်တွေ့ဦးဆောင်ရသူက မိဒေါင်းမ။ အစဉ်အလာအရလည်း မိဘက ပြိုင်တူ အလုပ်ထွက်လုပ် နေကြရတော့ သည်မောင် ညီမများကို မိဒေါင်းမပင် ကြည့်လာခဲ့ရသည်။ ထိန်းလာခဲ့ရသည်။ သူပင် ကျွေးမွေးသုတ်သင်ခဲ့ရသည်။

ယခုလည်း အလုပ်လုပ်ရာမှာ အမေပါ ပါလာခဲ့ပေမည့် နေရာချထားသူက မိဒေါင်းမ။ သည်တော့ လုပ်ငန်းခွင်မှာလည်း မိဒေါင်းမ ခေါင်းဆောင်။ အငယ်များကမှ မဟုတ်။ ယခုတော့ အမေကိုယ်တိုင်ကလည်း မိဒေါင်းမ စကားကို နားထောင်သည်။ မိဒေါင်းမ၏ စီမံခန့်ခွဲမှု အောက်မှာပင်နေသည်။

ဒလဥာဏ် ခဲ မယဉ်းရ။ မြေကြီးမကိုင်ရ။ ကျောင်းကိုသာ မှန်မှန်တက်။ ယောကျ်ားကလေးဆိုသည်မှာ စာတတ်ထားပါမှ။ သည်နှယ် မိဒေါင်းမ ပညတ်သည်။

အဖေကွဲမောင်နှမပေမည့် မိဒေါင်းမ အဖို့ကတော့ မောင်နှမအရင်း။ ရှားရှားပါးပါး တယောက်ထဲသာ ပါလာသည့် သည်မောင်ငယ်ကို ပညာတတ်၊ စာတတ် ဖြစ်လာစေချင်သည်။ အလုပ်ကြမ်း ပေးမလုပ်ချင်။

၁၄ နှစ် ပြည့်ခဲ့လျက် ယခုမှ ပဥ္စမတန်းသို့သာ ရောက်စဖြစ်သော်လည်း လှည်းကုန်း မူလတန်းကျောင်း အောင်သဖြင့် ကံပေါက် အလယ်တန်းကျောင်းသို့ ပြောင်းတက်ရသည်ကိုပင် မိဒေါင်းမကတော့ တက္ကသိုလ်ပို့ထားရသကဲ့သို့ မျှော်လင့်ချက်ထားသည်။

ခက်သည်က သူတို့ မိသားစုထဲမှ စတုတ္ထတန်းအထိ စာသင်ခဲ့ဖူးသူပင် တယောက်မျှမရှိ။ သူ့အမေဆိုလျှင် ကကြီးကို ရေးပြပြီး မေးကြည့်။ ဗျိုင်းတကောင် ပျံလာပုံဖြစ်သည် . . . ဟူ၍သာ ဖြေလိမ့်မည် ထင်သည်။ စာ လုံးဝ မတတ်။ ပြီးတော့ မိကောင်း။ နှစ်တန်း နှစ်ခါကျနှင့် ကျောင်းထွက်သည်။

အဲ . . . အငယ်မ နှစ်ယောက်ကျတော့ ကျောင်းပင်လျှင် မနေခဲ့ကြရ။ သူတို့ကို ကျောင်းထားချိန်အရောက်မှာ အဖေပျောက်ဆုံးသည်။ မိဒေါင်းမတယောက်သာ ပညာရှိ။ တတိယတန်းအထိ စာသင်ခဲ့ဖူးသည်။

သည်တော့ မိသားစုထဲတွင် ပညာရေးနှင့်ပတ်သက်၍ သည်မောင်တယောက်သာ မျှော်လင့်စရာ။

တနေ့ သည်မောင် ပညာတတ်ကြီးဖြစ်၍၊ သည်ကံပေါက်သတ္တုတွင်းမှာ အကြီးအကဲ ဖြစ်လာသော် မိဒေါင်းမတို့ မော်နိုင်ကြွားနိုင်မည်။

သို့သော် သည်အကောင် ဒလဥာဏ်ကလည်း ခက်သည်။ ပင်ကိုယ်ဉာဏ် ထက်ပါလျက် စာကောင်းကောင်း မကျက်ချင်တတ်။ မသိတတ်သည်လည်း မဟုတ်။ မလိမ္မာသည်လည်း မဟုတ်။ အပေါင်းအသင်းဖျက်သည်၊ အပေါင်းအသင်း မက်သည်လည်း မဟုတ်။

သိတတ်သည့်ဘက်၊ လိမ္မာသည့်ဘက်မှာကလည်း နှစ်ယောက်မရှိ။ ခက်သည်က သူကလည်း အမေနှင့် အမများ ချည့် ပင်ပန်းနေရသည်ကို မကြည့်ရက်။ သူပါ ဝိုင်း၍ ကူချင်သည်။ သူပါ ဝင်၍ လုပ်ချင်သည်။ ပြီး အလုပ်ဖက်မှာ သူပျော်သည်။ အလုပ်အတွက်ဆိုလျှင် ပိုလုံ့လရှိသည်။ အရွယ်နှင့်မမျှ အရပ်ကလည်း ထွက်သည်။ အားကလည်း သန်သည်။

ထို့ကြောင့်လည်း တခါတခါတော့ မိဒေါင်း ဘီလူးကြိမ်း ကြိမ်းရသည်။ မုန်းခါမှ မုန်းရော။ သူ့ပညာရေးအတွက် မာန်ရမဲရမည်။ နောင်တနေ့ ကြီးပြင်းလာသောအခါ၌ စေတနာကို သိလိမ့်မည်။ ယခုတော့ ရိုက်မောင်း ပုတ်မောင်း လုပ်တန်လည်း လုပ်ရသည်။

သည်မနက်လည်း အော်ငေါက်၍ ကျောင်းလွှတ်လိုက်ရသည်။ မပြောသာ၍သာ ပြန်မပြောသည်။ ကျေနပ်ပုံတော့ မရ။ မိဒေါင်းမသည် မိကောင်းကဲ့သို့ အမအရင်းမဟုတ်၍ အနိုင်ကျင့်ချင်သည်ဟုများ ထင်သွားလေသလော မပြောတတ်။ မိဒေါင်းမ၏ ရင်ထဲမှာ မချမ်းသာ။

သည်သို့သော အခါမျိုး၌ အမေကလည်း တမှောင့်။ အမေ ကိုယ်တိုင်ကလည်း သိပ်ကြိုက်ပုံမရ။ အသံထွက်လာသည်။

အမေတို့ကတော့ စာမတတ်လျှင်သာ ရှိမည်။ လာဘ်မမြင်တတ်လျှင်သာ ရှိမည်။ စကားပြောကျတော့ သိပ်တတ်သည်။ သားဘက်က ပင်းပါလျက်၊ မပင်းသယောင်လည်း ဆိုတတ်သည်။ သားကို ပိုချစ်ပါလျက်၊ မိဒေါင်းကို ပို၍ သနားသယောင်လည်း ပြောတတ်သည်။

ကြည့်လေ။ ဒလဥာဏ် သိတတ်သည့်အကြောင်း၊ လိမ္မာသည့်အကြောင်း၊ အမများချည့် ပင်ပန်းနေရသည်ကို မကြည့်ရက်သည့်အကြောင်း၊ အလုပ်မကက် စိတ်ထက်သန်ခြင်းသည်လည်း မကောင်းသော စရိုက်မဟုတ်သည့်အကြောင်း၊ ကျောင်းအားရက်များ၌ ဝင်ကူသည့် သူ့လုပ်အားသည်လည်း ဘာပဲဖြစ်ဖြစ် တစုံတရာသော အတိုင်းအတာအထိမူ အကျိုးသက်ရောက်သည့်အကြောင်း၊ အထူးသဖြင့် မိဒေါင်းမ သက်သာရာ သက်သာကြောင်းအတွက် စေတနာ ထားတတ်သည့်အကြောင်း စသည်စသည်ဖြင့် သားဘက်က လျှောက်လဲသည်။

မိဒေါင်းမလည်း မသိသည်မဟုတ်။ သိလျက်နှင့် မသိဘူးအထင်ခံရပြန်တော့လည်း၊ မိဒေါင်းမ ရင်နာရပြန်သည်။ အမေကလည်း တခက်။

တခုတော့ ရှိသည်။ ရဲရဲတော့ ပြောဝံ့သည်မဟုတ်။ မဆုံးမ မပဲ့ပြင်ရဘူး ဟူ၍လည်း ကန့်ကွက်သည်မဟုတ်။ မိဒေါင်းမ၏ ဩဇာကိုလည်း မပယ်လှန်ရဲ။ မိဒေါင်းမ၏ စေတနာ မေတ္တာကိုတော့ အမေနားလည်ပုံရသည်။

ပြောမည့်သာ ပြောသည်။ အမေကိုယ်တိုင်ကလည်း မိဒေါင်းမ စိတ်ဆင်းရဲမှာကိုတော့ စိုးရိမ်သည်။ မိဒေါင်းမ ငြိုငြင်မှာကိုလည်း ကြောက်သည်။

ကိုယ်ကအမေ၊ သူက သမီးပေမည့် . . . သည်တော့ ဘာပဲပြောပြော သည်သမီး ခေါင်းဆောင်၍ လုပ်ကိုင်ကျွေးမွေးနေသည့် ကျေးဇူးတရား တုံ့ဆပ်ခြင်းကိုတော့ အမေနားလည်သည်။

ထို့ကြောင့်လည်း သည်ကနေ့ အမေ အလုပ် ပိုလုပ်ပြနေသည်။ ရောက်ကတည်းက မနေမနား ခဲ ယဉ်းသည်။ ရေတပိုင်း ကုန်းတပိုင်း။ စက်ရုပ်နှယ် လက်လှုပ်သည်။ အစိတပိုင်း အခြောက်တပိုင်း။

စင်စစ် သည်သို့လုပ်သည်ကိုလည်း မိဒေါင်းမ မကြိုက်။ အမေ့ကို သိပ် မပင်ပန်းစေချင်။ ဖြစ်နိုင်လျှင် အမေ့ကို အိမ်မှာပဲ ထားပစ်ခဲ့ချင်သည်။ အမေ တလုည့်နားနေဖို့ ကောင်းပြီ။

သို့သော် မတတ်သာ။ အခြေအနေက မပေး။ အမေ့ကျွမ်းကျင်မှုနှင့် အမေ့ လုပ်အားကိုလည်း ရဦးမှဖြစ်မည်။ ပြီး ဘာပဲပြောပြော အမေပါတော့ တအား။ မိန်းမပျိုကလေးများချည့် လေးယောက်။ အစောင့်အရှောက်သဘော ဖြစ်စေတော့ လိုသေးသည်။

ထို့ကြောင့်လည်း အမေ့ကိုပါ ခေါ်လာခဲ့ရသည်။ သို့သော် အမေလည်း ပင်ပန်းရသည့် မြေတူး မြေသယ် အလုပ်တို့ကို မလုပ်နှင့်။ သည်စမ်းမှာပဲ နေပြီးတော့ ခဲ ယဉ်း။

စင်စစ် သည် ခဲယဉ်းရာ စမ်းနှင့် သတ္တုမြေစာယူရာ လုပ်ကွက်ကလည်း နီးသည်မဟုတ်။ နှစ်ဖာလုံခန့်မျှတော့ ဝေးလိမ့်မည် ထင်သည်။ ပြီး ခရီးလမ်းကလည်း မြေပြင်မဟုတ်။ ကြားထဲမှာ ကုန်းမော့မော့တခုက ခြားထားသည်။ အဆင်းအတက်ရှိသည်။

သည်တော့ သည်ဝန်နှင့် သည်ခရီးကို လူးလာတုံ့ခေါက် လျှောက်လိုက်ရသောအခါ၊ မိဒေါင်းမနှယ် သန်စွမ်းပျိုမျစ်သည့်အရွယ်ပင် တနံနက်ခင်းမျှနှင့် ခြေကုန်လက်ပန်း ကျလာသည်။ မောသည်။

'အမဒေါင်း၊ ရော့ . . . နင် မဆာသေးဘူးလား၊ နောက်တခေါက်ဆို သိပ် နေမြင့်သွားမယ်'

သည်တခေါက် စမ်းသို့အရောက်၊ ခေါင်းပေါ် မှ ကြိမ်တောင်းရော မြေစာပါ မှောက်အချလိုက်၌ အမေ့နားမှာ ခဲ ယဉ်းနေသည့် မိကောင်းက လှမ်းမေးသည်။

'ဆာရင်လဲ စားကြမယ်လေ၊ ဟိုနှစ်ယောက် ရောက်အလာကို စောင့်လိုက်ကြသေးတာပေါ့'

အမှန်တော့ မိဒေါင်းမလည်း ဆာပြီ။ မနက်ကလည်း ဘာမျှ မစားထားရ။ သို့သော် နေဦးမည်ဆိုလျှင်လည်း နေနိုင်သည်။ အကျင့်ရနေပြီ။

သို့သော် မိဒေါင်းမက အမ။ အကြီး။ အငယ်တို့ အပေါ်မှာ ညှာရမည်။ သူတို့ ဆာပြီဆိုလျှင်လည်း စားမည်။ ဆာ၍ သာလျှင်လည်း သည်သို့ စကားစလာခြင်း ဖြစ်ရာသည်။ သည်တော့ အလံစိမ်း ပြလိုက်သည်။

မိဒေါင်းမ ခေါင်းခုကို ဖြုတ်လိုက်သည်။ ခါလိုက်သည်။ လည်ပင်းနှင့် မျက်နှာတပြင်လုံးမှ ချွေးတို့ကို သုတ်လိုက်သည်။ ချွေးနစ်နေသော ဆံပင်တို့ကိုလည်း ဖြန့်၍ ချလိုက်သည်။ ပြီး ရေထဲဆင်းသည်။ ကိုယ်လက် သန့်စင်သည်။ မျက်နှာသစ်သည်။ အမေ့ခေါင်းမှ ဘီးကို တောင်းသည်။ သူ့ခေါင်းကို ဖြီးသည်။ မျက်နှာကို လေလာရာဘက်သို့ လှည့်၍ လေတိုက်ခံလိုက်ရသည်။ ရေထဲမှ ပြန်တက်သည်။

သည်အချိန်မှာ အငယ်နှစ်ယောက်လည်း ရောက်လာသည်။ ရွက်လာကြသော မြေစာတောင်းတို့ကို မြေစာပုံပေါ် ခေါင်းငဲ့၍ မှောက်ချပစ်လိုက်သည်။ လက်ဖြင့်ပင် ထိန်းကိုင် မထားတော့။ သူတို့လည်း မောကြလေပြီ။

လူစုံပြီဆိုတော့လည်း မိကောင်း ရေထဲက တက်လာသည်။ မချိုမချဉ် မျက်နှာနှင့်။ ဝတ်ထားသည့် ထမီကလည်း ဒူးကိုပင် မဖုံးဖိ။ ဖင်က ပြားပြား။ ခါးက တုတ်တုတ်။ သူ့ကျမှ အသားကလည်း ဖြူဖြူ။ လူကလည်း ပေါ်ပေါ်။

သနားဖို့တော့ ကောင်းသည်။ ခိုင်းသမျှ မညည်းမငြူ လုပ်သည်။ ထားရာမှာ နေသည်။ မနက်ဆိုလျှင်လည်း သူ အစောဆုံး ထသည်။ ဘယ်သူ့ကိုမှ မနိုးဘဲ သူတယောက်ထဲ အကုန်လုံး ကျုံးလုပ်သည်။ တွက်ကပ်လေ့ တွက်ကပ်ထ မရှိ။

ယခုလည်း ကြည့်။ ထမင်းပွဲ ပြင်တော့မည်။ ထမင်းတောင်းထားရာ သစ်ပင်ရိပ်သို့ ချဉ်းကပ်သည်။

ထမင်းတောင်းထဲမှာက ထမင်းအိုးတလုံးနှင့် ဟင်းအိုးတလုံး ပါသည်။ ဘေးမှာက ကွေ့ရည်သုတ် သံပန်းကန် ငါးချပ်ကို ထောင်၍ ထည့်လာသည်။ ပြီး ကွေ့ဖွန်းကြီးတချောင်းလည်း ပါသည်။ သည်မနက်တော့ တခွက်ထဲ။ တို့စရာနှင့် အငန်အစပ်ပင် မပါ။

မိကောင်းသည် တောင်းထဲမှ အိုးများကို ထုတ်လိုက်သည်။ ပန်းကန်ပြားများကိုတော့ တောင်းအုပ်လာသည့် ပုဆိုးစုတ်နှင့်ပင် သုတ်လိုက်ပြီး ဟင်းအိုးပတ်ပတ်လည်မှာ ချလိုက်သည်။

'ထမင်းတော့ ကိုယ့်ဖာသာကိုယ် ကြိုက်သလောက် ထည့်ကြ'

သာမန်ကြည့်လျှင်တော့ ပျော်စရာ။ ပျော်ပွဲစားထွက်လာသည် ထင်ရမည်။ သို့သော် မိဒေါင်းတို့အဖို့က နေ့စဉ်နှင့် အမျှ။ ကိုယ့်အိမ် ကိုယ့်ယာ အမိုးအောက်မှာပင် အေးအေးလူလူ စားခွင့် မရသည့်ဘဝ။

ပြီး တခွက်ထဲသော ဟင်းကလည်း ကုလားပဲ အချဉ်ချက်။ ပျစ်ပျစ်နှစ်နှစ်လည်း မဟုတ်။ အရည်ကျဲကျဲ။ ဆီနည်း နည်း။

မိဒေါင်းမကတော့ ထမင်းအိုးကို ဖွင့်လိုက်သည်။ သူ ထည့်ပေးမည် စိတ်ကူးသည်။

မဟုတ်။ မကိုင်ရ မတွယ်ရ၊ မစူးရ မဆွရသေးပါပဲလျက်နှင့် တလုံးချင်း ဖွာလံကျဲနေသော ထမင်းစေ့တို့ကလည်း မာနကြီးပါဘိ။ မာရေကြောရေနှင့် မိဒေါင်းမကို ခပ်တည်တည် ပြန်ကြည့်သည်။ ဖွာ၍၊ မာ၍၊ ညိုညစ်၍၊ စပါးလုံးများ၍ . . . မစားချင်လျှင်လည်း အငတ်နေပေါ့ . . . ဆိုသည့်သဘော။

မတတ်နိုင်။ သည်ဆန်ကိုပင်လျှင် ခေါင်းရင်းတအိမ်ကျော် အသံချဲ့စက်ငှားသည့် အမိုးတို့အိမ်မှ ချေးချက်ခဲ့ရသည်။ မနေ့က တနင်္ဂနွေ။ ပြည်သူ့ဆိုင်မဖွင့်။ တနေ့က စနေ။ အလုပ်သိမ်း အိမ်ပြန်လာတော့ အရောင်းပိတ်သွားပြီ။ သည့် အရင် တနေ့က သောကြာ။ အရေးကြီးသည့် ရေနံဆီရောင်းနေသဖြင့် ဆန်မရောင်း။ ထိုနေ့က ဆိုင်မှာ ကျိတ်ကျိတ်တိုး စည်ကားသည်။ ဆိုင်ဝန်ထမ်းနှစ်ယောက်လည်း လက်မလည်။ ခေါင်းမဖော်နိုင်။ သို့တိုင် စားသောက်ကုန်များကို ရောင်းလျှင် ရေနံနံ့ စွဲကုန်မှာ စိုးရသည်ဟု ရှင်းပြသည်။ စေတနာ ထားသည်။

ခက်သည်က ကိုယ်ကလည်း တခါဝယ်မှ သုံးလေးရက်စာခန့်ပဲ အများဆုံး ဝယ်နိုင်စွမ်းရှိသည်။ တနပ် တပြည်။ လေးရက်ဆိုလျှင်ပင် တခွဲ။ သည်တော့ များများမဝယ်နိုင်။ သိုလှောင်မထားနိုင်။

အမိုးတို့အိမ်မှ ချေးရသည်။ သည် လှည်းကုန်းမှာတော့ အမိုးတို့က အချမ်းသာဆုံး။ သို့တိုင် ကုန်ဝယ်စာအုပ် ပေးထားခဲ့ရသည်။ ဆန်ဖိုးငွေ ပေးထားခဲ့ရသည်။ သည်ကနေ့ ဆိုင်မှ ဝယ်ထားပေးပါရန်။ ဆန်ချေးကိုလည်း နှုတ်ယူထား ရန်။ သည်သို့ ပြန်ရရန် မသေချာလျှင်လည်း အမိုးတို့ကတော့ ချေးမည်မဟုတ်။ ဆွေမျိုးလည်း မရ။ ပြီး အမိုးတို့မှာက လည်း သိပ် ပိုလှ လျှံလှသည်တော့မဟုတ်။

ပသို့ဆိုစေ၊ ချေးဖော်ရလျှင်ပင် တော်လှပြီ။ ကိုယ်လိုတုန်း ရလျှင်ပင် ကျေးဇူးတင်ဖို့ကောင်းလှပြီ။ ပြီး ကိုယ်စား ဆိုင်သွားပြီး ဆန်ဝယ်ပေးထားမည်။ အမိုးတို့ ရှိနေ၍သာ တော်တော့သည်။

သို့မဟုတ်လျှင် အခက်။ သည် အနားပတ်ဝန်းကျင်မှာက မည်သည့်အိမ်မျှ ဆန်တပြည် ချေးနိုင်ပုံမပေါ်။ တောင်မင်း မြောက်မင်း မကယ်နိုင်ကြ။ သူ့ ကိုယ်လှည့်၊ ကိုယ့် သူလှည့်နှင့်ပင် လုံးချာ ပတ်ချာ လည်နေသည့် ပတ်ဝန်းကျင်။

ပြီး စကားကလည်း ခဏခဏ များကြရသေးသည်။ မပြည့်စုံတော့လည်း မတတ်နိုင်။

တနေ့က ဒလဥာဏ် ထင်းခွဲသည်။ ထင်းခွဲမည်ဆိုတော့ ဒါးမရှိ။ မရှိ၍ ရှိသည့် ဘကြီးနိုင်စိမ့်အိမ်မှာ ငှားရသည်။ ဟော . . . နောက်တနေ့ ပြဿနာ တက်တော့သည်။ တမြမြ တသသ လုပ်ထားသည့် သူ့ထင်းခွေဒါး၊ ဒလဥာဏ် ကြောင့် နှစ်နေရာ အသွားပဲ့သွားသည်ဟု စွပ်စွဲသည်။

ဖြစ်နိုင်သည်။ ထိုနေ့က တောထင်း နည်းနေသည်ဟု ဆိုပြီး ကွပ်ပစ်အောက်မှ စားပွဲခုံပျက် သစ်တိုသစ်စများကိုပါ ဆက်ခွဲသည်။ သစ်တိုသစ်စထဲမှာ မြုပ်နေသည့် သံချောင်းနှင့် ညှားမိခြင်း ဖြစ်ရာသည်။

မတတ်နိုင်။ အပြောခံလိုက်။ နောက်ထပ် မငှားချင်လည်း နေ။ အလျော်လည်း မပေးနိုင်။ ဒါးသွားကလေး ပဲ့သွားရုံမျှနှင့် မုန်းလျှင်လည်း မုန်းစေတော့။

ခက်သည်က တအိမ်နှင့်တအိမ်၊ တယောက်နှင့်တယောက် မုန်း၍လည်းမရ။ မခေါ် မပြောချင်၍လည်းမရ။ မပတ်သက်ချင်၍လည်း မရ။

သည် လှည်းကုန်းဆိုသည်က ကံပေါက်နှင့် မိကျောင်းအိုင်ဆိုသည့် ရွာနှစ်ရွာအကြားမှ လမ်းဘေး တဲတန်းရှည် ကလေး။ အလွန်ဆုံး ရှိလှမှ အိမ်ခြေ တဆယ့်ငါး။ မိဒေါင်းမတို့ အိမ်က လမ်းမဘက်မှ တအိမ်ကျော်။

ခက်သည်က သည် လှည့်ကုန်း တအုပ်လုံးမှာမှ ငြုတ်ဆုံကလည်း နှစ်လုံး သုံးလုံးပဲ ရှိမည်။ ပြောလျှင်လည်း ယုံမည်မဟုတ်။ တလုံးက မိဒေါင်းမတို့အပိုင်။

စင်စစ် သည်ငြုတ်ဆုံကလည်း အငယ်မတို့တသက် ရှိရော့မည်။ ဝယ်ထားဖြစ်သည်မှာ ကြာပြီ။ မှတ်ပင် မမှတ်မိ တော့။ ပြီးတော့လည်း စဉ့်။ ကျောက်ဆုံမဟုတ်။ သည်မျှ သက်ဖိုးရှည်နေသည်မှာပင် အံ့ဘွယ်တပါး။

သို့သော် သည်ဆုံလည်း ယခုတော့ နှုတ်ခမ်းပဲ့နေပြီ. အဒေါ်မေတို့ လက်ချက်။ တိမ်ဖုံးသော မျက်လုံးက တဖက်၊ အပ်ပေါက် မထိုးနိုင်သော မျက်လုံးက တဖက်။ မမြင်မကန်းနှင့် ရမ်းထောင်လိုက်သည်တွင် စဉ့်နှုတ်ခမ်း ဟက်တက် ပဲ့သွားသည်။ ဘာတတ်နိုင်မည်နည်း။

အဲ့သည်တုန်းက အမေက စိတ်ဆိုးသည်။ မရနိုင်မှန်း သိလျက်နှင့်လည်း အလျော်တောင်းပစ်လိုက်သေးသည်။ ပြီး . . . 'ကိုယ်လဲ နေ့စဉ်နှင့်အမျှ ချက်ပြုတ်စားနေတဲ့ဟာပဲ၊ မီးဖိုချောင်မှာ မရှိမဖြစ်တဲ့ ငြုတ်ဆုံကလေး တလုံးလောက်တော့ ဝယ်ထားမှပေါ့ . . .' ဟုလည်း ရမ်းပစ်လိုက်သေးသည်။

သို့သော် အမေ ရုတ်ခြည်း သတိပြန်ရသည်။ စကားလွန်သွားပြီ ဆိုသည်ကို ရုတ်ခြည်း နောင်တရလိုက်သည်။ ရပ်လိုက်သည်။ ဆက်မပြောတော့။

အဟုတ်။ ကိုယ့်အပြစ်နဲ့ကိုယ် ဆိုကြတော့လည်း ငုံ့ခံကြရုံပဲရှိသည်။ သို့သော် ပြောသည့်သူကလည်း ပြောပြီးသည်နှင့် တပြိုင်နက် ပြီးတတ်သည်။ နောင်ခါ မငှားဘဲလည်း နေနိုင်သည် မဟုတ်။

သို့သော် ဆန်ကတော့ တမျိုး။ ယုံကြည်စိတ်ချစိမ့်သောငှာ ပေးထားခဲ့ရသည်။

ပသို့ဆိုစေ၊ ညကြီးမင်းကြီး ချေး၍ရသည်ပင် တော်လှပြီ။ ရွေးနေချိန် ပြာနေချိန်လည်း မရ။ မနက်ကတော့ မိကောင်း ထချက်သည်။

ယခု သည်ထမင်းက မိဒေါင်းမကို မာနနှင့် လှမ်းကြည့်သည်။ အေး . . . သိကြရောပေါ့။ အိုးနှုတ်ခမ်းကို ကပ်၍ ထမင်းအိုးထဲသို့ လက်ငါးချောင်း ထိုးစိုက်လိုက်သည်။ ကြည့် –။ အိုးမပြောင် အပြောင် လောင်းမည်။ တစေ့မကျန် စားပြမည်။

"ဒေါင်းမရေ . . . ."

× × × × × × ×

Commercial use of this book will be at your OWN RISK !

http://myanmarcupid.net

## အခန်း (၆)

"ဒေါင်းမရေ"

ဟောတော့။ ပြဿဒါး။ ပြဿဒါးအသံမှ ပြဿဒါးအသံ အစစ်။ အသံကြားရုံမျှနှင့် မိဒေါင်းမ အတတ်သိလိုက်သည်။ သို့သော် လှည့်မကြည့်။ မကြားဟန်ဆောင်၍ နေလိုက်သည်။

ရုတ်တရက်သော် မိဒေါင်းမလည်း လန့်သွားသည် အမှန်ပင်။ ပြီးတော့ မကျေချမ်း။ သည်မှာ မိသားစု တစုတဝေးထဲ ရှိနေသည်။ အားလုံးပေါင်း ငါးယောက်။ အထူးသဖြင့် အမေလည်း ရှိနေသည်။ အမေ့နာမည်ကို ခေါင်းတပ်နှုတ်ဆက်ဖို့ကောင်းသည်။

ယခုတော့ သူ့နာမည်ကိုမှ ရွေးခေါ်သည်။ ခေါ် ပုံကိုကလည်း ပိုင်စိုးပိုင်နင်း။ ငယ်သူငယ်ချင်းများ အောက်မေ့နေသည်လော မပြောတတ်။ သူ့ မျက်စိအောက်မှာ ကြီးပြင်းလာရသည်ဆိုလျှင် ခက်များခက်မည်။ သည်မျှ အတင့်ရဲသည်ကိုတော့ မိဒေါင်းမ မကြိုက်။

ပြီး သည်ကနေ့မှ တိုက်တိုက်ဆိုင်ဆိုင်။ ထမင်းကလည်း စားနေခိုက်။ ဟင်းကလည်း တခွက်ထဲ။ အချိန်ကလည်း အစောကြီး။ တခြားလူများကို မရှက်ပေမည့်၊ ပြဿဒါးကိုတော့ မိဒေါင်းမ ရှက်ချင်သည်။ ဒုက္ခ။ ဘယ်လိုလုပ်ရပါ့။ မိဒေါင်းမ ခြေမကိုင်မိ၊ လက်မကိုင်မိ။ လက်ဖဝါးပေါ် တင်ထားသည့် ပန်းကန်ပြားကိုလည်း ထမင်းအိုးဖုံးပေါ် လှမ်းတင်လိုက်ဖြစ်သည်။ စားတော့မည့် ပထမဆုံး ထမင်းလုပ်ကိုလည်း အောက်ပြန်ချလိုက်သည်။

သည်အထဲ မိကောင်းက နောက်သည်။

'အမေ၊ အဲဒါ အမေ့သမက်ကြီး ဆိုတာပေါ့၊ ထမင်းစား ခေါ်လိုက်ပါအုံး'

ပြဿဒါးကတော့ ကြားရမည် မဟုတ်။ ပြဿဒါးက ယခုမှ ကုန်းမြင့်ဘက်က ဆင်းလာခါစ။ ဝါးနှစ်ရိုက်ခန့် ဝေးသေးသည်။ ပြီး မိကောင်းပြောပုံက တိုးတိုးကလေး။ အမေ့ကို ကျိတ်၍ ပြောသည့်ဟန်။

'မိကောင်းနော်၊ စကားပြောတာ ကြည့်ပြော။ အမေ၊ အမေ့သမီးကို ပြောထား၊ တော်နေကြာ ကျမ အဆိုးမဆိုနဲ့၊ ဒါမျိုးမရဘူး။ ထလုပ်မိလိမ့်မယ်'

မိဒေါင်းမ စိတ်ဆိုးသည်။ လက်မှာကပ်နေသည့် ထမင်းလုံးတို့ကို ဆောင့်ခါ ပစ်လိုက်သည်။

'ဟုတ်သားပဲ၊ နင်ကလဲ နင်ပဲ၊ အမ မကြိုက်တာ မပြောနဲ့ပေါ့၊ ငံ့စားစမ်း၊ ကိုယ့်ထမင်းကိုယ်။ ကဲပါ ညည်းကလဲ ထတွေ့လိုက်ပါအုံး၊ အားနာစရာအေ . . . '

'လာပြန်ပလား၊ အမေကလဲ။ ဘာလုပ်ဖို့ ထတွေ့ရမှာတုန်း၊ အမေ ထတွေ့လိုက်ပါလား'

'ဟဲ့ ငါက အကောင်းပြောတာပဲ၊ နင့် ပြောမလို့ လာတာဟာ၊ ဘာကိစ္စရှိမှန်းမှ မသိဘဲနဲ့၊ ငါက ဘယ့်နှယ်လုပ်တွေ့ရမှာတုန်း'

'အလကား၊ ဘာကိစ္စမှ မရှိဘူး၊ အမေနဲ့ပြော၊ အမေပြောလဲ ပြီးတာပဲ'

မိစိန်ခ ပြုံးသည်။ ငယ်ရာက ကြီးလာခဲ့သည် ဆိုတော့လည်း၊ သမီး၏ ရင်ထဲက အကြောင်းကို အမေတယောက်အနေနှင့် ကောင်းကောင်း သိလိုက်သည်။ ရှိစေတော့၊ ရှိစေတော့။ မဟုတ်ဘူး ဆိုလျှင်လည်း ကိစ္စမရှိ။ ဟုတ်နေသည်ဆိုလျှင်လည်း ကန့်ကွက်စရာတော့ မရှိ။



မြန်မာမျှားနတ်မောင်

အမေကိုယ်တိုင်က ပြုံးလိုက်သည်ဆိုတော့လည်း၊ မိကောင်းက အညွန့်တက်လာပြန်သည်။

'ဟဲ့ အငယ်မတွေ၊ ကြားတယ်မဟုတ်လား၊ နင်တို့ ကြီးလာရင်လဲ အမေပြီးရင် ပြီးပစေနော်၊ အမေဒေါင်းလို လိမ္မာကြ၊ ကြားလား'

'ကြည့်ပါလား၊ အမေနော် . . . အမေ့သမီး–'

စကားမဆုံးလိုက်ရ။ ပြဿဒါးက အနားသို့ ရောက်လာသည်။ အနားသို့ ရောက်လာသည် ဆိုသော်လည်း၊ ထမင်းပွဲကို ပြဿဒါး မကြည့်။ နေပူမှာ ဖြန့်လှန်းထားသည့် ယဉ်းပြီးသား သတ္တုမှုန်တို့ကိုသာ လှမ်းကြည့်သည်။

မိစိန်ခကတော့ ဤသည်ကို မကြိုက်။ သမီးများကို ကြည့်ချင်ကြည့်။ ကြိုက်သည့်သမီးကိုကြည့်။ ရိုးရိုးသားသားပဲ ကြည့်ကြည့်။ မရိုးမသားဘဲ ကြည့်ကြည့်။ အကြောင်း မဟုတ်။ သဘာဝအနေနှင့် ခွင့်လွှတ်နိုင်သည်သာ။ သို့သော် သတ္တုကို ကြည့်သည်ကတော့ အဓိပ္ပါယ်တမျိုး။ သည်ကနေ့ ဘယ်၍ ဘယ်မျှ ရပြီနည်း။ ဒိုင်ကို အကုန်မှ လာရောင်းပါ့ မည်လော။ တချို့ကို ထိန်ချန်ထားပြီး မှောင်ခိုလက်သို့ ပို့မည်လော။ လာစုံစမ်းထောက်လှမ်းသည့် သဘော။ မရိုးသား သည့်သဘော။ ကိုယ်ချင်းမစာသည့် သဘော။ မျက်နှာလိုအားရ လုပ်ချင်သည့်သဘော။ အန္တရာယ်ပေးမည့်သဘော။ မိစိန်ခ နည်းနည်းကလေးမျှ မကြိုက်။

ခက်သည်က မကြိုက်သော်လည်း မည်သို့မျှ မပြောသာ။ ပြဿဒါးက အစိုးရအမှုထမ်း။ ပြီး သည်လုပ်ကွက်မှာ လုပ်ကွက်တာဝန်ခံ။ တာဝန်အရ ကြည့်ကို ကြည့်ရမည့်ဘဝ။ ကြည့်နိုင်ခွင့်ရှိသည့် ဘဝ။

'ဘယ့်နှယ်လဲ၊ ကြည့်ရတာကတော့ အရ သိပ်မဆိုးဘူး ထင်ပါရဲ့'

ပြဿဒါးကတော့ အတတ်နိုင်ဆုံး ပြုံးပြောသည်။

သို့သော် မကြိုက်။ ပို၍ မကြိုက်။ ရသည်ကို ဝမ်းသာ၍ ပြောခြင်းပင် ဖြစ်နိုင်သော်လည်း၊ အမှန်ကို သူမသိစေချင်။ အခြေအနေအရ ဒိုင်သို့ ရသမျှ အကုန်ရောင်းချင်လည်း ရောင်းမည်၊ မရောင်းချင်လည်း နေမည်။ ရောင်းသည် မရောင်း သည် အပထား၊ ကိုယ့်ရိုးသားမှု မရိုးသားမှုကိုတော့ အပြင်လူ မသိစေချင်။

မိစိန်ခ မျက်နှာထားပြင်လိုက်သည်။ စောစောက ပြုံးရိပ် ရွှင်ရိပ်တို့ ပျောက်သွားသည်။ စောစောက လန်းစိတ် ရွှင်စိတ်တို့သည်လည်း ဘယ်ရောက်ကုန်ကြပြီ မသိတော့။

ပြီး အားနာဖို့ကောင်းသည်က မည်သူကမျှ ဝတ်ကျေတန်းကျေပင်ဖြစ်စေ ထမင်းစား မခေါ်။ စားပါဦးလား မပြော။ သည်တော့လည်း မိကောင်း မနေသာ။

'အဲဒါက အရေးမကြီးပါဘူး ကိုပြဿဒါးရယ်၊ ထမင်းဝင်စားသွားပါအုံး၊ ဟင်းတော့ မကောင်းဘူး၊ ဖြစ်သလိုပေါ့၊ ကိုယ့်မောင်နှမတွေပဲဟာ၊ မိသားစု ပျော်ပျော်ပါးပါး . . . '

ရုတ်တရက် စွတ်ပြောလိုက်သည် ဆိုတော့လည်း မည်သူမျှ မတားသာလိုက်။ မျက်နှာချင်းဆိုင် ထိုင်နေသည့် အမေပင် အံ့သြစွာ လှမ်းကြည့်သည်။ မိဒေါင်းမကတော့ ပြာကျမတတ် ဒေါသနှင့် မျက်စောင်းထိုးလိုက်သည်။ မိကောင်းကပင် ကြောက်လာ၏။ သို့သော် စကားဆုံးသည်အထိတော့ ဆက်ရပေလိမ့်မည်။

'စားစား၊ ဒို့က သည်အချိန် မစားရသေးဘူးဟ၊ ဘာဟင်းမို့လို့လဲ . . .  မကောင်းရအောင်က . . . '

ပြဿဒါးက ပြုံးလာသည်။ ထမင်းပွဲနားသို့ ချဉ်းကပ်သည်။

'ပဲဟင်း'

'ပဲဟင်း၊ ကောင်းတာပေါ့ဟ၊ ဒို့ ဆင်းရဲသားတွေပဲဟာ၊ တော်ပြီပေါ့'

'လာလေ၊ ဟိုဘက်ကဝင်၊ ဟိုမှာ ခူးပြီးသား ပန်းကန်နဲ့ အဆင်သင့်'

မိဒေါင်းမ ချထားသည့် ပန်းကန်ကို လှမ်းပြသည်။ ပြီး မိဒေါင်းမ နောက်နား နည်းနည်း ဆုတ်နေသည့် နေရာလွတ်ကို လက်ညှိုးထိုးပြသည်။

မနေသာတော့။ မိကောင်းမ အရွဲ့တိုက်လုပ်နေပုံတို့ကို မကျေနပ်ပေမည့်၊ ဒီကိစ္စကို ပြဿဒါး ပြန်သွားမှ အချင်း ချင်းရှင်းမည်။ ယခုတော့ မတတ်သာ။ ပြီး ကိုယ်က မျက်နှာသိ။ လူမှုရေးအရ ရိုင်းရာလည်း မကျလို။ လိုသည်ဖြစ်စေ၊ မလိုသည်ဖြစ်စေ၊ ဝတ္တရားအရတော့ ဟန်ဆောင်ရပေမည်။ မိဒေါင်းမ နေရာပေးလိုက်သည်။

'စားပါ၊ မိဒေါင်းစားပါ၊ ကျွန်တော် သည်ကပြန်ရင် စားမှာ၊ အလကား သည်ဘက် လှည့်ဝင်လာတာ'

'ကိုပြဿဒါး'

မိဒေါင်းမကို ကြည့်ဖို့ အခွင့်အရေး မပေး။ မိကောင်းမကပင် ပြန်ခေါ်သည်။

'ဗျား'

'ကြုံတုန်း ပြောရအုံးမယ်'

'ကြုံတုန်း ပြောဗျား'

'တခြားတော့ မဟုတ်ပါဘူး၊ ကျမတို့အားလုံးကို သေသေချာချာ မှတ်ထားနော်၊ တော်နေကြာ ဒိုင်မှာကျတော့မှ မသိချင်ယောင် မဆောင်နဲ့'

'ဒို့က ဒါမျိုး မဟုတ်ပါဘူးဟာ'

'ဘယ်လို ဒါမျိုးမဟုတ်တာကို ပြောတာလဲ'

'အော် . . . မသိချင်ယောင် မဆောင်တတ်ဘူး ပြောတာပေါ့'

'ရော် . . . ဒါဖြင့် ဘယ်အဓိပ္ပာယ်နဲ့လဲ'

'ကိုပြုံသဒါးက လူကြီးပဲ၊ နားလည်ရမှာပေါ့၊ ဘာကို ဆိုလိုတယ်ဆိုတာ'

'အော် . . . အေး အေး ဟုတ်ပြီ ဟုတ်ပြီ'

'ပေါက်ဗျား၊ ပေါက်ဗျား၊ စိတ်ချ'

'ဒါပဲ၊ ကိုပြုံသဒါးတို့ ဒိုင်မှာ လာသွင်းလို့ကမှ အစိုထွက် အနှုတ်ခံရရင်တော့ အသိပဲ၊ ခုလဲ သည်ကို ဘာလာကြည့်တာလဲ၊ လူကို မရိုးမသား မယောင်မလည်နဲ့ လှည့်ဝင်ကြည့်တာက အရေးမကြီးဘူး၊ ခဲ ကိုတော့မကြည့်နဲ့'

'ဘုရားပေးပေး ကျမ်းပေးပေး၊ ခဲ ကြည့်ဖို့လာတာ မဟုတ်ရပါဘူးဟာ၊ တလွဲမထင်ပါနဲ့'

'ဒါဖြင့် လူကြည့်ဖို့ လာတာပေါ့လေ'

'ဟာ မိကောင်းကလဲဟာ'

ပြုံသဒါး အကြီးအကျယ် ရှက်သွားသည်။ မျက်နှာပင် မပြဝံ့တော့။

ဘယ်ရပါလိမ့်မည်နည်း။ မိကောင်းမှ မိကောင်း။ အမေ့သမီးမှ အမေ့သမီး အစစ်။ စကားအရာမှာတော့ ပြိုင်ဘက်မရှိ။

'ဟဲ့ . . . ရှူးပေါ်ပေါ်နဲ့ ဘာတွေ လျှောက်ပြောနေရတာလဲ'

မကောင်းတတ်တော့။ မိစိန်ခ ကြားဖြတ် ဟန့်တားလိုက်ရသည်။

'အို အမေကလဲ၊ ကိုယ့်မောင်နှမတွေလိုမို့ နောက်တာပဲဟာ၊ ကိုပြုံသဒါးကလဲ စိတ်မဆိုးပါဘူး။ စိတ်မဆိုးဘူး မဟုတ်လား ကိုပြုံသဒါး'

'အေးပါ၊ မဆိုးပါဘူး။ ရပါတယ် အကြီးရယ်၊ ကျွန်တော်ကလဲ ကျွန်တော့် ညီမလေးတွေလို အောက်မေ့ပါတယ်'

'အေးကွယ်၊ သူပြောတာကိုတော့ ဖွေမယူပါနဲ့၊ သူက အရူးကွယ့်'

သည်နှယ် တောင်းပန်ရပေါင်းလည်း များပြီ။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**

**http://myanmarcupid.net**

### အခန်း (၇)

အရှူးကွယ့် ဆိုလိုက်ရသော်လည်း၊ သည်နှယ် ရူးပုံမျိုးကိုတော့ မိစိန်ခ ကြိုက်သည်။ ပွင့်လင်းသည် ဆိုရမည်။

သိသည်။ အတွေ့အကြုံများအရ မိစိန်ခ နားလည်သည်။ နေရာတကာမှာ ပွင့်လင်းတိုင်း ကောင်းတတ်သည် မဟုတ်။ သို့သော် သည်တခါကတော့ ကောင်းသည်။ အန္တရာယ်လည်း ဖြစ်မလာ။ ဒုက္ခလည်း ရောက်စရာအကြောင်း မရှိ။ ရှိလာသည့် သံသယသည်ပင်လျှင်လည်း ရှင်းသွားချေသေးသည်။

ပြီး ပြောတတ်လိုက်သည့် စကား။ အအုပ်နှင့် အခံနှင့်။ အပေးနှင့် အယူနှင့်။ ရန်သူနှယ် သူစိမ်းနှယ် မပြုမူဖို့လည်း ကန့်ကွက်သည်။ မိတ်ဆွေနှယ် မိသားစုနှယ် ပြုမူဖို့လည်း စည်းရုံးသည်။

ရလာသည့် အခွင့်အရေးကို လက်လွတ်မခံ။ သူလိုရာသို့ အပါ ဆွဲဆောင်သိမ်းသွင်းပြီးတော့မှ၊ ညီမငယ် တယောက်က နွဲ့ဆိုးဆိုးဟန်ဖြင့် အပိုင်ချည်နှောင်သည်။

အတော်လည်သည့် ကောင်မ။ ကိုယ့်သမီးကိုယ်ပင် မိစိန်ခ အံ့ဩချီးမွမ်း ဖြစ်ရသည်။

သို့သော် မိဒေါင်းမကတော့ စိုးစဉ်းမျှ မကြိုက်။ ကိုယ့်အမကိုပင် အခွင့်အရေးနှင့် လဲချင်သည့် မိန်းမ။ ရက်ရက် စက်စက် မပြောလိုက်ချင်ဘူး။ အခွင့်အရေးသာ ရမည်ဆိုလျှင် မိုက်မိုက်မည်းမည်း သူ့ကိုယ်သူပင် ရင်းချင် ရင်းပစ်မည့် မိန်းမ။ သည်အကျင့်မျိုးကိုတော့ မိဒေါင်းမ မကြိုက်။ သည်စရိုက်မျိုးကိုတော့ မိဒေါင်းမ လက်မခံနိုင်။

သည်တော့ အမေကိုယ်တိုင်က မိကောင်းဘက်မှ ရပ်သည်။ မိကောင်းကို ကာကွယ်သည်။

ဒုတိယ၊ ဘယ်သူမှန်သည်၊ ဘယ်သူမှားသည် ဝေခွဲမရတော့သဖြင့်၊ မိကောင်း၏စကားတို့ကို အရူးစကားနှယ် အလေးအနက်သဘော မထားရန် ဖျန်ဖြေစကား ဆိုလာသည်။ ခွင့်လွှတ်လိုက်ရန် တောင်းပန်သည်။

နောက်ဆုံး မိကောင်းပြောလိုက်သည့် စကားတို့၏ အဓိပ္ပာယ် သက်ရောက်ပုံကို အကျိုးနှင့် အကြောင်းနှင့် အသေ အချာ ရှင်း၍ပြတော့မှ၊ ခေါင်းတညိတ်ညိတ်နှင့် အမေ နားလည်၍လာသည်။

ပြီး မိဒေါင်းမ ဝမ်းပန်းတနည်း ရှိုက်ငင်ငိုကြွေးရသည့် အဖြစ်ကိုတော့ မိစိန်ခ မကြည့်ရက်။

မှန်သည်။ ယောကျ်ားဆိုသည်ကတော့ မရခင်မှာ ဖျာနှယ်လိပ်၍ ထိပ်ပေါ်မှာတင်မည်။ ပစ္စည်းကို ကြိုက်နေပြီ ဆိုမှတော့ မရအရ ကြိုက်ဈေးကို လိုက်ပေးမည်။ သဘာဝ။ သည်သဘာဝကို မိစိန်ခ သတိရလာသည်။

မှန်သည်။ မိခင်ကောင်း တယောက်အနေနှင့် ကိုယ့်သမီးပျိုကို လာရောက် ပိုးပန်းသည့် ယောကျ်ားကလေးများထံမှ လာဘ်လာဘလည်း မယူထိုက်။ လက်ဆောင်ပစ္စည်းလည်း မယူအပ်။ အခွင့်အရေးလည်း မယူသင့်။ မိစိန်ခ သဘောပေါက်လာသည်။

မှန်သည်။ မိကောင်း၏ စကားပရိယာယ်မှာ အချည်နှောင်ခံလိုက်ရ၍၊ မလျှင်မပါးဟု ဆိုကောင်း ဆိုနိုင်မည် ဖြစ်သော်လည်း၊ ယဉ်းထားသည့် ခဲ တို့ကို လုမ်းအကဲဖြတ်သည်ကတော့ မရိုးသားတန်ရာ။ အကယ်၍ သည်ဘက်ကသာ မလိုက်လျောပါက အကောက်ကြံချင်လည်း ကြံနိုင်သည်။ အာဏာပြချင်လည်း ပြနိုင်သည်။ ဒုက္ခပေးချင်လည်း ပေးနိုင်သည်။ မိစိန်ခ မျက်စိထဲ မြင်လာသည်။

သို့သော် . . . .

ခက်သည်က သူ့လုပ်ကွက်။ ပြဿဒါးက လုပ်ကွက်တာဝန်ခံ။

အမှန်တော့ ကံပေါက်ရွာအပါအဝင် ဟုမ်းဟီးလ်တောင်မှ စ၍ ဟိန်းဇဲချောင်းအထိ၊ မြောက်ဖက်တလျှောက်လုံးသည် သတ္တုတွင်းနယ်မြေဟု ဆိုသည်။ သည်နယ်မြေထဲကမှ သတ္တုရာခိုင်နှုန်း များဘွယ်ရာရှိသော မြေများကို သက်ဆိုင်ရာတို့က သဘာဝ အနေအထားအလျောက် လုပ်ကွက်များ ပိုင်းခြားသတ်မှတ်သည်။

ယခု မိဒေါင်းမတို့ မြေစာယူ ခဲ ယဉ်းနေသည့် နေရာသည် ပြဿဒါး ကြီးကြပ်ရသော လုပ်ကွက်။ ကုန်ခဲ့သော သောကြာနေ့ကမှ သူတို့မိသားစု သည်လုပ်ကွက်သို့ ပြောင်းလာခြင်းဖြစ်သည်။

မိုးကုန်ခဲ့ပြီဆိုတော့ ရေကလည်း နည်းလာသည်။ မိုးတွင်းတုန်းကနယ် နေရာမရွေး လုပ်ချင်၍လည်း မရတော့။ သတ္တုတူးဖော်ထုတ်လုပ်ရေး ဆိုသည်ကလည်း ရေမရှိလျှင် အလုပ်မဖြစ်။ ရေကန်ဘောင်ပေါ်မှ ပိုက်ဖြင့် သွယ်ချသော ရေကတော့ ဆယ့်နှစ်ရာသီရပါ၏။ သို့သော် ကိုယ်လိုချင်သည့်နေရာသို့ အရောက်မှု သွယ်မယူနိုင်။ ပိုက်ဖိုး မဆိုထားနှင့်။ ဝါးဖိုးကိုပင် မတတ်နိုင်။

အဲ . . . တချို့ကတော့ ရေကို ကြဲဖန် ပိုက်သွယ်ရယူ၍ ယဉ်းတဲများ ဆောက်ထားသည်။ မိုးလုံသည်။ အရိပ်ထဲမှာ ယဉ်းရမည်။ မည်သူမဆို လာရောက် ယဉ်းနိုင်ခွင့် ရှိသည့် သို့သော် ယဉ်းတဲကို အသုံးပြုသည့် အဖိုးအခကတော့၊ ခဲချေးကို ယူလိုက်သည်။ ယဉ်းရာ၌ မြေစာနှင့်ရော၍ ရေအားမှာမျောပါသွားသော ခဲမှုန်ခဲစများကိုတော့ စွန့်လွှတ်ခဲ့ရမည်။ ဤသည်ကို ခဲချေးဟုခေါ်သည်။ သည်မြေစာနှင့် ရောနေသည့် ခဲချေးတို့ကို ကန်ငယ်တကန် တူး၍ ခံထားလေ့ရှိသည်။ သည် ယဉ်းတဲများများမှာက ယဉ်းဇလားနှင့် ယဉ်းရသည်ဆိုတော့လည်း၊ ကိုယ့်လက်နှင့်ကိုယ် ယဉ်းခွက်ထဲမှာ နည်းနည်းချင်းထည့်၍၊ ယဉ်းရသကဲ့သို့ မရ။ ပါလာသည့် သတ္တု၏ ၆၀–ရာခိုင်နှုန်း၊ ၇၀–ရာခိုင်နှုန်းခန့်သာလျှင် အများဆုံး ရတတ်သည်။ ယဉ်းခွက်နှင့် ယဉ်းသည်ကတော့ ကျွမ်းကျင်လျှင် ၉၀၊ ၉၅– ရာခိုင်နှုန်းအထိရသည်။

သည်တော့ မိဒေါင်းမတို့နယ် လက်များသည့် ပိဿာစား ဆင်းရဲသား မိသားစုကတော့ အပင်ပန်းခံသည်။ အလေအလွင့် နည်းနိုင်သမျှ နည်းဖို့သည်သာအဓိက။

အလေအလွင့် နည်းဖို့သည်သာ အဓိကမဟုတ်။ အရများဖို့ကလည်း လိုသေးသည်။ သတ္တုရာခိုင်နှုန်း များတန်ရာသည်ဟု ယူဆရသော မြေနေရာ လုပ်ကွက်တို့ကို ရှာဖို့ကလည်း လိုသေးသည်။ တူးကြည့်။ အပင်ပန်းခံပြီး လုပ်ကြည့်။ အဲ . . . တနေ့ ငါးဆယ်သားခန့်မှ ဖျမ်းမျှ မရဘူးဆိုလျှင်တော့လည်း တွက်ခြေမကိုက်။ သည်နေရာကို စွန့်လွှတ်လိုက်ရမည်။ လုပ်ကွက်သစ် ရှာပေဦး။

စဉ်းစားကြည့်။ မိဒေါင်းမတို့မှာက အလုပ် လုပ်သည့် အင်အားချည့် ငါးယောက်။ တယောက် တဆယ်သားနှုန်းတော့ အနည်းဆုံးရဖို့ ကောင်းသည်ပင်။ ပြီး ဝင်ငွေနှင့် တွက်ကြည့်မည် ဆိုလျှင်လည်း သည်မျှတော့ ရဖို့ထိုက်သည်ပင်။

ပြည်သူပိုင်လုပ်ငန်းမှာ နေ့စား ပုတ်ပြတ် ဝင်လုပ်ဦးမည်လော။ ငါးယောက်ဆိုလျှင် ၂၇ ကျပ် ရမည်။ တခုတော့ ရှိသည်။ သက်ဆိုင်ရာက အငယ်မ နှစ်ယောက်ကိုတော့ လက်မခံ။ အရွယ်ငယ်သည်ဟု ပယ်သည်။

သို့တည်းမဟုတ်၊ ပုဂ္ဂလိကဘက်မှာ လှည်းတွန်း၊ ကျောက်ထုံး၊ ခဲယဉ်း၊ ရရာအလုပ် လုပ်ဦးမည်လော။ သုံးယောက်ပေါင်း သုံးဆယ်ကျော်လောက်တော့ ရတတ်လေ့ရှိသည်။

သည်တော့ တနေ့ဝင်ငွေ သုံးဆယ်ခန့်မှ မရလျှင် တွက်ခြေမကိုက်။

ခက်သည်။ သည် ကံပေါက်မှာက အစခပ်သိမ်း ရှားပါးသည်။

အနီးဆုံးမြို့သည် ထားဝယ်။ ထားဝယ်နှင့်ပင်လျှင် ၅၂ မိုင်မျှ ဝေးသည်။ ကုန်းလမ်းတခုထဲ ရှိသည်။ ထားဝယ်–ရေးလမ်းပေါ်ရှိ ကလိန်အောင်ရွာငယ်မှတဆင့် လမ်းခွဲ၍ ၉ မိုင်ခန့် အထဲသို့ဝင်ရသည်။

သည်တော့ ထုံးစံအတိုင်း ကုန်ဈေးနှုန်း ကြီးသည်။ သတ္တုတွင်းနယ်မြေ၊ ငွေရလွယ်သည့် နယ်မြေ၊ ငွေစရွှင်သည့် နယ်မြေ ဖြစ်သဖြင့် ထင်လျှားနေသည် ဆိုတော့လည်း ကုန်ဈေးနှုန်းက အာကာသထက် လေ့လာရေးထွက်သည်။

ထားဝယ်မှာ ၁၂ ကျပ်ဈေးသာရှိသော ရေငန် ငသလောက်သည် ကံပေါက်မှာ ၂၅ ကျပ်။ တမိုက်တည်ိုခန့် ရှိသော ငါးသေတ္တာ ငါးတကောင်သည် ကံပေါက်ဈေးထဲမှာ တကျပ်ခွဲနှစ်ကျပ်။ ငါးဆယ်သားခန့်ရှိသော ကြက်တကောင် ၂၅ ကျပ်။ ဆိတ်သား၊ ဝက်သား၊ အမဲသား မရှိ။ ရံဖန်ရံခါမှ ရသည်။ ရံဖန်ရံခါဆိုတော့လည်း ဆတ်သား၊ ချေသား ပေါ်တတ်သည်။ အဲ . . . ဈေးနှုန်းကတော့ အတည်တကျမရှိ။ ဈေးသည် ပါးစပ်ထဲမှာပဲ ရှိသည်။ သို့သော် သေချာသည့် ဈေးနှုန်းက ဘဲဥတလုံး ငါးမတ်၊ တကျပ်ခွဲ။

ပြီး ဟင်းသီးဟင်းရွက်ကလည်း ရှားဘိခြင်း။ ပြောလျှင် ယုံမည်မဟုတ်။ ဂေါ် ဖီထုပ် တပိဿာ ဆယ့်ငါးကျပ်။ ဂေါ် ရခါးသီးတလုံး နှစ်ကျပ်။ သုံးပင်သာပါသော ချဉ်ပေါင်ရွက်တစည်း ပြားငါးဆယ်။ ကံပေါက်မှာ တမတ်တန် မရှိ။

အရေးအကြီးဆုံးက ဆန်။ အပြင်ဘက်မှာ ငစိန်ဆန်တပြည် ကိုးကျပ်ခွဲ၊ တဆယ်။ ဆန်ကွဲက နို့ဆီဗူးတလုံးခန့် အနည်းကလေး ပါသည်။

သည်တော့ သည်အခြေအနေ၊ သည်ကုန်ဈေးနှုန်းမျိုးနှင့် မိစိန်ခ မတွက်၍ မဖြစ်။

ပသို့ဆိုစေ၊ သည်နေရာ သည်လုပ်ကွက်က ပြဿဒါး မှတ်ချက်ချသကဲ့သို့ပင် မဆိုး။ ကိုယ်တိုင် ယဉ်းကြည့်တော့ သိသည်။ သတ္တုရာခိုင်နှုန်းများသည်။ မိဒေါင်းမအပေါ် မှာ မူတည်သည်။ သူသယ်လာသည့် မြေစာသာ သည်အတိုင်း မှန်နေလျှင် တနေ့ တပိဿာခန့်မျှအထိ ရနိုင်ခြေရှိသည်။

သည်တော့ နှစ်ရက်မှာ တပိဿာသွင်းမည်။ တရက်ခြား သွင်းမည်။ အပြင်သို့လည်း တရက်ခြား ထုတ်မည်။

သို့သော် ပြဿဒါးကို စည်းရုံးထားဖို့တော့ လိုလိမ့်မည် ထင်သည်။ မသိဟန် မမြင်ဟန် ဆောင်နေရုံမျှနှင့်ပင် လုံလောက်သည်။

အမှန်တော့ အများတကာလည်း သည်သို့ပင် လုပ်နေကြသည်သာ။ သည်သို့ပင် အပြင်ထုတ်၍၊ မှောင်ခိုလက်သို့ ပို့နေကြသည်သာ။ တချို့ဆိုလျှင် ပိုဆိုးသည်။ ယဉ်း၍ ရသမျှသော သတ္တုတို့ကို သက်ဆိုင်ရာ ပြည်သူ့အဝယ်ဒိုင်သို့ တမှုန်တစမျှမသွင်း။ ထမင်းချိုင့်ထဲထည့်၊ ထမင်းအိုးဟင်းအိုးထဲ ထည့်ပြီး ခပ်တည်တည်ပင် အိမ်ပြန် သယ်ယူသွားကြသည်။ စိုးစဉ်းမျှ အရေးမစိုက်။ ဒိုင်ရှေ့ မျက်နှာစာမှပင် ခပ်ပြတ်ပြတ် ဖြတ်ပြန်သွားကြသည်။

သိသာသိစေ၊ မမြင်စေနှင့်ဟု ဆိုရိုးစကား ရှိသည်။ သက်ဆိုင်ရာ လုပ်ကွက်တာဝန်ခံတို့၊ ဒိုင်ဝန်ထမ်းတို့ အနေနှင့်ကလည်း သိတော့သိသည်။ သို့သော် မမြင်ရလျှင်လည်း ပြီးသည်ပင်။

ထို့ကြောင့် မိစိန်ခဆန္ဒက သူတို့ကိစ္စမှာလည်း ထူး၍ မမြင်ဟန် ဆောင်နေရန်မဟုတ်။ မြင်ကိုလည်း မမြင်စေရ။ ထုံးစံအတိုင်း ဖုံး၍ဖိ၍သာ ယူမည်။ သက်သက်မဲ့ နိုပ်စက်လိုသည့်သဘော၊ အာဏာပြလိုသည့်သဘောဖြင့် လမ်းမှာ ရပ်ခိုင်း၍ မရှာဖွေ မစစ်ဆေးလျှင်ပင် ကျေနပ်ပြီ။ သည်မျှတော့ ကူညီနိုင်လိမ့်မည် မျှော်လင့်သည်။

အမှန်တော့ ပြဿဒါးမှာ တာဝန်လည်းရှိသည်။ အာဏာလည်း ရှိသည်။ မည်သူ့ကိုမဆို၊ အထူးသဖြင့် သူ့လုပ်ကွက်မှာ မှတ်ပုံတင်၍ သတ္တုတူးဖော် ထုတ်လုပ်နေသော ပိဿာစားအလုပ်သမား ဟူသမျှကို ရှာဖွေနိုင်ခွင့် အပြည့်အဝရှိသည်။ ဥပဒေက မည်သူတဦးတယောက်မျှ သတ္တုကို အလေးချိန် တဆယ်သားထက်ပို၍ အိမ်သို့ သယ်ဆောင်စုဆောင်းထားပိုင်ခွင့်မရှိ။

သို့သော် ပြဿဒါးနှင့်တွေ့၍ မည်သူဖြင့် ဒုက္ခရောက်သွားရသည်ဟူသော သတင်းဆိုးမျိုးကိုတော့၊ သည်ကနေ့ထိ မိစိန်ခတို့ မကြားရဘူးသေး။ တချိန်ထဲမှာပင် နောက်မှရောက်လာသည့် ပြဿဒါး၊ နယ်ခံလူများကဲ့သို့ပင် အချင်းချင်း ယိုင်းပင်းညှာတာသည်ဟူ၍လည်း သတင်းရနံ့ သင်းပျံ့မလာသေး။

သို့သော် နာမည်ကြောင့်ပင်လော မသိ။ အခြား အခြားသော နယ်ပြောင်း အလုပ်သမားများထက် ပြဿဒါးကို လူသိ ပိုများသည်။ ပြဿဒါးအကြောင်းကို လူပြောပိုများသည်။

သည် ပြောကြသည့်အထဲမှာ ကောင်းသည့်အပြုအမူဟု ဆိုရမည်လော၊ မကောင်းသည့် အပြုအမူဟု ဆိုရမည်လော၊ မိစိန်ခ မဝေခွဲတတ်။ ပြဿဒါး၏ အများနှင့်ခြားနားသော လုပ်ရပ်တခုအကြောင်း ပါလာသည်။

သူ့တာဝန် သူ ကျေပွန်သည်။ သူ ကြီးကြပ်ရသော လုပ်ကွက်ကို သူ ဝတ္တရားမပျက် လှည့်လည် လေ့လာသည်။ အားပေးရမည့်သူကို အားပေးသည်။ အကြံဉာဏ်ပေးရမည့်သူကို အကြံဉာဏ်ပေးသည်။ ကူညီရမည့်သူကို ကူညီသည်။ အားလျှင်လည်း သူ့လုပ်ကွက်ထဲမှ အဝယ်ဒိုင်မှာသာ သူ ထိုင်သည်။ အလုပ်ချိန်အပြည့်လည်း အလုပ်ခွင်မှာသာ သူ ရှိသည်။ ပြီး သူ့လုပ်ကွက်၏ နေ့စဉ်ထုတ်လုပ်မှု ဇယားကိုလည်း နံရံက ကျောက်သင်ပုန်းမှာ ထင်ထင်လျားလျား ဖြည့်သွင်း ရေးဆွဲထားတတ်သည် . . . ဆိုသည်တို့ကတော့ သိပ်ရေးကြီးခွင်ကျယ်လုပ်ပြီး အကျယ်ချဲ့ ပြောနေစရာ မဟုတ်။ ဤသည်က သက်ဆိုင်ရာမှ ပေးအပ်ထားသည့် တာဝန်ပိုင်း။

အဲ . . . တချို့တော့ ရှိလိမ့်မည်။ သက်ဆိုင်ရာဘက်မှ ကြည့်မည်ဆိုလျှင် တာဝန်မကျေပွန်သည့်အပိုင်း။ လုပ်ကွက်ထဲသို့ပင်လျှင်လည်း လာချင်မှလာမည်။ အမှန်းခံရရုံပင်၊ ခြေညောင်းရရုံပင်၊ အပိုပင်ဟု ယူဆပြီးတော့လည်း လုပ်ကွက်ထဲ တခေါက်တခါ လှည့်ကြည့်ချင်မှ ကြည့်မည်။ ကူညီစရာကလည်း ဘာလိုသနည်း။ ကူညီသည့်အနေနှင့် သက်ဆိုင်ရာက ပေါက်ချွန်း၊ ပေါက်ပြား၊ ဂေါ် ပြား၊ တူ၊ စို့ . . . စသည့် လက်နက်ကိရိယာများကိုလည်း အပြည့်အစုံ ထုတ်ပေး၍ ထားပြီ။ မိုင်းခွဲရန် လိုသည်ဆိုလျှင်လည်း ယမ်းကိုပါ ထုတ်ပေးမည်။ အခမဲ့။ ပြီး အကြံဉာဏ်ပေးရန်ကလည်း သူသူငါငါ တတ်ကျွမ်းနားလည်နေကြသည့် ကိစ္စ။ ကျောင်းကသင်ထားသည်နှင့် လက်တွေ့က သင်ထားသည်သာ ခြားနားသည်။ ဆရာ လုပ်စရာမလိုဟု ထင်သည်။ သည်တော့ မလာ။ လာသည်ဆိုရုံသာ လာသည်။

မလာမဖြစ်သည့် ညနေဘက် သတ္တု လာသွင်းကြသည့် အချိန်ပိုင်းမှာသာလာသည်။ သည်သို့သော ဝန်ထမ်းများလည်း အနည်းအကျဉ်းတော့ ရှိနိုင်သည်။

သို့သော် ပြဿဒါးကတော့ တပုံစံ။ အဝယ်ဒိုင်ကိုလည်း သူကိုယ်တိုင် ကြီးကြပ်ချိန်တွယ်သည်။ မလိုအပ်ဖူးထင်လျှင်လည်း ဒိုင်သို့လာသွင်းသော သတ္တုတို့ကို ထုံးစံအတိုင်း ယဉ်းဇလားထဲ သွန်ချစေပြီး တထပ်တကြိမ် ပြန် ယဉ်းမနေတော့။

တနည်းဆိုလျှင် ပညာပြမနေတော့။ တနည်းဆိုသော်၊ ခဲဈေးမဟုတ်သော ခဲဈေးတို့ ရရာရကြောင်းအတွက် အကြဲအဖန် လုပ်မနေတော့။ သတ်မှတ်ထားသည့်အတိုင်း ခဲမဖြူဆိုပါက ၇၀ ရာခိုင်နှုန်း သန့်စင်လျှင် ပြီးပြီ။ အဖြိုက်နက်ဆိုပါက ၆၀ ရာခိုင်နှုန်း သန့်စင်လျှင် ပြီးပြီ။ ရောရာသတ္တုဆိုပါက ၃၀–၃၅ ရာခိုင်နှုန်း သန့်စင်လျှင် ပြီးပြီ။ ကြည့်ဆုံးဖြတ်ပြီး သူတာဝန်ယူလိုက်သည်။

သည် လုပ်ပုံ လုပ်နည်းကိုတော့ ပိဿာစား အလုပ်သမား အများစုကြီးက ထောက်ခံသည်။ အချိန်ကုန်လည်း သက်သာသည်။ အလုပ်လည်း သက်သာသည်။ အလေးချိန်လည်း မလျော့တော့။ အစိုထွက်လည်း နုတ်မနေရတော့။ သို့မဟုတ်က အလုပ်သမားတို့ဘက်က နစ်နာသည်။ အမြီးက နုတ်၊ ခေါင်းက နုတ်နှင့် တပိဿာသွင်းမှ ၇၅ ကျပ်သားခန့်ပဲ တင်တတ်သည်။

ပြီး ဒိုင်ဘက်က ညစ်လာတော့၊ ပိဿာစားဘက်ကလည်း ညစ်လာသည်။ မည်မျှ ကြိုးစားအားထုတ်၍၊ မည်မျှစေတနာထား၍ သန့်စင်လာခဲ့သည်ဖြစ်စေ၊ ရောက်လာသမျှသော သတ္တုတို့ကို ဒိုင်က ထပ်၍တဖန် ယဉ်းပစ်ပြန်သည်ဆိုတော့၊ ပိဿာစားအလုပ်သမားတို့ကလည်း သန့်သန့်စင်စင် ယဉ်းမလာကြတော့။

ဒူးလောက်တင်မှ ရင်လောက်ကျသည်ဟုဆိုကာ ဒူးလောက်ချည့် တင်၍ လာကြသည်။ စေတနာ မထားကြတော့။

ခက်သည်က သတ္တုပစ္စည်းမှာ သက်ဆိုင်ရာက သတ်မှတ်ထားသောအဆင့်ကို မီသည် မမီသည် ဆိုသည်ကလည်း ပြဿနာ။ တစုံတရာသော သိပ္ပံကိရိယာဖြင့် စနစ်တကျ တိုင်းတာရသည်လည်း မဟုတ်။ သာမန် မျက်စိဖြင့်သာ ကြည့်၍ ဆုံးဖြတ်ခြင်း။

သည်တော့ အမျိုးမျိုးဖြစ်နိုင်သည်။ လိုသူကို တမျိုး၊ မလိုသူကို တမျိုးလည်း ဖြစ်နိုင်သည်။ ပြီးတော့ မှားနိုင်သည်။ ရိုးရိုးသားသားလည်း မှားနိုင်သည်။ မရိုးမသားလည်း မှားနိုင်သည်။

ချိန်တွယ်ရာ၌လည်း ရုံဖန်ရုံခါ စကားပြောနေရတတ်သည်။ ချိန်တွယ်သည်က ချိန်ခွင်နှင့်။ ချိန်ခွင်ဆိုသည်ကတော့ ပညာစုံ သုံးနိုင်သည် မဟုတ်လော။ ပြီး တချို့ကို ကိုယ်တိုင်ဝင်ရောက်ချိန်တွယ်ခွင့် ပြုသည်။ တချို့ကိုတော့ ခွင့်မပြု။

အမှန်က သတ္တုသည် အဖိုးတန်သည်။ အထူးသဖြင့် မြန်မာ့သတ္တုသည် နိုင်ငံတကာ ဈေးကွက်တွင် များစွာတွင်ကျယ်လျက်ရှိသည်။ သည် ခဲမဖြူ၊ အဖြိုက်နက် အစရှိသည့် သတ္တု ၁၁ မျိုးကို တင်ပို့ရောင်းချနေခြင်းဖြင့်လည်း၊ နိုင်ငံအတွက် နိုင်ငံခြားဝင်ငွေ တတိယအများဆုံး ရနေသည်။

ထို့ကြောင့် သတ္တုသိုက်သစ်များ ရှာဖွေရေးနှင့် သတ္တုတွင်းများ အထွက်နှုန်းတိုးရေးကို အစဉ်ကြိုးပမ်းအားထုတ်လျက်ရှိသည်။

ထို့ကြောင့် သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ပြည်သူ့ဝန်ထမ်းများဖြင့် အင်တိုက်အားတိုက် လုပ်ကိုင်ထုတ်လုပ်လျက် ရှိသည်။ ပုဂ္ဂလိက တူးဖော်ထုတ်လုပ်နေကြသော အလုပ်သမားများထံမှလည်း ပိဿာစားစနစ်ဖြင့် အားပေးဝယ်ယူလျက်ရှိသည်။

ထို့ကြောင့် သတ္တုတူးဖော် ထုတ်လုပ်နေသည့် ပိဿာစား အလုပ်သမားများ အတွက်လည်း လိုအပ်သော ပစ္စည်းကိရိယာများကို အခမဲ့ ထုတ်ပေးလျက်ရှိသည်။

ပြီး ပြည်သူ့ဝန်ထမ်း အလုပ်သမားများနှင့် ပုဂ္ဂလိက ပိဿာစားအလုပ်သမားများကိုလည်း ကျောသားရင်သား မခွဲခြား။ အားလုံးကို သတ္တုတွင်းအလုပ်သမားများအဖြစ်ပင် အသိအမှတ်ပြု၍ လက်ခံဆက်ဆံသည်။ အလုပ်သမားသက်သာချောင်ချိရေးဆိုင်ကလည်း အခြေခံ စားသုံးကုန်များကို တပြေးညီထဲ ခွဲတမ်းချရောင်းသည်။ ရပ်ကွက်စားသုံးသူသမဝါယမဆိုင်မှာ ကုန်ဝယ်စာအုပ်ဖြင့် ဝယ်ရသကဲ့သို့ပင်။ သည်မှာလည်း အလုပ်သမားမှတ်ပုံတင်ဖြင့် ပစ္စည်းဝယ်ယူခွင့် ပြုသည်။ ဆန် ပေးပြီဆိုပါတော့။ တယောက်တပြည်နှုန်းဆိုလျှင် ဝန်ထမ်းလည်း တပြည်ပဲရမည်။ ပိဿာစားလည်း တပြည်ပဲရမည်။ အညီအမျှ။

သည်တော့ သတ္တုအဝယ်ဒိုင်တို့သည်လည်းသတ္တုလာရောင်းသူတို့ကို စိတ်ချမ်းသာရစေသင့်သည်။ ဥပဒေအရကြောက်၍ လာရောင်းရသည်ထက်၊ ကိုယ့်ဆန္ဒအလျောက် လိုလိုလားလား လာရောင်းကြသည့်အဖြစ်သို့ ရောက်အောင် စည်းရုံးကြရမည်။

ရောင်းသူ ကျေနပ်အောင် လုပ်ကိုင်ပေးရမည်။ ရောင်းသူနှင့် သင့်မြတ်အောင် ပေါင်းရမည်။ ရောင်းသူကို စီးပွားဘက်အဖြစ် သဘောထားကာ၊ လိုအပ်သည့် အကူအညီများကိုလည်း တတ်နိုင်သမျှ လိုက်လံကူညီ ဆောင်ရွက်ပေးရမည်။

နိုင်ငံသစ်ကို တည်ဆောက်နေသည့် ရဲဘော်ရဲဘက် အချင်းချင်း အဖြစ်ဖြင့်လည်း တယောက်အခက်အခဲကို တယောက် ဝိုင်းဝန်းကူညီ ဖြေရှင်းပေးရမည်။

သည်ကဲ့သို့ သက်ဆိုင်ရာ အထက်ပိုင်းပုဂ္ဂိုလ်တို့က မူဝါဒသဘောထား ချမှတ်၍ မှာကြားထားသည်ဟု မိဒေါင်းမတို့ မိသားစုလည်း တဆင့်နားနှင့် ကြားဖူးနားဝ ရှိခဲ့သည်။

သို့သော် လက်တွေ့ အဝယ်ဒိုင်များမှာ ကျတော့လည်း ဝန်ထမ်းတို့အပေါ် မူတည်၍ တပြေးညီ တစနစ်ထဲ မရှိကြ။ ကောင်းသည့်ဒိုင်၊ မှန်သည့်ဒိုင်လည်း ရှိသည်။ မကောင်းသည့်ဒိုင်၊ မမှန်သည့်ဒိုင်လည်း ရှိသည်။ ကောင်းသည့်၊မှန်သည့်၊ စနစ်ကျသည့် ဝန်ထမ်းတို့လည်း ရှိသည်။ မကောင်းသည့်၊ မမှန်သည့်၊ ညစ်ပတ်သည့် ဝန်ထမ်းတို့လည်း ရှိသည်။ ပြီး ကောင်းချင်သည့် သူတို့အပေါ် ကောင်းသည်။ မကောင်းချင်သည့် သူတို့အပေါ်မှာ မကောင်း။

ပသို့ဆိုစေ၊ ဒိုင်သို့လာရောင်းပြီဆိုသည်နှင့် တပြိုင်နက်၊ သတ္တုမှုန်တို့ကို ပထမဆုံး ယဉ်းဇလားထဲသို့ လောင်းသွန်ချလိုက်မည်။ ပြီး ရေပိုက်ကို ဖွင့်လိုက်မည်။ ဒိုင်ဝန်ထမ်းတို့ ကိုယ်တိုင် တကြော့တကြိမ် ထပ်ယဉ်းမည်။

သည်အချိန်မှာက အရေးကြီးဘိသည်။ ကိုယ့်ပစ္စည်းကိုယ် စောင့်ကြည့်ရသည်။ သို့မဟုတ်လျှင် ခဲချေးမြေစာ အဖြစ်ဖြင့် ရေအားမှာ သတ္တုမှုန်များစွာ မျောပါသွားနိုင်သည်။

ရယ်စရာ ပြောရဦးမည်။

သည်ကဲ့သို့ နေ့နှင့်အမျှ ယဉ်းဇလားထဲမှ မျောပါထွက်ကျသော ခဲချေး မြေစာ ဆိုသည်တို့ကလည်း အံ့သြဖို့တော့ ကောင်းသည်။ ရေနှင့်အတူ မြေကြီးထဲ စိမ့်ဝင်သွား၍လော၊ သို့တည်းမဟုတ် အငွေ့ဖြစ်ကာ ကောင်းကင်သို့ ပျံတက်သွား၍လော မပြောတတ်။

တဲအပြင်မှ ကျွဲတကိုယ်စာခန့်မျှသာရှိသည့် တွင်းချိုင့်ကလေးထဲသို့ စီးဝင်သွားသော်လည်း၊ နှစ်နှင့်ချီ၍ ကြာသည့်တိုင် ခဲချေးမြေစာတို့ဖြင့် ပြည့်မလာ။ လက်ခုပ်တဖောင်သာသာခန့် နက်သော မိဒေါင်းမတို့ အိမ်သာတွင်းသာလျှင် တနှစ်တခါ မှန်မှန် အသစ်တူးရသည်။ သည်တွင်းတိမ်ကလေးကတော့ ရာသက်ပန်။

တခုတော့ ရှိသည်။ မနက်ပိုင်း၊ နေ့ခင်းပိုင်း၊ အရောင်းအဝယ်မရှိသည့် အချိန်များမှာတော့ ဒိုင်ဝန်ထမ်းတို့လည်း တဖက်တလမ်းက အလုပ် လုပ်ကြသည်။ အချိန်အားနှင့် လုပ်အားကို အလဟသ မဖြစ်စေကြ။ ဒိုင်မကွာ ဆိုင်မကွာ ခဲယဉ်းနေကြလေ့ ရှိသတတ်။

သိသည်။ သိလျက်နှင့် မပြောသာ။ သိလျက်နှင့် မပြောသာခြင်းသည်လည်း ယခုတော့ ထုံးစံဖြစ်နေပြီ။ မပြောသာ၍သာ မပြောမှန်း သိလျက်နှင့် သည်သို့ အကြံအဖန် လုပ်နေကြခြင်းသည်လည်း ယခုတော့ အစဉ်အလာ ဖြစ်နေပြီ။

ပြီး ဒိုင်ဝန်ထမ်းတို့ စိတ်ကျေနပ်ပြီ၊ အဆင့်မီပြီ ဆိုတော့မှ ကိုယ့်သတ္တုကိုယ် ယဉ်းဇလားထဲမှ ပြန်ယူကြရသည်။ တတ်နိုင်သမျှ မကျန်ရစ်အောင် ခြစ်ယူကြရသည်။

ကဲ . . . ချိန်တော့။ ချိန်ခွင်ခွက်ပေါ် တင်တော့။

သည် ရလာသည့် အလေးချိန်ထဲမှ အစိုထွက် ထပ်နှုတ်ရဦးမည်။

စင်စစ် ယူလာခဲ့သည်က တပိဿာ့အစိတ်ခန့်ရှိမည်။ ထုံးစံအတိုင်း၊ အစိတ်သားခန့်ကတော့ ခဲချေးအဖြစ် ဒူးလောက်တင်ထားခြင်းဖြစ်သည်။ ယဉ်းလိုက်လျှင် အနည်းဆုံး တပိဿာကတော့ ကျန်ကောင်းရဲ့ တွက်လာသည်။

ယခု ချိန်တော့လည်း တပိဿာ ကျော်နေသည်။ ချိန်ခွင်လျှာ အများကြီး ထွက်နေသည်။

သည်တော့ ရောင်းသူက နှစ်ဆယ်သား အလေးပြားကလေးကို ရုတ်တရက် ကောက်ထည့်သည်။ ဝန်ထမ်းက ပြန်နုတ်၍ ပစ်ချသည်။ ကောက်ထည့်သည်။ ပစ်ချသည်။ ကောက်ထည့်သည်။ ပစ်ချသည်။ ကောက်ထည့်သည်။ ပစ်ချသည်။ နောက်ဆုံးတော့ ဦးရာလူက ဆန့်ကျင်ဘက်လက်ကို ဖမ်းကိုင်ထားလိုက်သည်။

ပြီး နောက်တဆင့်။

အစိုထွက် နှုတ်ရာ၌လည်း အနည်းနှင့်အများတော့ စကားပြောကြရပြန်သည်။ ငြင်းကြခုန်ကြ ရပြန်သည်။ စိတ်ညစ်စရာ နေ့စဉ်နှင့်အမျှ။

ခက်သည်က သဘောကောင်းနေ၍လည်းမဖြစ်။ မငိုတတ်သည့် ကလေး နို့ဝဝ စို့ရမည်မဟုတ်။ ထို့ပြင် ငါးကျပ်သား တဆယ်သား ဆိုသည်ကလည်း နည်းသည့်တန်ဖိုးမဟုတ်။ အပြင်ဈေးနှင့် တွက်ကြည့်မည်ဆိုလျှင် ခဲ တကျပ်သား ညီမျှခြင်း ငွေတကျပ်။

အဲ . . . အပြင်မှာ ရောင်းရသည်ကတော့ ကောင်းသည်။ အိမ်တိုင်ယာရောက် လာဝယ်လေ့ရှိသည်။ ရံဖန်ရံခါသာ လာပို့ပါ ဆိုသည့်နေရာသို့ သွားရောက် ပို့ရသည်။

ဝယ်သူသည် ပထမဆုံး သတ္တုကို ကြည့်လိုက်သည်။ သတ္တုသည် ခြောက်သွေ့နေရမည်။ ပြီးတော့ ဈေးဖြတ်သည်။ ဈေးတည့်လျှင် နို့ဆီခွက်နှင့်ခြင်သည်။ နို့ဆီခွက် သုံးခွက်လျှင် နှစ်ပိဿာ။ သို့မဟုတ်၊ ဘဲဥပုံငါးသေတ္တာခွံနှင့် ခြင်သည်။ တခွက်တပိဿာ။ မယုံမရှိနှင့်။ ကွက်တိ။

ပြီး လက်ငင်း ငွေချေသည်။ ရံဖန်ရံခါ လိုအပ်၍ ယူမည်ဆိုလျှင် ကြိုတင်ငွေပင် ပေးတတ်သည်။ နောက်မှ ပြန်ဖြတ်သည်။ အတိုးမရှိ။

အဝယ်ဒိုင်မှာကတော့ ရံဖန်ရံခါ မပြေလည်လျှင် လက်ငင်းပင် ငွေမချေနိုင်။ ပြေစာဖြတ်ပိုင်းကလေးသာ ပေးလိုက်သည်။ နောက်တနေ့ကျမှ မိုင်းရုံးမှာ သွားထုတ်ရတတ်သည်။

ကွာသည်။

အပြင်မှာကတော့ ပြတ်သည်။ လွယ်သည်။ ငွေလည်း ပိုရသည်။ အချိန်ကုန်လည်း သက်သာသည်။ စကားလည်း သိပ်မပြောရ။

တခုပဲ ရှိသည်။ ပုန်းလျှိုးကွယ်လျှိုး လုပ်ရသည်။ ဖမ်းမှာဆီးမှာ ကြောက်ရသည်။ ဥပဒေနှင့် ငြိစွန်းသည့်အလုပ်။ အန္တရာယ် ရှိသည်။ လျှို့ဝှက်သည်းဖို။

သည်နေရာမှာတော့ မိဒေါင်းမတို့က အလျင်ဆုံး အပေါင်းအသင်းလည်း အများဆုံး။ အလုပ်လည်း အဖြစ်ဆုံး။

စင်စစ် မိဒေါင်းမတို့ မိသားစုထဲမှာ သည် လျှို့ဝှက်သည်းဖိုအလုပ် ပိုလုပ်နိုင်သည့် သူကလည်း ပြေးကြည့်မှ သုံးယောက်ပဲရှိသည်။ အမေ၊ မိကောင်း၊ မိဒေါင်းမ။

အမေကတော့ အပြင်ထွက်ရမည့်အကြောင်း ပေါ်လာလျှင် သူထွက်မည်ဟု ဆိုသည်။ ညဘက်များမှာမှ ထွက်ရတတ်သည်ဆိုတော့လည်း၊ မိန်းမပျိုကလေးများနှင့် မသင့်လျော်။ အထူးသဖြင့် ဖြစ်စရာရှိလျှင်လည်း သူသာ အဖြစ်ခံချင်သည်။ ငယ်ရွယ်သူတို့ကို အမှုမပတ်စေချင်။ မေတ္တာ။

သို့သော် ပြော၍သာ ပြောသည်။ သည်မိသားစုထဲမှာ အကြောက်တတ်ဆုံးက အမေ။ အမေသည် လူကိုသာ ကြောက်တတ်သည်မဟုတ်။ ဥပဒေကိုသာ ကြောက်သည်မဟုတ်။ တစ္ဆေသရဲကိုလည်း ကြောက်တတ်သည်။ မြွေပါး ကင်းပါးကိုလည်း ကြောက်တတ်သည်။

ကြဲကြဲဖန်ဖန် တွေးကြောက်တတ်သည့်ဘက်မှာတော့ အမေသည် စံ။

ရယ်လည်း ရယ်ရ၏။ အမေသည် မိုးထစ်ချုန်းပြီဆိုလျှင်လည်း ကြောက်သည်။ မိုးသည်းသည်းရွာပြီ ဆိုလျှင်လည်း ကြောက်သည်။ ယုတ်စွအဆုံး၊ သည်တနင်္ဂနွေဘက်ပိုင်းသို့ လေမုန်တိုင်း အဖျားခတ်လာနိုင်သည်ဟု ကျေညာထားလျှင်ပင် အမေ နေစရာမရှိတော့။ အလုပ်လည်း မလုပ်နိုင်တော့ချေ။ အခါခပ်သိမ်း ကောင်းကင်ကို မော့တကြည့်ကြည့်နှင့် မျက်နှာပျက် နေတတ်သည်။

အဲ . . . အဆိုးဆုံးကတော့ သေနတ်သံ။

တခါက သည်ကံပေါက်နယ်မြေမှာ ပစ်ခတ်တိုက်ခတ်မှုများ ဖြစ်ပွားခဲ့ဖူးသည်။ သောင်းကျန်းသူတို့က မီးရှို့ ဖျက်ဆီးသွားကြသည်။ သတ္တုနယ်မြေသည် မီးလောင်ပြင်ဖြစ်၍ ကျန်ရစ်သည်။ သည်ကတည်းက အမေ သွေးပျက်ခဲ့ သည်။

ယခုတော့ သေနတ်သံသာ မကြားလိုက်ရနှင့်။ အမေ လန့်ဖျားဖျားတော့မည်။ ပြီးခဲ့သည့် လကုန်ရက်ပိုင်းက ဟုမ်းဟီးလ်တောင်ခြေဘက်မှာ ပြည်သူ့စစ်တို့ ကင်းလှည့်ရင်း မတော်တဆ ကျည်ဆံထွက်သွားသည်။ ည ဆယ့်တနာရီ ခန့်မှာ သေနတ်သံတချက်ကြားရသည်။ တချက်ထဲမှ တချက်ထဲ ဖြစ်သည်။ သို့သော် မနက်ကျတော့ အမေဖျားနေပြီ။ ကိုယ်ပူသည်။

သည်အမေနှင့် သည်လျှို့ဝှက်သည်းဖိုအလုပ်၊ ဘယ့်နှယ်လုပ်၍ ဖြစ်နိုင်ပါ့မည်နည်း။

မိကောင်း။

မိကောင်းကတော့ လုံးဝမကြောက်တတ်။ ယောကျ်ားတယောက်နှင့်ပင်လျှင်လည်း ဖက်သတ်ရဲသည့် မိန်းမ။ ဗလက ကောင်းကောင်း။ သူ့ဖိနပ် ဒလဥာဏ် ခြေထောက်နှင့် တော်သည်ကိုပင်ကြည့်။ ဟန်တော့ကျသည်။ ဒလဥာဏ်ဖိနပ်ပြတ် သွားလျှင် အသစ်ဝယ်မပေးနိုင်ခင်ကြားမှာ ကျောင်းသွားကျောင်းပြန် သူ့ဖိနပ်ပဲ ငှားစီးခိုင်းရသည်။

ပြီး ထမီဝတ်လိုက်ပြီဆိုလျှင်လည်း တိုတိုမှ။ အင်္ကျီကျပြန်တော့လည်း သူကြိုက်သည်က ခေါင်းကစွပ်၍ ဝတ်ရသည့် ယောကျ်ားဝတ် စပို့ရှပ်မှ။

သည်လက သူ့အတွက် အဝတ်ဝယ်လှည့် ကျသည့်လ။ ထုံးစံအတိုင်း အများနည်းတူ၊ ကြိုက်ရာတထည် ဝယ်ခွင့်ရ သည့် လ။ သည်တော့ ဈေးဘက်ထွက်ပြီး ကိုယ်တိုင် စိတ်ကြိုက်ဝယ်လာသည်။ နိုင်ငံခြားဖြစ် စပို့ရှပ်။ ညီအမ လေးယောက် ဆင်တူဝတ်ကြရန် ဖော့မီးခိုးနရောင်ဝယ်ပြီး ချုပ်ပါဟု ညှိသည်ကိုပင် ညှိမရ။

အဲ– အလုပ် လုပ်ရာမှာကျတော့လည်း၊ ဒလဥာဏ်အကျ အပြောရင့်ရင့် ဇင်ရှပ်အင်္ကျီပွပွကြီးကို ခါးကမချ။ အလုပ် လုပ်ရာမှာ ရှုပ်သည်ဆိုပြီးတော့လည်း တတောင်ဆစ်နှစ်ဖက်မှ ပြဲနေသည်ကိုပါ ရော၍ လက်မောင်းရင်းမှ ဖြတ်ချပစ်လိုက် သည်။ ဖြစ်ကတတ်ဆန်း။

မိန်းမက ဖြူလည်းဖြူ၊ ဖွံ့လည်းဖွံ့၊ လှကလည်းလှဆိုတော့ ဘာဝတ်ထားထား အကြည့်ရမဆိုး။

သို့သော် စိတ်မချရ။

သူ့ကို ပြောလျှင်တော့ ကြိုက်လိမ့်မည် မဟုတ်။ လုပ်ရဲကိုင်ရဲ ပြောရဲဆိုရဲ သွားရဲလာရဲသည် မှန်ပေမည့်လည်း၊ သူ့ခေါင်းက စိတ်မချရ။ အကောင်က ကြီးနေပေမည့်လည်း အသက်က ငယ်သေးသည်။ လူရိပ်လူကဲ သိပ်ကြည့်တတ် သည် မဟုတ်။ မျက်နှာရိပ် မျက်နှာကဲ သိပ်သိသည် မဟုတ်။ ပြီး ရူးနှမ်းနှမ်း။ သူ ပြောချင်ရာ ပြောပစ်မည်။ သူ လုပ်ချင်ရာ လုပ်ပစ်မည်။

သည်တော့ သူနှင့်လည်း သည်လျှို့ဝှက်သည်းဖို အလုပ်သည် မလွယ်။

နောက်ဆုံးတော့ ခေါင်းဆောင်။ မိဒေါင်းမ အလုပ်။ မိဒေါင်းမ မလုပ်၍လည်းမဖြစ်။ မိဒေါင်းမ လုပ်ရ ကိုင်ရသည်။ ပြောရဆိုရသည်။ ကြံရဖန်ရသည်။ သွားရ လာရသည်။ အဖော်အဖြစ်နှင့်ကတော့ အပြင်နှင့် ပတ်သက်လျှင် ဒလဥာဏ်။ သတ္တုတွင်းနှင့် ပတ်သက်လျှင် မိကောင်း။

× × × × × × ×



Commercial use of this book will be at your OWN RISK !
http://myanmarcupid.net

## အခန်း (၈)

ခေါင်းဆောင် ဆိုပေမည့်လည်း၊ အမှန်ပြောရလျှင် သည်ပြဿနာကိုတော့ မိဒေါင်းမ မဆုံးဖြတ်တတ်။ မဆုံးဖြတ်ချင်။ မိသိမ့်တို့ မိအိမ့်တို့ ပြောတတ်ကြသကဲ့သို့ပင်၊ ခပ်လွယ်လွယ်တွေး၍ မဆင်မခြင် အပြင်ဘက် မှောင်ခိုလက်သို့ ချည့်သာ ရသမျှ အကုန်ထုတ်ရောင်းမည်ဆိုလျှင်လည်း တနည်းတော့ကောင်းသည်ပင်။ ဝင်ငွေ ပိုလာမည်ကတော့ အမှန်ပင်။ အထိုက်အလျောက်လည်း ပြေလည်လာမည်ကတော့ အမှန်ပင်။

ခက်သည်က မိဒေါင်းမတို့ ဘဝ။

ဆင်းရဲရသည့်အထဲ ပြီးခဲ့သည့် မိုးဦးလေဦးက နူရာဝဲစွဲ လိုက်သေးတယ်။ လေပြင်းအတိုက်မှာ တဲက ရှေ့သို့ ဟပ်ထိုး ငိုက်ကျသည်။ အခါတိုင်း မိဒေါင်းမခေါင်းနှင့် လွတ်နေကျ တံစက်မြိတ်သည် ယခု မလွတ်တော့။ မလွတ်တော့သည်မှ သိသိသာသာ ခါးညွတ်ဝင်ရသည်။ နောက်တကြိမ် တောင်လေတချက် ဆောင့်တိုက်လျှင် သည်တဲ မှောက်လျက်လဲဖို့သာ ရှိတော့သည်။

ပြီး တနေကုန် ကြွပ်လာခဲ့သည့် ဓနိကျွမ်း ကြက်တောင်ပြန်တို့ကလည်း မိုးဒဏ်ကို မခံနိုင်ကြတော့။ မိုးဆွတ်ပြီး ဖီးသော်လည်း ယခင်နှစ်ကနယ် ပျပ်ဝပ်မလာနိုင်ကြတော့။ ခေါင်မှတပါး နေရာအနှံ့ မိုးယိုသည်။ ရရာ ပလပ်စတစ်စတို့ဖြင့် ခေါင်းလုံရုံခြုံပြီး ငုတ်တုတ် မိုးလင်းကြရသည်။

သည်တော့လည်း မလွှဲမရှောင်သာ။ အပူတပြင်း အိမ်ပြင်ကြရသည်။ အမိုးအသစ် လဲရသည်။

မရှိရသည့်အထဲ နီးဘိုးနှောင်ခ ပျဉ်ဘိုးပြင်ခနှင့် ငွေခုနစ်ရာ အကြွေးတင် ကျန်ရစ်ခဲ့ရသည်။ တလက်မှသည် တလက်သို့အရောက် ငွေကို မြောင်းဖောက်သွယ်ပေးလိုက်ရသည်။

အင်း . . . တွေး မတွေးချင်တော့ပါဘူး။

သတ္တုလုပ်ငန်း ဆိုသည်ကလည်း ဆယ့်နှစ်ရာသီ ဖြစ်ထွန်းနေတတ်သည်မဟုတ်။ မိုးလများမှာသာ မြိုင်မြဲ။ နွေဆိုလျှင် မှိုင်ရမြဲ။

ပြီး သည်လကုန်ခဲ့သည့် မိုးမှာ အမေ့ကျန်းမာရေးကလည်း အကျဘက်သို့ ယိုင်စပြုလာသည်။ ဇရာရိပ် လွှမ်းစပြုလာပြီဆိုတော့လည်း ပြောက်ကျား ပြောက်ကျား ဖျား ဖျား လာတတ်သည်။

ယခင်တုန်းကဆိုလျှင် မနေမနား လုပ်ကိုင်နေရမှ စား၍ကောင်း၊ သွား၍ကောင်း၊ နေ၍ကောင်း၊ အိပ်၍ကောင်းတတ်သည့် အမေသည် ယခုတော့ အံ့ဩစရာ။ ရွက်နေကျ မြေစာတောင်းကို ရွက်၍၊ တက်နေကျ ကုန်းအမြင့်ကို တက်ရုံမျှနှင့်ပင် မူးလဲရသည်ကလည်း နှစ်ခါ။

သည်တော့ သည်နှစ် မိုးကာလတလျှောက်မှာ အမေ့လုပ်အားလည်း များစွာ လျော့ခဲ့သည်။

နောက် မိကောင်းတယောက်လည်း ဆယ်ရက် ဆယ့်ငါးရက် အလုပ်ပျက်ခဲ့သည်။ ဖြစ်ချင်တော့ တသက်လုံး ဖိနပ်မပါဘဲ သည်သတ္တုမြေထဲ လျှောက်ခဲ့သည့် ခြေထောက်၊ ဘယ်တုန်းကမှ ဘာတခုမှ မဖြစ်ခဲ့ဘူးပါပဲလျက်နှင့် ကြိကြိ ဖန်ဖန် သည်မိုးတွင်းကျခါမှ ကျောက်ခဲစောင်း စူးမိပြီး အနာဖြစ်လာသည်။ ညှော်မိပြီး မန်းဆိပ်တက်လာသည်။ အင်မတန် သတ္တိကောင်းသည့် မိန်းမပင် ကိုက်ခဲသည့်ဒဏ် မခံနိုင်တော့၍ မျက်ရည်ကျလာသည်။

နောက်ဆုံးတော့ ကုလက်စ ဆေးပေးခန်းက ထားဝယ်ဆေးရုံကြီးသို့ လွှတ်သည်။ ငွေကုန် လူပန်းဖြစ်လိုက်ရတော့မှ သူ့အနာက ကျေနပ်ပုံ ရသည်။

အလုံးစုံ ခြုံလိုက်တော့ သည်နှစ်မိုးမှာ အကြွေးကျေရုံသာရှိခဲ့သည်။

သည်တော့ မိဒေါင်းမလည်း ကျနေသည့် စိတ်ဓါတ်ကို ခဏခဏ ကောက်မတင်ချင်တော့၊ တွေဝေလာမိသည်။ ပင်ပန်းသက် ရင့်လာရပြီ ဆိုတော့လည်း အဖြူခံ ပင်ကိုယ်စိတ်မှာ တိတ်တိတ်ပုန်း ရောင်စုံ ခြယ်ချင်လာမိသည်။

× × ×

သို့သော် မိဒေါင်းမမှာက ဘယ်ဘဝ ဘဝက ကုသိုလ်ကြမ္မာရယ်မသိ။ ဘယ်သူဖြစ်ဖြစ်၊ သူ့မျက်နှာကို မမြင်ဘူး လိုက်နှင့်၊ မြင်ဘူးလိုက်လျှင် ချစ်ခင်မိတတ်သည်။ သူနှင့်လည်း မသိဘူးလိုက်နှင့်၊ သိဘူးလိုက်လျှင် မေ့ရခဲတတ်သည်။ သူ့အကြောင်းကိုလည်း မကြားဘူးလိုက်နှင့်၊ ကြားဘူးလိုက်လျှင် သနားကြည်ဖြူမိတတ်သည်။

ကြည့်။ သတ္တုတွင်း မန်နေဂျာ၏ အိမ်တည်ရာနှင့် မိဒေါင်းမတို့နေရာ လှည်းကုန်းသည် စင်စစ် နီးသည့်ခရီး မဟုတ်။ မိဒေါင်းမ၏ ကျောက်ကပ်ကောက် ပိသာစား အလုပ်သမားဘဝနှင့် သတ္တုတွင်းမန်နေဂျာ၏ဘဝ ဆိုသည် ကလည်း နည်းသည့် အကွာအဝေးမဟုတ်။

သို့သော် ခုနစ်ရာကျော်မျှ ရှိနေသည် ဝန်ထမ်း မဟုတ်သော ပြင်ပအလုပ်သမား မြောက်မြားစွာထဲမှာ မိဒေါင်းမ တယောက်ကိုမှ ဆရာဦးသိုက်စိုးအောင် ကတော်ကလည်း ရွေး၍ စိတ်ထဲတွေ့နေသည်။

ပြောရလျှင် သည် ကံပေါက် သတ္တုတွင်းနယ်မြေမှာ ဆရာဦးသိုက်စိုးအောင်သည် အကြီးဆုံးအရာရှိ။ အာဏာသာ မရှိကောင်း မရှိမည်။ ဩဇာတော့ အရှိဆုံးပုဂ္ဂိုလ်။

သည်တော့ ခိုင်းပါလေ . . . တွေ့သမျှလူ။ လုပ်ပေးချင်သူ အနမတဂ္ဂ။

သို့သော် . . . မောင်ငယ်ကို ပညာသင်စေလျက် အမျိုးသမီးချည့် ကျန်ရှိသော မိသားစုကို အမျိုးသမီးငယ် တယောက်ကပင် ခေါင်းဆောင်၍ သတ္တုလုပ်ငန်း လုပ်နေသည်ဆိုသောသတင်းက ပထမဆုံး ဦးသိုက်စိုးအောင် ကတော်ကို စိတ်ဝင်စားစေခဲ့သည်ဟု ဆို၏။

ပြီး သည် မိသားစုသည် မှန်ကန်သည်၊ ရိုးသားဖြောင့်မတ်သည်၊ ရတတ်သမျှကို အစိုးရအဝယ်ဒိုင်သို့သာ ပို့အပ် သည်ဟူသော သတင်းတရပ်ကြောင့်လည်း ဦးသိုက်စိုးအောင်ကိုယ်တိုင်က တနေ့နေ့ လက်ခံတွေ့ဆုံ၍ ချီးမွမ်းအားပေး စကား ပြောချင်လာမိသည်ဟု ဆိုသည်။

စင်စစ် သည်မိသားစုမှာ ယောကျ်ားချည့်သာဆိုလျှင် မည်သူနှင့်မျှ တွဲဖက်နေစရာမလိုဘဲ၊ သူ့ရုံးမှာ လျှောက်လွှာ တင်၍ ကိုယ်ပိုင် လိုင်ဇင်မင်တခု တူးခွင့်ရနိုင်သည်ဟုလည်း ဦးသိုက်စိုးအောင် တွေးခဲ့မိဘူးကြောင်း . . . နောင်ခါ ပြောပြ၍ သိရသည်။

သို့သော် အခြေအနေအရ ရုတ်တရက်မူ မဆုံတွေ့ဖြစ်ကြ။ ဦးသိုက်စိုးအောင်တို့ ကံပေါက်သို့ ရောက်လာပြီး ခြောက်လခန့် ကြာတော့မှ ကြုံကြိုက်ဖြစ်ကြသည်။

တနေ့ ဦးသိုက်စိုးအောင်တို့ ထားဝယ်မှအပြန်၊ ကံပေါက်သို့ အဝင်၊ ကျောက်တိုင်ကွေ့မှာ မိဒေါင်းမတို့ မောင်နှမနှင့် ရင်ဆိုင်တွေ့ကြသည်။

သည်တွင် သတိတရ ယာဉ်မောင်းသမားက ဆရာဦးသိုက်စိုးအောင်ကို ညွှန်ပြသည်။ ဆရာဦးသိုက်စိုးအောင်က လည်း ရုတ်ခြည်း ရပ်စေသည်။ ဆင်း၍ ခေါ်စေသည်။

သည်သို့နှင့် ဆရာဦးသိုက်စိုးအောင်တို့အိမ်သို့ မိဒေါင်းမ ပထမဆုံး ရောက်ဖူးခဲ့ရသည်။

ပြီး ရယ်ဖို့ကောင်းသည်က လူရာသွင်းကာ ကောင်းမွန်စွာ ဧည့်ခံသည်။ ရေခဲသေတ္တာထဲမှ စည်သွပ်နာနတ်ရည်ဗူးကို ဖောက်၍ သူတို့လည်းသောက်၊ မိဒေါင်းမတို့ကိုလည်း တိုက်သည်။ အားနာစရာကြီး။

ယခုတော့လည်း သည်အိမ်မှာ ဝင်စေ ထွက်စေ။ ရင်းချာ၍ နေပြီ။ တစုံတရာ အကူအညီလိုလာလျှင် သတိတရ ခေါ်ခိုင်းသည်။ မမေ့မလျော့ ပေးကမ်းကျွေးမွေးသည်။

ခက်သည်။

ရောင်စုံခြယ်လိုက်ချင်ပေမည့် သည်မျက်နှာကိုလည်း ထောက်ရဦးမည်။

မိဒေါင်းမ ယောင်းမမြင်းစီး မပြချင်။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**

**http://myanmarcupid.net**

## အခန်း (၉)

‘ကိုပြုံသဒါး’
‘ဗျား’
‘နားလည်တယ် မဟုတ်လား’
‘ဘာပါလိမ့်၊ အရင်းအကျ အဖျားမရှိ . . .’
‘အော . . . မေ့သွားပြီပေါ့လေ . . . ထင်သားပဲ . . .’
‘အော် . . . အေး အေး အေး၊ မမေ့ပါဘူးဟ၊ ရုတ်တရက်မို့ပါ၊ ဘယ်မလဲ၊ ပေး’
‘ရော့၊ မေ့ရင်တော့ အသိပဲ’
‘ရပါတယ်ဟာ၊ မဟုတ်တာ လုပ်တာမှ မဟုတ်ပဲနဲ့’
သူ့လက်ထဲ လှမ်းအပ်လိုက်သည့် ပလပ်စတစ် ထမင်းဗူး အဝါကလေးကို ပြုံသဒါး အဖုံးဖွင့်၍ ကြည့်လိုက်သည်။
သည်အထဲမှာ မနက်တုန်းကတော့ ငပိထောင်း။ ယခုသတ္တု။ အရောင်အဆင်းချင်းကတော့ သိပ်မခြားနား။
‘ခဏနေအုံးနော် . . . မိကောင်းတယောက်ထဲလား’
ပြုံသဒါး အပြင်ဘက် တောင်တောင်မြောက်မြောက် လှမ်းကြည့်ရင်းမေးသည်။
‘ဟုတ် . . .’
မြန်မြန်လုပ်ပေးပါဟု တဆက်ထဲ ပြောလိုက်မည်ကြံပြီးမှ ဟုတ်တွင်ပင် ရပ်လိုက်သည်။
မှန်သည်။ လာရောင်းနေသူတို့က သုံးဦးဖြစ်နေသည်။ အလှည့်ကျဆိုလျှင် မိကောင်းက နောက်ဆုံးသာ ဖြစ်ရမည်။
အဟုတ်။ သည်အထိတော့လည်း အခွင့်အရေး မယူချင်။ ကိုယ့်ထက်ဦး၍ ရောက်နှင့်နေသူတို့က ကျေနပ်ကြလိမ့်မည်မဟုတ်။ မကျေနပ်၍ ကွယ်ရာမှာ သွားပုပ်လေလွင့် ပြောကုန်မှ ပြဿနာရှုပ်ကုန်မည်။
ပြီး အရေးကြီးသည်က သည်အပိုင်း မဟုတ်။ ကိုယ့်အလှည့်မှာ ထုံးစံအတိုင်း လုပ်ရိုးလုပ်စဉ် လုပ်မနေဖို့သာ လိုသည်။ တခြားလူ မရှိမှလည်း ပိုကောင်းသည်။
သူတို့ ဒိုင်မှာကတော့ ပြုံသဒါးအပြင် အခြား ဝန်ထမ်းနှစ်ယောက်လည်းရှိသည်။ မြင်ဘူး တွေ့ဘူးနေကျ မျက်နှာများ။ သူ့ ကိုယ်သိ။ ကိုယ့်သူသိ။ ကိစ္စမရှိ။
သို့သော် ဒိုင်မှူးတော့ ရှိပုံမရ။ ပြုံသဒါးကိုယ်တိုင်က ဒိုင်မှူးနေရာမှာလည်း လုပ်နေသည်လော မပြော တတ်။ပိုကောင်းသည်။
ဝန်ထမ်းနှစ်ယောက်ကတော့ ရောက်နှင့်နေသူ နှစ်ယောက်အတွက် ထုံးစံအတိုင်း ဆောင်ရွက်ပေးနေသည်။ မအားကြ။ သူတို့ ပြီးမှ . . .။
သို့သော် မိကောင်း သတိရလာသည်။ အမဒေါင်းတယောက်ထဲ လမ်းမမှ စောင့်နေရလိမ့်မည်။ သည်က ပြန်မှ ညီအမနှစ်ယောက် ဈေးဘက်သို့ တခေါက်လျှောက်ရမည်။ ဟင်းချက်ဖို့ ဈေးဝယ်ရဦးမည်။

သည် ထမင်းဗူးနှင့်ပင် ဆီနှစ်ဆယ်သား ဝယ်ထည့်ခဲ့ရန်လည်း အမေက မှာလိုက်သည်။ ပြီးမှ ပြန်ရမည်။

အမေတို့ကတော့ ဖြတ်လမ်းက ပြန်နှင့်ပြီ။ ထမင်းတအိုးတော့ ချက်ထားနှင့်မည်ဟုဆိုသည်။ အငယ်မ နှစ်ယောက်ကတော့ ရေခပ်ကြလိမ့်မည်။

သည်တော့ အချိန်က နည်းနေပြီ။ ဆောင်း ဆိုတော့ နေကလည်း အဝင်စောသည်။ မှောင်သွားလိမ့်မည်။

သူ့အတွက်ကတော့ အကြောင်းမဟုတ်။ အမဒေါင်းက ချောပါဘိသနှင့်။ လမ်းမမှာ တယောက်တည်း။ သည်အချိန်က နွားရိုင်း ရေသောက်ချိန်။ အရက်မူးသမားတို့နှင့် တွေ့နေမှဖြင့် ဒုက္ခ။ မိကောင်း ရတက်မအေး။

ခက်သည်က အမဒေါင်း။ လိုက်ခဲ့ပါရန် အတန်တန် ပြောသော်လည်း မရ။ အမဒေါင်းသာ ပါလာလျှင် သည်မှာလည်း သည်နှယ် စောင့်နေရလိမ့်မည် မထင်။ ပျာပျာသလဲ လုပ်လိုက်မည့် ဖြစ်ခြင်း။

'သည်မယ် ကိုပြုသဒါး'

'ဗျား'

'ကြာများ နေမလား'

'နေပါအုံး၊ သူတို့ပြီးရင် လုပ်ပေးမှာပါ၊ ခဏကလေး'

ပြုသဒါး ထိုင်ရာမှ ထသည်။ မြန်မြန်ပြီးရန် သွားရောက်ကူညီမည့်ဟန်။

'မှောင်သွားမှာ စိုးလို့'

'ဒါကံပေါက်ပါ၊ မပြန်ရဲရင်လဲ လိုက်ပို့ပေးမှာပေါ့၊ ကဲ ဦးလေးပန်ရေ . . . မြန်မြန်ကလေးတဲ့ဗျာ၊ ဟောသည် ဦးလေးတူမက မှောင်သွားမှာ စိုးလို့တဲ့'

'မဟုတ်ဘူး၊ အမဒေါင်း တယောက်ထဲရယ်၊ စောင့်နေတယ်'

'ဟောဗျ၊ ဘယ်မှာလဲ'

'လမ်းမကစောင့်မယ် ပြောတယ်'

'ဘာဖြစ်လို့လဲ'

'မဟုတ်ဘူး၊ ဒီကအပြန် ဈေးသွားဝယ်ရဦးမှာ'

ပြုသဒါး ရင်မ၍ ပင့်သက်ချလိုက်သည်။ ပြီးတော့မှ သူ့ကိုယ်သူ ပြောလိုက်သည့်နှယ် ညည်းသည်။

'သည် မလိုက်လာချင်ဘူးပေါ့လေ၊ သည်ကကောင်နဲ့ တွေ့နေရမှာစိုးလို့၊ ပြောလိုက်ပါ မိကောင်းရယ်၊ တောကောင် မဟုတ်ပါဘူး၊ အန္တရာယ် မပြုတတ်ပါဘူးလို့'

'အလိုတော်၊ ကိုယ့်ဟာကိုယ် ပြောပါ့လား၊ ယောကျ်ား မဟုတ်တာကျလို့ . . .'

'အေးဗျ၊ အေးဗျ၊ ပြုသဒါးဆိုတဲ့ ကောင်ကလည်း ဘယ့်နှယ် ဖြစ်နေတယ်ကို မသိဘူး၊သူ့မို့တွေ့ရင် အလကားနေရင်းနဲ့ကို ခြေဖျားလက်ဖျားတွေ အေးကုန်ရော'

မိကောင်းက ပါးစပ်ပိတ်ပြုံးသည်။

'ကဲ ဘယ်မလဲ ခဲ'

မိကောင်း ရုတ်တရက် လန့်သွားသည်။ ဦးလေးပန်ဆိုသည့် လူကြီးက သူ့နောက်မှာ ဘယ်အချိန်က ရောက်လာလိုက်သည်မသိ။ အနားရောက်လာမှ ယူလာသည့် သတ္တုကို တောင်းသည်။

'သည်မယ် ဦးလေးပန်'

ပြုသဒါးက ထမင်းဘူးလေးကို ထိုးပေးသည်။

'တခါထဲပဲ ဦးလေးပန် ချိန်လိုက်တော့၊ ကျွန်တော် ကြည့်လိုက်ပြီးပြီ၊ ဟိုနှစ်ဦးရဲ့ အချိန်ကကော၊ ကိုသစ်ရေ ယူခဲ့တော့လေ'

ကိုသစ်ဆိုသည့် အခြားဝန်ထမ်းလည်း ရောက်လာသည်။ ရောင်းသူတို့လည်း ပါလာသည်။ သူတို့ စာရင်းတွက်ကြသည်။ ပြီး ငွေရှင်းပေးလိုက်သည်။ စကားမများကြ။ တယောက်နှင့်တယောက်လည်း စောင့်ပြန်သွားကြသည်။ မိကောင်းတယောက်သာ ကျန်ရစ်သည်။

'ဟဲ့ ကောင်မလေး၊ များလှချည့်လား'

ချိန်ခွင်ဘက်မှ လှမ်းပြောသည်။

'ဘယ်လောက် ရှိလို့တုန်း'

ပြုသဒါးက ပြန်မေးသည်။

'တပိဿာ့ တဆယ်'

'ကဲ ဒီလိုဆို ကိုးဆယ်သားပေါ့ ဟုတ်လား'
ဒီစကားကတော့ မိကောင်းကို ရည်ရွယ်သည်။
မဆိုးတော့ မဆိုး၊ သို့သော် တိုးရလိုရငြား မိကောင်း ပြန်ပြောကြည့်ဦးမည်။
'အဲဒါ ရတိုင်း ရတိုင်း ဖြန့်လှန်းထားတာ၊ နေပူထဲမှာ'
'ဒါဖြင့် ဘယ်လောက်ထားလိုက်မလဲ'
သည်မေးခွန်းကိုတော့ ပြဿဒါး တိုးတိုးကလေးမေးသည်။ ညှိသည့်သဘော။
'ဒါတော့ ဘယ်သိမလဲ'
'အစိုဓါတ်တော့ ရှိသေးတယ် မဟုတ်လား'
မိကောင်း ခေါင်းညိတ်သည်။
'ကဲပါ အတိထားလိုက် . . . နော်'
မိကောင်း ပြုံး၍ ခေါင်းညိတ်သည်။
ပြဿဒါးကတော့ တွက်သည်။ ပြီး စားပွဲအံ့ဆွဲထဲမှ ငွေထုတ်၍ ရှင်းသည်။ လေးဆယ့်ခုနစ်ကျပ်နှင့် ပြားငါးဆယ်။
မိကောင်း ငွေကို သူ့ရှပ်အင်္ကျီအိတ်ထဲ ထည့်လိုက်သည်။ ပြီး ထမင်းဘူးကို ယဉ်ဇလားမှ ရေပိုက်မှာဆေးသည်။ ပြန်ထွက်သည်။
'လိုက်ပို့ရဦးမလား'
'မလိုပါဘူး'
'မဟုတ်ဘူးလေ၊ လိုက်ခဲ့ရဦးမလားလို့'
'အို . . . ဒါကတော့ ကိုယ့်ဘာသာကိုယ် လိုက်ချင်လိုက်၊ မလိုက်ချင်နေ၊ အလကားပါ၊ သတ္တိဖြင့် မရှိဘဲနဲ့'
'အဲ ဒါတော့လဲ ကောင်မလေးစကားက မှန်ပြန်ရောဟေ့'
ရယ် ကျန်ရစ်ခဲ့ကြသည်။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**
**http://myanmarcupid.net**

**အခန်း (၁၀)**

ပြဿဒါး ဝမ်းနည်းသည်။

သည်နောက်ပိုင်း မိဒေါင်းမက အတွေ့အမြင်ပင် မခံတော့။ သူချစ်နေသည်ကို ရိပ်မိကတည်းက တတ်နိုင်သမျှ မျက်နှာချင်းမဆိုင်ဖြစ်အောင် ရှောင်နေသည်မှာလည်း အမှန်။ မည်သည့်နည်းနှင့်မျှ မေတ္တာမတုံ့ပြန်နိုင်၍သာ ဖြစ်ရာသည်။

မှန်သည်။ အလလ ကြံစည်ထားခဲ့သမျှတို့သည် ယခုသော် အချင်းစည်း ဖြစ်ရကုန်တော့မည်ထင်သည်။

ကိုယ့်လုပ်အားခလည်း ဆုံးရှုံးရ၊ စုဆောင်းမိသမျှ ငွေကြေးကလေးသည်လည်း အခြားလုပ်ဖော်ကိုင်ဖက်တို့အတွက် လုပ်ခ ပေးလိုက်ရသဖြင့် ဆုံးရှုံးရ။ သတ္တုကြောမမိ၍ သတ္တုကလည်း ဖြစ်ဖြစ်မြောက်မြောက် မရနှင့် နောက်ဆုံး ကုန်းကောက်စရာပင် မရှိတော့သော ကိုယ်ပိုင်လိုဏ်ဥမင် တူးမိသူတယောက်၏ ကိန်းမျိုးသို့ ဆိုက်ရောက်တော့မည်ထင်သည်။

မောကျန်ရစ်ရတော့မည့် အဖြစ်။

ပသို့ဆိုစေ၊ သတ္တုတွင်းဆိုသည်ကတော့ သည်တတွင်း မအောင်မြင်လျှင် နောက်တတွင်း နေရာပြောင်း၍ တူးနိုင်သည်။ ငွေနှင့် လုပ်အားသာ ရှိနေ၍ကတော့ ကောင်းစွာဖြစ်နိုင်သည်။ မျှော်လင့်ချက် ကုန်ဆုံးပြီမဆိုသာ။

သို့သော် မေတ္တာဆိုသည်ကတော့ အဓိပ္ပာယ်တမျိုး။ တယောက်ကနေ အခြားတယောက်ကို ပြောင်းချစ်ဖို့ဆိုသည်မှာ မလွယ်။ မိဒေါင်းမကလွဲ၍ မည်သူ့ကိုမျှ သူ မချစ်နိုင်။

အဟုတ်။ သူ့ဘဝတွင်လည်း သည် မိဒေါင်းမအပေါ်မှာကဲ့သို့ မည်သူ့ကိုမျှ နှစ်နှစ်ကာကာ စွဲစွဲလမ်းလမ်း မချစ်မိဘူးခဲ့။

အဲ . . . တခါတုန်းကတော့ အပွယ်ဆိုသည့် ကရင်မကလေးတယောက်ကို ချစ်ခဲ့မိဖူးသည်ဟုမူ သူဝန်ခံရလိမ့်မည်ထင်သည်။

အံ့ဩဖို့ကောင်းသည်က သူကိုယ်တိုင်က အရုပ်ဆိုးအကျည်းတန်၍လော မပြောတတ်။ ပြဿဒါး၏ မျက်စိထဲတွေ့မိလိုက်၊ ပြဿဒါးရင်ထဲက ချစ်မိလိုက်မှဖြင့် လှပေ့၊ ချောပေ့ ဆိုသည်ချည့် ဖြစ်ဖြစ်နေတတ်သည်။

အများတကာ၏ အမြင်မှာပင်လျှင်လည်း သာမန်ထက်တော့ ပို၍လှသည်၊ ပို၍ချောသည်ဟု ဝန်ခံချီးမွမ်းကြလေ့ရှိသည်။

အဲသည် အပွယ်နှင့် ဖြစ်ရတုန်းကတော့ ပြောလျှင်ယုံမည်မဟုတ်။ အကုန်လွယ်ခဲ့သည်။ အတွေ့လွယ်ခဲ့သည်။ အချစ်လွယ်ခဲ့သည်။ အမေ့လွယ်ခဲ့သည်။

အပွယ်သည် ထားဝယ်မှ ဟာမြင်းကြီးကားလမ်းမပေါ်မှ ပကာရီရွာက။

ရွာဟုသာ ဆိုရပေမည့် မြို့ငယ်လေးတမျှ စည်သည်။ တချိန်က သတ္တုတွင်းလုပ်ငန်းလည်း ရှိခဲ့ဖူးသည်ဟု ဆိုသည်။

ယနေ့လည်း သတ္တုရောင်းဝယ်ရေးလုပ်ငန်း၏ အချက်အချာ။

ပထဝီအနေအထားအရလည်း ဟာမြင်းကြီး၊ ဟိန္နား၊ ထားဝယ် ဖိုခနောက်ဆိုင်၏ အလယ်ဗဟိုမှာ။ သည်တော့ မကာရီသည်လည်း ထားဝယ်ကဲ့သို့ပင် စည်ပင်ဖွံ့ဖြိုးသည်။ ခေတ်မှီသည်။ သည်တော့ အပွယ်သည်လည်း ခေတ်မှီစွာ လှသည်။

ပကာရီကို အဖြတ်၊ ခေတ္တနားခိုက်မှာ ပြသဒါး အပွယ်နှင့် စတွေ့သည်။ ထို့နောက် ဆယ်ခေါက်ပင် မရောက်လိုက်ရ။ သုံးလပင် မပြည့်လိုက်ရ။ အပွယ်က ပြသဒါး၏ မေတ္တာကို တုံ့ပြန်လက်ခံသည်။

သို့သော် နောက်ထပ် ဆယ်ကြိမ်ပင် မတွေ့လိုက်ရ။ မေတ္တာသက်တမ်းသည်လည်း သုံးလပင် မပြည့်လိုက်ရ။ အပွယ် မကာရီမှ တခါထဲ ပျောက်သွားသည်။ ကော့သောင်းသို့ ပြောင်းသွားကြလိမ့်မည် ထင်သည်ဟု ဆိုသည်။ နှုတ်လုံပါဘိခြင်း။ စိတ်ခိုင်ပါဘိခြင်း။

စိတ်ထဲမှာတော့ သိနေသည်။ ပြသဒါး ပြော၍တော့ မပြတတ်။

မတူ။ မိဒေါင်းမနှင့် လုံးဝမတူ။ စိုးစဉ်းမျှ မတူ။ အနေထိုင်ချင်းလည်း မတူ။ ဝတ်စားဆင်ယင်ထုံးဖွဲ့ပုံချင်းလည်း မတူ။ အမူအရာချင်းလည်း မတူ။ စရိုက်ချင်းလည်း မတူ။ အလှချင်းလည်း မတူ။

သို့သော် လှတော့ လှကြသည်။ လျင်လည်း လျင်ကြသည်။ ရဲလည်း ရဲကြသည်။ ပြတ်လည်း ပြတ်ကြသည်။ အထူးသဖြင့် စကားပြောသောအခါ ချစ်စရာကောင်းတတ်ပုံချင်းလည်း တူကြသည်။

ပသို့ဆိုစေ၊ အပွယ်က မေတ္တာတုံ့ပြန် လက်ခံသည် ဆိုသော်ငြားလည်း၊ ပြသဒါး၏ စိတ်ထဲမှာ အားမရခဲ့။ ဟန်ဆောင်နေသည်ဟု ထင်ရအောင်ကလည်း သူကိုယ်တိုင်က စက်မှုတက္ကသိုလ်ထွက် သတ္တုတွင်း အင်ဂျင်နီယာ တယောက်လည်း မဟုတ်။ ဘာကောင်မို့ ဟန်ဆောင် ပေါင်းနေရမည်နည်း။

အဘယ်မျှ အာဏာရှိ၍၊ အဘယ်မျှ အလားအလာရှိ၍၊ အဘယ်မျှ ပစ္စည်းဥစ္စာရှိ၍ ဟန်ဆောင်ပေါင်းနေရမည်နည်း။ သို့သော် ဟန်ဆောင်ချစ်နေသကဲ့သို့သာ ပြသဒါး ခံစားခဲ့ရသည်။ ပြော၍တော့ မပြတတ်။

သည်တော့လည်း ချစ်၍သာ ချစ်ခဲ့ရသည်။ ပြသဒါး၏ ရင်ထဲမှာ မကြည်နူးခဲ့ရ။ မကြည်နူးခဲ့ရ၍လည်း မစွဲလန်း ဖြစ်ခဲ့။ မစွဲလန်းဖြစ်ခဲ့၍လည်း မတမ်းတမိတော့။ လွယ်လွယ်ပင် မေ့ခဲ့သည်။ မေ့နိုင်စွမ်းခဲ့သည်။

ယခုသော် မိဒေါင်းမတယောက် ရင်ထဲရောက်၍ လာပြန်ပြီ။

ဘယ့်နှယ်ဖြစ်ရသည် မသိ။ မိဒေါင်းမနှင့် တွေ့ရသည့်အခါတိုင်း ရင် မဖိုတောင်း ဖိုသည်။ နှလုံးကလည်း အပြင်သို့ရုန်းထွက်တော့မတတ်၊ ဆောင့်ဆောင့်ပြီး ခုန်သည်။

ပြီးတော့ စိတ်ကလည်း သိပ်ကြောက်တတ်လာသည်။ တွင်းပိ၍ သေရပါစေ့ရဲ့။ မှန်ရာကို သစ္စာဆိုရလျှင် . . . လောကမှာ မိဒေါင်းမက “မချစ်နိုင်ဘူး” ဟု ပြန်ပြောလိုက်မှာကို အကြောက်ဆုံးဖြစ်သည်။

သည်တော့ သည် “မချစ်နိုင်ဘူး” ကို မကြားရဖို့အတွက် ပြသဒါးသည် ကနေ့အထိ ချစ်ရေး မဖွင့်ဆိုရဲခဲ့။

သို့သော် မိုးကိုတော့ မီးစွဲစ ပြုပြီ။ အများက သိကုန်ပြီ။ မိဒေါင်းမကလည်း သိနေပြီ။ အတွေ့အမြင်ပင် မခံတော့။ သိရုံမျှနှင့်ပင် မိဒေါင်းမ တိမ်းနေစိမ်းနေပြီ။ ယိမ်းဖို့ရာ လမ်းစမမြင်တော့။

ပြသဒါး ဝမ်းနည်းသည်။

အလလ ကြံစည်ထားခဲ့ရသမျှတို့သည် ယခုသော် အချင်းစည်း ဖြစ်ရကုန်တော့မည် ထင်သည်။ ရင်ထဲမှာ မောလာ သည်။

× × × × ×

တန်းလျားခန်းထဲမှာ တယောက်ထဲဆိုတော့လည်း၊ ပြသဒါး အိန္ဒြေဆည် မနေနိုင်တော့။ ကုတ်မိလက်စနှင့် ကုတ်လိုက်သည်။ လက်တဖက်ထဲနှင့်ပင် အားမရတော့၍ နှစ်ဖက် စုံကုတ်ပစ်လိုက်သည်။

ခွဲတမ်းမရသော နှစ်+ခြောက်ဆယ်လုံကလည်း သည်နေရာမှာတော့ တန်ဘိုးသိပ်ရှိသည်။ အသားနီပင် လန်ကုန်ပြီ ထင်သည်။

စပ်လာတော့မှ ကျေနပ်သည်။ ကျေနပ်တော့မှ စပ်လာသည်။ ပြသဒါး ကွလျှောက်၍၊ အိပ်ရာမှာ ထိုင်ချလိုက် သည်။

ဘယ်တုန်းကမှ မတင်ဖြစ်ဘူးသော ခြင်ထောင် အနားကို ဖိထိုင်မိသဖြင့်လည်း၊ ခြင်ထောင်ကြိုး ပြတ်ကျသည်။

အရေးထဲ ဝဲကလည်း တပြသနာ။

ဝဲသည်လည်း မကောင်း။ စွဲလာမိပြီဆိုလျှင် တော်တော်နှင့် မပျောက်ချင်တတ်။ ထားဝယ်ဈေး လူကြုံနှင့် ဝဲဆေးတောင့်မှာ၍ လိမ်းလာခဲ့သည်ပင် ကြာပြီ။

လိမ်းလိုက် သက်သာလိုက်၊ သက်သာလိုက် မလိမ်းလိုက်၊ လိမ်းလိုက် ပြန်ထလာလိုက်နှင့် နောင်တသာ အခါခါ ရပြီး ဝဲသံသရာ လည်နေသည်။

အမှန်တော့ သည်ဝဲသည် ကံပေါက်ဇာတိမဟုတ်။ ဟာမြင်းကြီးဆက်။

ဟာမြင်းကြီးဆက်က မပြတ်ပေမည့်၊ ဟာမြင်းကြီးကိုတော့ ပြဿဒါး သတိမရဖြစ်သည်မှာ ကြာပြီ။

သတိရစရာ အကြောင်းလည်းမရှိ။ ပြဿဒါးမှာက မိဘလည်း မရှိတော့။ ညီအကို မောင်နှမ ဆွေမျိုးသားချင်း လည်း ရှိသည်မဟုတ်။

အဲ–မှသား ပါရော့မည်။ အမေ့ဘက်က အမေ့အမတယောက်တော့ မြိတ်မှာ ရှိနေသည်ဟု ကြားမိခဲ့ဖူးသည်။ သို့သော် မြင်လည်း မမြင်ဘူး၊ တွေ့လည်း မတွေ့ဘူး။ အဆက်အသွယ်လည်း မရှိ။ သံယောဇဉ်လည်း မရှိ။

တကောင်ကြွက် တမျက်နှာ။

တကောင်ကြွက် တမျက်နှာဆိုသည်က နာမည်သာ ဆိုးသော်လည်း အခြားဘက်မှ ကြည့်လျှင်တော့ ကောင်းသည်။ လွတ်လပ်သည်။ ပြန်ငဲ့နေစရာ မရှိ။ နောက်ဆံတင်းနေစရာ မလို။

ပြီး အိုးပိုင်အိမ်ပိုင်မရှိ၊ အစိုးရက ပေးထားသည့် တန်းလျားခန်းကလေးသာလျှင် ကိုယ့်အိမ်ကိုယ့်ယာဖြစ်သည်ဟု ဆိုတော့လည်း ပို၍ လွတ်လပ်သည်။ စိတ်သွားတိုင်း ကိုယ်ပါသည်။ ရောက်ရာအရပ်သည် ကိုယ့်အရပ်။

စင်စစ် ပြဿဒါး ကိုယ်တိုင်ကလည်း ခြေထောက်မှာ ဗွေပေါက်သည်။ တနေရာထဲမှာ စွဲစွဲမြဲမြဲ နှစ်ရှည်လများ နေချင်လေ့မရှိ။

သည်နေရာမှာတော့ ပြဿဒါး ကွက်ကျော်မြင်တတ်သည်။ သက်ဆိုင်ရာ မိုင်းရုံးမှ ရုံးထိုင်ပုဂ္ဂိုလ်များနှင့်လည်း သင့်မြတ်အောင် ပေါင်းသည်။ တာဝန်ရှိပုဂ္ဂိုလ်တို့နှင့်လည်း အဆင်ပြေအောင်နေသည်။

အခိပ္ပာယ်ကတော့ ဘယ်သူက ဘာခိုင်းခိုင်း တက်ကြွစွာလုပ်ပေးသည်။ ပြီးတော့မှ အခွင့်အလမ်း ပေါ်လာလျှင် နယ်ပြောင်းရဖို့ကို ချဉ်းကပ်ပူဆာလေ့ ရှိသည်။

သည်သို့နှင့် ဟိန္ဒားတို့ ကျောက်မဲတောင်တို့မှ သတ္တုတွင်းသို့လည်း ပြဿဒါးရောက်ခဲ့ရဖူးပြီ။ ဟိန္ဒားမှာ တနှစ်ခန့်ကြာခဲ့သည်။ ကျောက်မဲတောင်မှာကတော့ ရောက်ဖူးရုံမျှသာ။

ခက်သည်က သတ္တုတွင်းဆိုပေမည့်လည်း၊ တတွင်းနှင့် တတွင်း လုပ်ငန်းသဘာဝချင်း ခြားနားတတ်ကြသည်။

ယေဘုယျအားဖြင့် သတ္တုတွင်းတို့မည်သည် တော တောင် ရေ မြေ ကြမ်းတမ်းသော ဒေသများ၌သာ တည်ရှိမြဲ။ ရာသီဉတု အပူအအေး မမျှတမြဲ။ စွတ်စိုထိုင်းမှိုင်းမြဲ။ ခရီးလမ်းပန်း ဆက်သွယ်ရေး ခက်ခဲမြဲ။

ပြီး သာမန်ထက် ပို၍ စားဝတ်နေရေးစရိတ် ကြီးမြင့်မြဲ။

သို့သော် လုပ်ငန်းခွင် သဘာဝချင်းကျတော့လည်း ခြားနားမြဲ။

ဆိုပါတော့၊ ဟိန္ဒားနှင့် ကံပေါက်။ ယေဘုယျအားဖြင့် ဟင်းလင်းဖွင့် လုပ်ငန်းချည့် ဖြစ်သော်လည်း၊ ဟိန္ဒားမှာ သည်ကံပေါက်ကဲ့သို့ ပိဿာစား အလုပ်သမားများ မရှိ။

ဟိန္ဒားမှာက နေ့စား ပုတ်ပြတ်အလုပ်သမား ၁၀၀ ခန့်ရှိ၍၊ အမှုထမ်း အရာထမ်းက ၆၀၀ ခန့် ရှိသည်။

သည် ကံပေါက်မှာကျတော့ တမျိုး။ နေ့စားပုတ်ပြတ် အလုပ်သမားက ၆၀ ခန့်သာ ရှိ၍ အမှုထမ်း အရာထမ်း ကလည်း ၁၅၀ ကျော်ခန့်သာ ရှိသည်။

သို့သော် ပိဿာစား အလုပ်သမားများကတော့ ၇၀၀ ကျော်အထိ ရှိသည်။ ပြောင်းပြန်။

တဖန် သည်ကံပေါက်နှင့် ဟာမြင်းကြီး။ ဟာမြင်းကြီးမှာလည်း သည် ကံပေါက်မှာကဲ့သို့ အမှုထမ်းအရာထမ်း အင်အားက နည်း၍ ပိဿာစား အလုပ်သမားအင်အားက များပေမည့် . . . လုပ်ငန်းခွင်က ယေဘုယျအားဖြင့် လိုဏ် ဥမင်များ။

သည်တော့ မြေပေါ် အလုပ်သမားကနည်း၍၊ မြေအောက် အလုပ်သမားက များသည်။

အဲ . . . ကျောက်မဲတောင်ကတော့ တဘာသာ။ ကျောက်မဲတောင်မှာက ခဲသင်းဘောနှင့် တူးဖော် ထုတ်လုပ်သည့် ပုံစံ။ ထို့ကြောင့် အမှုထမ်းအရာထမ်းချည့် ၆၀ သာရှိသည်။ နေ့စား ပုတ်ပြတ်၊ ပိဿာစား အလုပ်သမား တယောက်မျှ မရှိ။

သို့သော် ကျောက်မဲတောင်နှင့် ပြောင်းပြန်။ အစိုးရက အဝယ်ဒိုင်ဖွင့်၍ ဝယ်ရုံသာ ဝယ်သော၊ ပုဂ္ဂလိက ပိသာစား အလုပ်သမားချည့်ဖြင့်သာ တူးဖော်ထုတ်လုပ်နေသည့် မဒပ်ချောင် သတ္တုတွင်းသစ် တတွင်းလည်း ပျဉ်းမနားနယ်ထဲတွင် ရှိသည်ဟု ကြားဖူးသည်။

အဟုတ်။ ပြဿဒါး အနေနှင့်ကတော့ ပိသာစား အလုပ်သမားများသည့် ဟာမြင်းကြီးမှာ ကြီးပြင်းလာခဲ့သည်။ ပိသာစား အလုပ်သမားများသည့် သည် ကံပေါက်မှာ ပျော်နေသည်။

စင်စစ် ပိသာစား အလုပ်သမား များခြင်းသည် လုက်ကွက်ကျယ်ပြန့်သည့် သဘောကို ပြသည်။ သယံဇာတ ကြွယ်ဝသည့် သဘောကို ဆောင်သည်။

မြန်မာနိုင်ငံတွင် ခဲမဖြူနှင့် အဖြိုက်နက် တူးဖော်ထုတ်လုပ်နေသည့် ပြည်သူပိုင်သတ္တုတွင်းပေါင်း ခုနစ်တွင်းရှိသည်ဟု ဆိုသည်။ ယင်းတို့အနက် မော်ချီး၊ ဟာမြင်းကြီးနှင့် ကံပေါက်တို့မှာသာ ပိသာစားအလုပ်သမားများ ရှိသည်။

သို့သော် ကယားပြည်နယ်မှ မော်ချီးသတ္တုတွင်းသို့မူ သူ မရောက်ဘူးသေး။ မော်ချီးသည် သည် နိုင်ငံမှာတော့ အကြီးဆုံးနှင့် သတ္တုထွက် အများဆုံးတွင်း ဖြစ်သည်ဟုဆိုသည်။

အလုပ်သမားအင်အား ၁၈၀၀ ခန့်ရှိ၍၊ ပိသာစား အလုပ်သမားချည့်က ၁၀၀၀ ပတ်ဝန်းကျင်ရှိလိမ့်မည်ဟု ရောက်ဖူးသူတို့က ပြောကြသည်။ ပျော်စရာကြီး။

ပြဿဒါးလည်း ရောက်ဖူးချင်စမ်းပါဘိ။

အမှန်တော့ ဝန်ထမ်းတယောက်အဖြစ်ဖြင့် အလုပ် ဆက်လုပ်ဖြစ်နေသည့် အကြောင်းများထဲတွင် သည် ရည်ရွယ်ချက်ပါသည်။ တာဝန်မပျက်၊ ရပိုင်ခွင့် မပျက်၊ သတ္တုတွင်းတကာ ရောက်နိုင်ခွင့်ရှိသည်။

ကိုယ့်စရိတ်နှင့် ကိုယ်သာ ဆိုလျှင်တော့ သည်တသက် သည်နယ် နယ်တကာ တွင်းတကာသို့ ရောက်ဖြစ်နိုင်ဖို့ ဆိုသည်မှာ မလွယ်။ ခရီးလမ်းစရိတ် တတ်နိုင်သည်ထားဦး။ နေရာသစ် တွင်းသစ်မှာ နေရေး ထိုင်ရေးက ရှိဦးမည်။ စိတ်ကူးယဉ်မျှသာ ဖြစ်မည်။

ပြဿဒါး၏ စိတ်ကူးကလည်း အိမ်ထောင်မကျမီမှာပင် မော်ချီးသတ္တုတွင်းသို့လည်း ရောက်ဖူးထားချင်သည်။ တနင်္သာရီတိုင်းထဲမှာပင် ရှိ၍၊ နယ်စပ်နှင့် လေးမိုင်သာ ဝေးသည်ဆိုသော နာမည်ကျော် ရတနာပုံ သတ္တုတွင်းသို့လည်း ရောက်ဖူးထားချင်သည်။

လွတ်လပ်တုန်း လွတ်လပ်ခိုက်မှာ လျှောက်ရောက်ထားချင်သည်။ လျှောက် လေ့လာထားချင်သည်။

သို့နှင့် တနေရာရာမှာ တယောက်ယောက်နှင့် တွေ့ဆုံကြမည်။ တနေ့နေ့မှာ အိမ်ထောင်ပြုဖြစ်မည်။ ထိုအခါကျမှ အလုပ်မှ နုတ်ထွက်မည်။

ပြီး အသင့်လျော်ဆုံး၊ အကောင်းဆုံးဖြစ်မည့် သတ္တုတွင်းတတွင်းမှာ အခြေချ နေထိုင်မည်။ ထိုအခါကျမှ အိုးအိမ် အတည်တကျ တည်ဆောက်မည်။ ကိုယ်ပိုင်တွင်း လုပ်မည်။

ကြံထားသည်။

သို့သော် သည် ကံပေါက်သို့ ရောက်လာ၍၊ မိဒေါင်းမနှင့် တွေ့နေရပြီ ဆိုတော့လည်း၊ မူလ အကြံအစည်ကို ပြင်ဆင်ရတော့မည်။

မှန်သည်။ ယခုပင်လျှင် သူ့အသက်သည် နှစ်ဆယ့်လေးရှိနေပြီ။ နောက်ထပ်အချိန် သိပ်မရှိတော့။ နောက်ကျသွားလိမ့်မည်။ ဟိုင်း သွားလိမ့်မည်။

ပြီး မိဒေါင်းမ။

မိဒေါင်းမကို သူ စွဲစွဲလမ်းလမ်း ချစ်သည်။ ကျော်မသွားနိုင်။ ဥပေက္ခာပြု မထားခဲ့နိုင်။

လောကမှာ ရှိရှိသမျှ မည်သည့်ဆန္ဒကမှ မိဒေါင်းမနှင့် ပေါင်းရရေးဆန္ဒကို မလွှမ်းမိုးနိုင်။

ယခုသော် ကံပေါက်မှာ ပြဿဒါး ပျော်နေပြီ။ ချည်တိုင် အချည်နှောင် ခံလိုက်ရပေမည့် ပြဿဒါး ဝမ်းသာသည်။

သည်အထဲ ဆရာဦးသိုက်စိုးအောင် ကိုယ်တိုင်နှင့်လည်း ကျွမ်းနေပြီ။

ပြီး အကြောင်းကြောင်းကြောင့်လည်း လုပ်ကွက်ကြည့်ဘဝသို့ ရောက်လာသည်။

စင်စစ် လုပ်ကွက်ကြည့်တာဝန်ခံ ဆိုသည်မှာ လစာရင်း ၂၁၀ မှ စ ရသည့် ကြီးကြပ်ရေးမှူးအဆင့်၏ တာဝန်သာ။ သူ့နယ် လစာရင်း ၁၅၀ မှ စရသည့် သတ္တုတွင်း လက်ထောက်တယောက်၏ အလုပ်မဟုတ်။

ဖြစ်ခြင်းဖြစ်လျှင် အဝယ်ဒိုင်မှူးသာ ဖြစ်ရမည်။ ဖြစ်နိုင်သည်။

သို့သော် ယခုတော့ ဒိုင်မှူးလည်း ဖြစ်နေသည်။ လုပ်ကွက်ကြည့်လည်း ဖြစ်နေသည်။

လောလောဆယ်မှာတော့ လစာလည်း တိုးရသည်မဟုတ်။ ရာထူးအဆင့်လည်း မြင့်လာသည် မဟုတ်။ ရပိုင်ခွင့် တိုးမြင့်လာခြင်း မဟုတ်။ တာဝန်နှင့် ဝတ္တရားတိုးမြင့်လာခြင်းသာ ဖြစ်သည်။

ပသို့ဆိုစေ၊ ယုံကြည်၍ ပေးအပ်ခြင်း ဖြစ်သည်။ ပြဿဒါး ကျေနပ်သည်။ ပြဿဒါး ပျော်သည်။

အထူးသဖြင့် သူတာဝန်ယူရသည့် လုပ်ကွက်ထဲမှာ မိဒေါင်းမတို့ ရောက်လာကြသည်ဆိုတော့ ပြဿဒါး ပိုပျော်သည်။

အိုးဝေသံ ချိုချိုငြိမ့်ကတော့ တောင်အနိမ့် အောက်ဆွယ်မှာ သဲ့သဲ့သာသာ ပျံ့လွင့်ဆဲ။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**
**http://myanmarcupid.net**

## အခန်း (၁၁ )

တက္ကသိုလ်ရောက်ဖို့လည်း မလို။ စာတတ်ဖို့လည်း မလို။ အမေ ဖွင့်ပြောပြမှလည်း မဟုတ်။ သည်မျှလွယ်သည့် 'အတွက်' တော့ မိဒေါင်းမလည်း တွက်တတ်သည်သာပင်။

မှန်သည်။ သည် လုပ်ကွက်ထဲမှာ လုပ်၍၊ သည်ဒိုင်မှာ ပြဿဒါး ရှိနေသ၍ကတော့ အခြေအနေ အသင့်အတင့် ကောင်းနေမည်သာပင်။

စိုသည်လည်း အမှန်ပင် ဖြစ်သဖြင့် သတ္တုချိန်ရာတွင် အစိုထွက် အနည်းငယ် နုတ်ခံရသည့်တိုင်၊ ထပ်၍ တဖန် အယဉ်းမခံရတော့။ တနည်းဆိုသော် ခေါင်းပုံဖြတ် မခံရတော့။

သည်တော့ အချိန်ကုန်လည်း သက်သာသည်။ အလေးချိန်လည်း သိပ်မလျော့။ ဘာမှ မကျေနပ်စရာ မရှိ။

သို့သော် သည်နှယ်ရွာသော ကွက်ကျားမိုးမျိုးကို မိဒေါင်းမ မနှစ်သက်။ သည်နှယ် ကိုယ့်ချည်သက်သက် တွက်၍ ရသော အခွင့်အရေးမျိုးကို မိဒေါင်းမ မလိုလား။

ဤသည်မှာ အစာ။ အစာ၏ နောက်ကွယ်မှာ ညွှတ်။ ညွှတ်၏နောက်ကွယ်မှာ မုဆိုး။ မုဆိုးသည် ပြဿဒါး။ ပြဿဒါးသည် မုဆိုး။ သည်သို့လည်း မြင်တတ်ဖို့တော့ လိုလိမ့်မည် ထင်သည်။

ကြာပြီ။

မိကောင်းတယောက်ကလည်း နားလည်သယောင်ယောင်နှင့် သည်အရွယ်ရောက်သည့်တိုင် နားမလည်။ အမ၏ သဘောထားကို မရိပ်မိ။ ဘာမဟုတ်သည့် အခွင့်အရေးလေးကို ရရုံမျှနှင့်ပင် မိုးမမြင်လေမမြင် ပျော်ရွှင်နေတတ်သည်။

အမေကလည်း ဘုရားရှိခိုးအပြီး မေတ္တာပို့နေကျ စာရင်းထဲမှာ ပြဿဒါးနာမည်ကိုပါ ထပ်ဖြည့်၍ပို့နေပြီ။

ကျေးဇူးမတင်ဘူးတော့ မဟုတ်။ တလုပ်စားဖူး သူ့ကျေးဇူးဟု ဆိုသည်။ ကျေးဇူးတရားကိုတော့ မိဒေါင်းမလည်း သိတတ်သည်။

သို့သော် သည်ကိစ္စမှာတော့ လာဘ်ကို မျှော်ကိုး၍ အကတ်လိုက်စားခြင်း ဖြစ်သည်ဟု မိဒေါင်းမ မြင်သည်။ သန့်စင်သော အကူအညီ မဟုတ်။

ပြီးတော့ သည်လာဘ်ကို ပေးဆပ်ရမည့်သူက မိဒေါင်းမ။ အမေလည်း မဟုတ်။ မိကောင်းလည်း မဟုတ်။

ခက်သည်က ပြဿဒါးကို မိဒေါင်းမ မကြိုက်နိုင်။ မချစ်နိုင်။ သာမန် မိတ်ဆွေကောင်း တယောက်အဖြစ် ဆက်ဆံ ပေါင်းသင်းနိုင်ပေမည့်၊ အိမ်ထောင်ဘက် အဖြစ်ဖြင့်တော့ မိဒေါင်းမ လက်မခံနိုင်။

သာမန်သာဆိုလျှင်တော့ မိဒေါင်းမ မပြော။ အဟုတ်။ ပြော၍ ပြောသည် မဟုတ်။ အရုပ်ဆိုး အကျည်းတန်လိုက် သည်ကလည်း သည်ကမ္ဘာမှာ နှစ်ယောက်ပင် ရှိနိုင်အံ့ မထင်။

ကြည့် ကြည့်စမ်းပါ့။ ခိုက်မိထား၍ ရောင်နေသည့်နှယ် ထူတွဲပြီး ထော်နေသော အထက်နှုတ်ခမ်းနှင့် ရေးရေးသာ ပေါ်သော နှာခေါင်းဖျားကလည်း ကြားထဲမှာ မီးခြစ်ဆံတထောက်စာခန့် လှမ်းသည်။

နဖူးကလည်း ကျဉ်းရသည့်အထဲ မောက်သေးသည်။ မျက်ပေါက်ကလည်း ကျဉ်းရသည့်အထဲ ကြောင်သေးသည်။ နှာခေါင်းကလည်း ပြားရသည့်အထဲ လန်သေးသည်။

ဆံပင်ကလည်း သန်ရသည့်အထဲ ထောင်သေးသည်။ ပြီး ပြလိုက်သည့် ပါးစပ်။ ရယ်လိုက်လျှင် နားရွက်တက်ချိတ်တော့မတတ်။ သွားကလည်း သွားထပ်။ နားကလည်း နားကပ်။

စိုးစဥ်းမျှ ကြည့်ပျော်ရှုပျော် မရှိ။ ပွဲထဲက လူပြက် ပြက်သည့် . . . ဆေးလိပ်ခုံမှာ သူ့ခေါတ်ပုံကို ကပ်ထားရင် ကော်ခွက် ကြွက်မစားရဲဘူး ဆိုသော ရုပ်ရည်မျိုးဖြစ်သည်။ နည်းနည်းမျှ စိတ်မလာ။

သို့သော် အမေတို့ကတော့ တဖက်သတ်။ ဟိုလူပြောလည်း ယုံ။ တရပ်တကျေးမှ ရောက်လာသည့် သူစိမ်းတယောက်ကို ကိုယ့်မျက်ရိပ်အောက်မှာ ကြီးပြင်းလာသည့်နှယ်၊ မျိုးရိုးဖြင့်လည်း အကုန်သိလိုက်ပြီ။ အကျင့်စာရိတ္တဖြင့်လည်း အကုန်သိလိုက်ပြီ။ အားလုံး ကောင်းလိုက်ပြီ။

"နေပါအုံး၊ အမေ ဘယ်တုန်းက သွားစုံစမ်းလိုက်တာတုန်း၊ ဘယ်သူက ပြောပြလိုက်တာတုန်း"

"ဟဲ့ . . . မသေချာဘဲ ငါက ပြောပါ့မလား၊ သူနဲ့တူတူ ပြောင်းလာတဲ့ ငစနေဆိုတဲ့ ကောင်ကလေးက ပြောတာဟဲ့"

"ကောင်းရောပေါ့"

"လိမ်ပါ့မလားအေ၊ ဒါမျိုးဆိုတာ လိမ်ကောင်းတာမှ မဟုတ်ဘဲ"

"အမေ့ကို ဘယ်သူက ပြောတာတုန်း၊ အဲသည် ငစနေကပဲ ပြောတာလား"

"ဟုတ်တယ်၊ ငါက တိုက်ရိုက်ကြီး တွေ့ရမယ်၊ ဘယ်သူ ငါကိုယ်တိုင်ကတော့ ပြောတာ ဟုတ်ပါ့မလဲ၊ နေပါအုံး၊ ဘယ်သူပါလိမ့်မလဲ၊ ငါ့ကိုပြောတာ၊ ပါးစပ်ဖျားကလေးတွင် မေ့နေလို့"

"ဒါဖြင့် လာပြောတာပေါ့၊ ဟုတ်လား"

"အေး . . ."

"သိပ်ကောင်းတာပေါ့"

"ညည်းတို့ပြောလိုက်ရင် ဒါမျိုးချည့်ပဲ၊ ညည်းလိုသာဆိုရင် သည်ကနေ့ထိ ဒူးရင်းသီးအရသာကို ဘယ်သူမှ ကောင်းမှန်းသိကြမှာ မဟုတ်ဘူး။ နေရာတကာ အပြင်ဘန်းကနေချည့် ကြည့်ဆုံးဖြတ်လို့တော့ ဘယ်ရနိုင်ပါ့မလဲအေ"

"တော်ပြီ တော်ပြီ တော်ပြီ၊ တခုပဲ ပြောတော့မယ်၊ အမေ နားလည်ထားဖို့က ကျမက အမေ့လို မဟုတ်ဘူး၊ ကိုယ်ကိုယ်တိုင်က မေတ္တာမရှိဘဲနဲ့တော့ ဘယ်နည်းနဲ့မှ မယူနိုင်ဘူး"

"ကောင်းပါ့တော် ကောင်းပါ့၊ ကျိုးနဲ ကြီးကျယ်လိုက်တဲ့ စကား၊ ဟေဟေ့ မေတ္တာများ ရေးကြီးခွင်ကျယ် လုပ်လို့၊ မသေမချင်းမှတ်ထား၊ မေတ္တာဆိုတာ လုပ်ယူလို့လဲ ရတဲ့အမျိုး၊ လုပ်ကြည့် တပတ်မကြာဘူး"

"ဒါတော့ အမေ မှားမယ် အမေ၊ ကျမ အမဒေါင်းမဘက်က လိုက်ပြောတာ မဟုတ်ဘူး၊ မေတ္တာဆိုတာကတော့ ဘယ်လုပ်ယူလို့ ရပါ့မလဲ အမေရဲ့၊ သူက သတ္တုလို ဥစ္စာမျိုး၊ သတ္တုက မြေကြီးထဲက သယံဇာတ၊ မေတ္တာက လူထဲက သယံဇာတ"

"ပြောစမ်းပါအုံး မိကောင်းရယ်၊ နင့်အမေက ခုထက်ထိ လူတကာ ပြောသမျှကို ယုံတုန်းရယ်"

"ဟုတ်တယ်၊ အမေကလဲ ယုံလွယ်လွန်းအားကြီးတယ်၊ သူတို့အတူတူ ပြောင်းလာတဲ့လူချင်းကတော့ အကောင်းပဲ ပြောမှာပေါ့ အမေရဲ့၊ ဒါပေမယ့် အမဒေါင်း တကယ်မသိသေးလို့ပါ၊ ကိုပြုံသဒါးက သဘောကောင်းတာတော့ အမှန်ပဲ"

"အေး နင်ကတော့ ပြောပါပေါ့၊ ဟိုက အခွင့်အရေး ပေးတာကိုး"

"ဟုတ်တယ်လေ၊ ပေးရင် ကောင်းတယ်၊ မပေးရင် မကောင်းဘူး၊ လူပဲ၊ သူသူကိုယ်ကိုယ် သည်လိုပဲ ဆုံးဖြတ်ကြမှာပေါ့"

"သည်လိုဆို ငါပြောမယ်၊ နင်ပြောတာက ပေးရင်ကောင်းတယ်၊ အမေပြောနေတာက ကောင်းတဲ့အတွက် ယူသင့်တယ်။ သည်တော့ အခွင့်အရေးပေးတဲ့ လူတိုင်းကို ငါက လင်လုပ်ရရောတဲ့လား"

"ဟင့်အင်း ဟင့်အင်း၊ ငါပြောတဲ့စကားက သည်အထိ မရောက်ဘူး၊ အမဒေါင်းဖာသာ အမဒေါင်း ယူချင်ယူ မယူချင်နေ၊ အဲဒါ အမဒေါင်းသဘော"

"သိပ်ပြောမနေကြနဲ့၊ သည်ကိစ္စက ရှင်းရှင်းကလေးရယ်၊ သည်မနက်ပဲ ငါ့ကို ကိုပြုံသဒါးက ပခုံးဖက်ပြီး အတင်းခေါ်တိုက်လို့ လဖက်ရည်ဆိုင်မှာ လဖက်ရည်တခွက်နဲ့ မုန့်နဲ့စားခဲ့သောက်ခဲ့ရသေးတယ်၊ ကောင်းတယ်၊ ဘာမှ စိတ်ကူးလွဲမနေနဲ့ အမဒေါင်း၊ ယူသာယူလိုက်"

"သေခြင်းဆိုးလေး၊ နင်ကပါ ယောက်ဖ တော်ချင်နေမှတ်တယ်"

"ဟောဗျာ၊ သည်ဘက်လှည့်ရမ်းပြန်ပြီ။ အားနာလို့ပါဗျာ၊ ကျွန်တော့်အမ လက်ဖက်ရည် တခွက်မက တန်မှန်း ကျွန်တော်သိပါတယ်၊ နောက်ပိုင်း လာအုံးမှာတွေက . . ."

"သေနာလေး"

မြက်တံမြက်စည်းနှင့် ဆွဲရိုက်လိုက်သဖြင့် ဒလဥာဏ် စကားမဆုံးလိုက်ရ။ ရယ်မောပြီး ထပြေးသည်။

"ဟုတ်သားပဲ အမေတို့ကလည်း၊ အမဒေါင်းကမှ မကြိုက်တာ၊ ဘာလုပ်ဖို့ ဇွတ်ကြီး အဓမ္မ ပြောနေကြရတာလဲ၊ သည်အတိုင်း ယောကျ်ားမယူဘဲနေတာ ပိုမကောင်းဘူးလား၊ ကျွန်တော်တော့ မယူစေချင်ပေါင်၊ နော် အမဒေါင်းရာ၊ ပြီးတော့ ဒီအိမ်မှာ အမဒေါင်း မရှိလို့ကော ဖြစ်မတဲ့လား"

ဒလဥာဏ်က ဖိနပ်ချွတ်ရောက်မှ ပြန်လှည့်၍ ပြောသည်။

"နင် ဘာနားလည်လို့လဲ၊ ခုပြောနေတာက ယူဖို့ မယူဖို့ ပြောနေတာ မဟုတ်ဘူး။ နင့်အမက ခုလို စိတ်ကောင်းရှိတဲ့ သူငယ်နဲ့လဲ အလိုက်အထိုက် မဆက်ဆံချင်ဘူး၊ သည် သူငယ်နဲ့လည်း ရောင်းရဝယ်ရတာ အဆင်ပြေနေတော့မှပဲ အန္တရာယ်များတဲ့အလုပ်ကို လုပ်ချင်နေပြန်တယ်၊ ဒါကို ပြောနေကြတာ"

"ရတုန်းရခိုက်၊ ခွဲရောင်းလို့ ဖြစ်နိုင်တုန်း ဖြစ်နိုင်ခိုက်မို့ လုပ်ချင်တယ်ဆိုတာလဲ ထည့်ပြောအုံးမှပေါ့"

"ဘယ်လို အန္တရာယ်များတဲ့ အလုပ်မို့လဲ"

"မှောင်ခိုထုတ်ရောင်းတာကို ပြောတာပေ့"

"ဒါများ ဆန်းသမှတ်လို့ အမေရာ၊ တသက်လုံး လုပ်လာခဲ့တဲ့ဥစ္စာများ"

"ဟဲ့ကောင် တိုးတိုးပြော"

"မလိုပါဘူး အမေရဲ့၊ သည်တနယ်လုံးမှာ မှောင်ခိုထုတ်မရောင်းဘူးတဲ့ ပိဿာစားဆိုလို့ ဘယ်နှစ်ယောက်များ ရှိလို့တုန်း၊ ကိုယ်လိုလူ သူလိုလူတွေချည့်ပါ အမေရယ်၊ တွေးကြောက်မနေစမ်းပါနဲ့"

"ခက်ပါကော၊ ဒါမျိုးဆိုတာ ဘုရားရှိခိုးတာ မဟုတ်ဘူးဟဲ့"

"အမေတို့ အဲတာတွေ ခက်တာပဲ၊ ဘယ်မလဲ ခဲ၊ ရောင်းစရာရှိရင် ကျွန်တော့်ပေး၊ ကျွန်တော်ရောင်းပေးမယ်၊ ကျွန်တော့်သူငယ်ချင်း စံထွန်းထွန်းတို့အိမ်က သည်အလုပ်မျိုး လုပ်နေတာ"

"ကဲ မိဒေါင်းမ၊ ညည်းမောင်ကို ညည်းထိန်းစမ်းအုံး၊ တော်နေကြာ နှုတ်ကြောင့်သေ၊ လက်ကြောင့် လျော်ရ ဖြစ်ကုန်မယ်"

"ဒလဥာဏ်၊ ပြောချင်ရင်လည်း ဒီနားလာထိုင်ပြောလှည့်၊ အဲသည်ကတော့ အော်မနေနဲ့၊ ငါ့မောင် သူငယ်ချင်းအိမ် ဆိုတာလည်း အမဒေါင်းတို့ သိချင်တယ်"

"လိုက်ပြမယ်"

ပြောပြောဆိုဆို စောစောက နေရာမှာ ပြန်ထိုင်သည်။

"လိုက်ပြတာတော့ ဟုတ်ပြီ၊ သူတို့က ဘယ်လောက်ဈေး ဖြတ်ပေးမှာလဲ"

"ဒါတော့ ဘယ်သိမလဲ၊ ခု သွားမေးပေးမယ်လေ၊ ရတယ်"

"အမယ်၊ တော်ပါ ကိုယ်တော်ရယ်၊ တော်ပါ၊ တခါထဲ လက်ပြန်ကြိုးတုပ် အပ်ပြီးသား ဖြစ်သွားပါ့မယ်"

"သည်ကောင့်အိမ်က သည်အလုပ် လုပ်တာ သိပ်မကြာသေးဘူး အမဒေါင်းရဲ့၊ ဒါပေမဲ့ အကြီးအကျယ်ကို လုပ်နေတာ၊ ငါနဲ့က သိပ်ခင်တယ်၊ ငါသာပြောရင် ဘာပဲဖြစ်ဖြစ် သူများဈေးနှုန်းထက်တော့ ပိုရဖို့သေချာတယ်၊ စိတ်ချ"

"သည်နေ့တော့ မိုးလဲချုပ်နေပြီ၊ အချိန်က မကောင်းတော့ဘူး၊ ဒီလိုရှိတယ် ငါ့မောင်ရဲ့၊ ဈေးသွားစုံစမ်းရင် ကိုယ့်ဆီမှာရှိနေမှန်း သိသွားမယ်၊ သူတို့နဲ့ ဈေးမတည့်ရင်လဲ ဘာပဲဖြစ်ဖြစ် လက်ထောက်ချ သတင်းပေး လုပ်ပစ်လိုက်နိုင်တယ်။ ဟုတ်တယ်၊ သည်အလုပ် သူတို့လုပ်တယ်ဆိုတာတော့ သေချာတယ်နော် . . ."

"အို: . . . အရမ်း သေချာတာပေါ့၊ ကလိန်အောင်အထိ ပို့ပေးရုံကလေးနဲ့ကို အချိန်နှစ်ဆယ်တထမ်းကို ငွေနှစ်ဆယ်ပေးမယ်တဲ့၊ ငါ့ကိုတောင် မုန့်ဖိုးရှာပါလားဆိုပြီး သည်ကောင့်အဖေကိုယ်တိုင်က ပြောဖူးသေးတယ်၊ ငါကသာ နင်ဆူမှာစိုးလို့"

ဟုတ်ပြီ။ သည်သို့ဆိုလျှင်လည်း သေချာပြီ။

"သူတို့အိမ်က ဘယ်မလဲ"

"ကျောင်းအနောက်ဖက်မှာ၊ ဟို ဘတ်စ်ကား ရှိတဲ့အိမ်"

"ချောင်း သည်ဘက်နော် . . . ."

"အင်း"

"ဒါဖြင့် ငါ့မောင် မနက်စောစောထ၊ ဒို့နှစ်ယောက် သွားမယ်"

"အင်း"

“သူများက ခု ၉၅ကျပ်တော့ ရတယ်လို့ပြောတယ်၊ ပို ရသထက်ရအောင်ကတော့ ငါ့မောင်ပြော”

“နေပါအုံး၊ ခု ဒို့မှာက ဘယ်လောက်ရှိလို့တုန်း”

“စု စုထားတာပဲဟာ၊ ငါးပိဿာလောက်တော့ ရှိရောပေါ့”

“အရင် ဒို့ပို့ဖူးနေကျအိမ်က ဘာဖြစ်လို့လဲ”

“သတင်းကြီးနေတယ်ဆိုပြီး ဆိုင်ရာက သတိပေးထားလို့တဲ့၊ နားထားတယ်ပြောတယ်”

“တခါတခါ အိမ်လာလာယူတဲ့ လင်မယားနှစ်ယောက်ကတော့ရော”

“သူတို့လည်း ပါသွားပြီ ထင်တာပဲ၊ မလာကြတာကို အတော်ကြာပြီ”

“ဟုတ်မှလဲ လုပ်ကြပါ သမီးတို့ရယ်၊ အမေ ရင်တုန်လှတယ်ကွယ်”

“အမေ ဘာမှပြောမနေနဲ့၊ အမေ့ ပြဿဒါးက ၉၅ကျပ်လဲ မပေးနိုင်ဘူး၊ ၇၅ကျပ်လဲ မပေးနိုင်ဘူး၊ ကျမတို့မှာက အခုမှ အကြွေးကင်းရုံပဲ ရှိသေးတယ်၊ မလုပ်လို့ မဖြစ်ဘူး။ သည်ကလေးလဲ အရွယ်ရောက်လာပြီ၊ လူတောထဲ အများနဲ့ ကျောင်းတက်နေရတာ၊ လက်ပတ်နာရီ အပေါစားကလေး တလုံးမှမရှိ။ အိမ်မှာကလဲ နာရီအချိန်သိချင်ရင် လမ်းထိပ် ပြေးပြေးကြည့်နေရတာ၊ သိပ်လဲ မပူပါနဲ့ အမေရယ် . . .”

“ဘာပြောပြော၊ ငါတော့ နင်တို့ ပြန်မလာမချင်း ရင်တထိတ်ထိတ်နဲ့ နေရမှာပဲ၊ ဘာမှ လုပ်လို့ကိုင်လို့ ရမှာလဲ မဟုတ်ဘူး”

“အဲဒါ ခက်တာပေါ့၊ အိန္ဒြေမပျက်စေနဲ့လေ အမေရဲ့၊ ခါတိုင်းလိုပဲ အလုပ်ဆင်းနှင့်မှပေါ့၊ မိကောင်းကလဲ အမေ့ကို ကြည့်ခေါ်သွားအုံး၊ ပြီးတော့ အမေနဲ့ မိအိမ့်နဲ့က ယဉ်းပေ့စေ၊ နင်တို့နှစ်ယောက်က မြေစာတူးပေး၊ အောက်ဖက် မဆင်းနဲ့၊ အထက်ဖက်သာ တက်တူး”

“အမဒေါင်းတို့ချည်း ဖြစ်ပါ့မလား’

“ဖြစ်တယ်”

“များနေရင် ခွဲသယ်ရမလားလို့လေ”

“ရတယ်”

“ဒါပဲနော်၊ အပြန်ကျရင် မုန့်ဝယ်ခဲ့”

“လက်ဖက်ရည်ပါ ဝယ်တိုက်မယ်၊ လက်ဖက်ရည် သိပ်ငတ်တဲ့ကောင် နှစ်ခွက်ဆင့် တိုက်ပစ်လိုက်မယ်”

“ဒါဖြင့် ပုလင်း ဆေးထားလိုက်မယ်နော်၊ မနက်ကျရင် ယူသွားဖို့ မမေ့နဲ့”

ပြောပြောဆိုဆို မိအိမ့်က ပုလင်း ထ ဆေးသည်။

မိကောင်းကလည်း တူရွင်းတလက်ကိုယူ၍ ဖိနပ်ချွတ်သို့ ဆင်းသည်။ ပြီး ဒလဉာဏ် အိပ်သည့် ကွပ်ပျစ်ကို ဒလဉာဏ် အကူအညီဖြင့် နေရာရွှေ့သည်။ ကွပ်ပျစ်အောက် မြေကြီးထဲမြှုပ်ထားသော သတ္တုအိတ်ငယ်တို့ကို တူးဖော်သည်။

အမေကတော့ လေဖြတ်ထားသည့်နှယ် အရုပ်ကြိုးပြတ် နေရာမရွှေ့ ထိုင်နေဆဲ။ ထိုင်၍ ငိုင်နေဆဲ။

× × × × × × ×

**Commercial use of this book will be at your OWN RISK !**

http://myanmarcupid.net

## အခန်း (၁၂)

“ဟဲ့ . . .  စိန်ခ ရှိရဲ့လား”

“အမေ အိမ်ထဲမှာ”

မျက်စောင်းထိုးတဲမှ အဒေါ်မရာ ရောက်လာသည်။ ရှိမှန်းသိလျက်နှင့် အိမ်ရှေ့မှာ တွေ့ရသည့် မိသိမ့်ကိုမေးပြီး၊ အဖြေကို ရပ်မစောင့်ဘဲ အိမ်ထဲ တန်းဝင်သည်။

“ခုနက ဧည့်သည်တွေက ဘယ်ကတုန်း”

ရောက်မဆိုက် မထိုင်ခင် မေးလိုက်သည်။

“နင်ကလည်း တမျိုး၊ ဒါမှ မသိဘူးလား၊ သည်သတ္တုတွင်းမှာ သူ အကြီးဆုံးပေါ့၊ မန်နေဂျာ ဦးသိုက်စိုးအောင် ဆိုတာ . . . ”

“လန့်လိုက်တာ စိန်ခရယ်၊ ငါ့ ဘယ်သူတွေများလဲလို့၊ ဒုက္ခတော့ ရောက်ကုန်ပြီမှတ်တာ”

“နင်ကလဲ၊ သည်တိုင်းပြည်မှာ သည်တံဆိပ်ကြီးနဲ့ သည်ကားတစင်းထဲ ရှိတာကိုမှ မမှတ်မိတော့ဘူးလား”

“သိနိုင်တော့ဘူးလေဟယ်၊ သည်ကြားထဲအထိ ကားကြီးဝင်လာပြီး ရုတ်တရက် နင်တို့အိမ်ရှေ့ ထိုးဆိုက်လိုက်တော့ ငါ့ဖြင့် မျက်လုံးတွေကို ပြာသွားတာပဲ၊ နေ့ တခါမှလဲ မလာဘူးပဲနဲ့ဟာကို”

မိစိန်ခကတော့ ပြုံးသည်။

“အေး . . .  ခုမှ ပြုံးနိုင်ရယ်နိုင်တာ၊ စောစောကဆိုရင် တအုပ်စုလုံးလဲ ထိတ်ထိတ်ပျာပျာကို ဖြစ်လို့ဟ၊ တိုင်ပင်တဲ့လူက တိုင်ပင်၊ ဝှက်တဲ့လူက ဝှက်နဲ့ပေါ့ဟာ၊ နော်ဖော့သမက် ချစ်ပုံနဲ့ ငါ့အိမ်ကလူကတော့ သူတို့မှာ ဝှက်စရာနေရာကို ရှာမရနိုင်ကြတာနဲ့ ရေပုံးထဲထည့်ပြီး မယောင်မလည် ဆွဲထွက်သွားကြလေရဲ့၊ ခုထိ ပြန်မလာကြသေးဘူး”

“ဘယ်အထိများ ထွက်ပြေးနေကြတယ် မသိဘူး။ ဒါပေမဲ့ ကားပြန်ထွက်သွားတဲ့ မီးရောင်မြင်ရင်တော့ ပြန်လာကြမှာပါ”

“နင်တို့ဥစ္စာက ကြာလိုက်တာ လွန်ပါရောလား စိန်ခရယ်၊ ဘာတွေများ ဒီလောက်တောက် ကိစ္စတွေ များနေရတာ တုန်း၊ ငတို့ ပိဿာစားတွေနဲ့လဲ ဘာဆိုင်တာ မှတ်လို့”

“တခြားပါအေ . . .”

“အမယ်မင်း၊ ကောင်မက ဖုံးနေရပြန်ပြီ။ ငတို့ဖြင့် နင့်အတွက် စိတ်ပူလိုက်ရတာမှ အားမနာ၊ ပြီးတော့ ကြာလေ ပိုဆိုးလေပေါ့၊ ကားပေါ်မှာကလဲ လူနှစ်ယောက် ထိုင်စောင့်ပြီး နင့်အိမ်ဘက် ကြည့်နေတာတော့၊ ဘယ်သူက လာချောင်း နားထောင်ရဲပါ့မလဲ၊ ငါဆိုတာလဲ ထိုင်နေလို့ကို မရတော့တာနဲ့ ဟိုအိမ်ဝင် ဒီအိမ်ထွက် လုပ်နေရတာ၊ ကားပြန်ထွက် သွားလို့ နင်တို့ ပါမသွားတော့မှ ဟင်းချနိုင်တာ”

"အတူတူပေါ့အေ၊ ဗြုန်းဆို အိမ်ရှေ့တည့်တည့် ကားကြီး ထိုးဆိုက်လိုက်တော့ ငါဖြင့် ရေနစ်သွားသလိုပဲ၊ မွမ်းကြပ်ပြီး အသက်ရှူလို့လဲမရ၊ အောက်ပြုတ်ကျသွားတာ၊ သိတဲ့အတိုင်း ငါက သာ ကြောက်တတ်သေး . . ."

"နင်တို့ကလဲ ခုတလော အတင့်ကို ရဲလွန်းပါတယ်၊ ကြည့်လဲလုပ်ဦးနော် စိန်ခ"

"ငါတို့ ဘာတွေ လုပ်နေလို့လဲ"

"စိန်ခရယ်၊ လင်နေတာကို လူမမြင်အောင် ဖုံးနိုင်ပေမယ့် ဗိုက်ကြီးလာတာကိုတော့ နင် ဘာနဲ့ဖုံးမလဲဟဲ့၊ လမ်းထိပ်အိမ်ကတောင် တနေ့က စကားစပ်မိလို့ ပြောလိုက်သေးတယ်၊ စိန်ခတို့လဲ အရင် သူ့သမီးကလေးတွေရဲ့ ထမီလေးထည် ပြန်ရှေးသွားပြီးကထဲက ပေါ်မလာပြန်ဘူးတဲ့၊ ခဲကြောပဲ မိနေသလား၊ ရွှေကြောပဲ မိနေသလားတဲ့"

"ဒါကတော့အေ . . . .  တခါတလေလဲ ဝက်ဖြစ်မှတော့ မစင်မကြောက်တော့ဘူး ဆိုတဲ့သဘောပါ"

"အေးပါ၊ ဟိုကလဲ ဝမ်းသာလို့ပြောတာပါ။ ငါကလဲ ဝမ်းသာပါတယ်၊ ဘယ်သူမှလဲ ကင်းကြတာ မဟုတ်ပါဘူး၊ ဒါပေမဲ့ သတိထားဖို့ပါ"

"လုပ်လဲ မလုပ်ရဲပါဘူးအေ . . . "

"ဒါ အသာထားစမ်းပါအုံး၊ ခုနက စကားဆက်စမ်းပါဦး၊ အဲသည် မန်နေဂျာ ဆိုတာကြီးက ဘာတဲ့လဲ"

"မိဒေါင်းမ ကိစ္စပါအေ . . . ၊ သူ့မိန်းမ နေမကောင်းလို့တဲ့၊ အိမ်မှာ ကူလုပ်ပေးပါဦးတဲ့၊ ချက်ဖို့ပြုတ်ဖို့ လျှော်ဖို့ ဖွတ်ဖို့ပေါ့အေ၊ အရင်တုန်းကလဲ တခါတခါ လုပ်ပေးခဲ့ရဖူးတယ် မဟုတ်လား၊ ဒါကြောင့် လာခေါ်တာ"

"အလိုတော် . . .  သည်မှာ ဝင်ငွေရနေတဲ့ အလုပ်တဖက်နဲ့ဟာ၊ အားနေတာမှ မဟုတ်ဘဲနဲ့ . . . "

"ပေးတာတော့ ပေးပါတယ်၊ နေ့စားနှစ်ယောက်အတွက်တော့ ပေးတယ်ဆိုပါတော့၊ ဒါပေမဲ့လဲ"

"မလုပ်ခိုင်းစမ်းပါနဲ့အေ၊ ဆင်းရဲသားတွေ့တိုင်း အစေခံ လုပ်လိမ့်မယ်လို့ချည့် ထင်တတ်တဲ့လူတွေ အိမ်မှာ . . . ."

"ငါလဲ အဲဒါ စဉ်းစားတာပဲ၊ မိဒေါင်းမကလဲ မလုပ်ချင်ဘူး၊ ဒါပေမဲ့ ကြည့်စရာ အကြောင်းကလဲ ရှိသေးတယ် မဟုတ်လား"

"အော် . . .  ညည်းတို့ ဒါကြောင့် ကြာနေတာကိုး၊ နေ့ နင်ကကော ဘယ်လို အဖြေပေးလိုက်သတုန်း"

"အိမ်မှာလဲ သူပဲ ခေါင်းဆောင်နေရတယ် မဟုတ်လား၊ အခြေအနေကို ပြောပြပြီး တောင်းပန်ရတာပေါ့အေ၊ အဲသည် နေမကောင်းဘူးဆိုတဲ့ မန်နေဂျာ ကတော်ကလဲ မိဒေါင်းမကို သိပ်ချစ်တာတဲ့"

"ဘယ်တတ်နိုင်ပါ့မလဲ အေရယ်"

"ငါလဲ စဉ်းစားရကြပ်လိုက်တာ မပြောနဲ့တော့၊ ခေါင်းထဲကကို ပူစဉ်းရင်ကွဲသံ မြည်လာတယ်၊ ဒါနဲ့ ပြောမိပြောရာ ပြောလိုက်တာပဲ၊ စိတ်များ ဆိုးသွားရော့လား မသိဘူး"

"ဆိုးလဲ ဆိုးပေါ့အေ၊ ဘယ်တတ်နိုင်ပါ့မလဲ၊ ကဲ ငါလဲ ပြန်မယ်။ အိမ်ကလူလဲ ပြန်ရောက်နေရော့မယ်"

× × × × ×

မဆိုး။ ဒီနေရာမှာတော့ အမေ တော်သည်ဟုပင် ချီးမွမ်းရလိမ့်မည် ထင်သည်။

အမှန်စင်စစ်၊ ဧည့်သည်တို့လာကြရင်း ကိစ္စသည် အခြားပြဿနာ။ သို့သော် အမေ့ခေါင်းထဲ ရုတ်တရက် အကြံရလာသည်။ ယုတ္တိလည်းရှိသည်။ ပိလည်း ပိရိသည်။

တခုတော့ ရှိသည်။ တပည့်ကျော်ပြဿဒါးအတွက် ဆရာဦးသိုက်စိုးအောင် ကိုယ်တိုင်က လာရောက်ပြောဆို တောင်းရမ်းသည် ဆိုတော့၊ မိဒေါင်းမ အံ့ဩမိရသည်။

ပထမတော့ မိဒေါင်းမ အားနာနေမိသည်။ ရုတ်တရက် မည်သို့ ပြန်ဖြေရမှန်းပင်မသိ။

သို့သော် မတတ်နိုင်။ ရှေ့မျက်နှာ နောက်ထားရ၍ပင် မိဒေါင်းမ ဖွင့်ဟ ငြင်းဆိုလိုက်ရသည်။

ပြဿဒါး မဆိုး။ လိမ္မာသည် ခေါ်ရမည်။ သူကိုယ်တိုင် လိုက်မလာ။ ပြဿဒါးသာ ပါလာမည်ဆိုလျှင်လည်း သည်နေရာမှာတော့ လွယ်မည်မဟုတ်။ မိဒေါင်းမပါးစပ်နှင့် တွေ့နိုင်သည်။ ဖိနပ်နှင့်လည်း တွေ့နိုင်သည်။

တွေးမိပြီး အသားတဆတ်ဆတ် တုန်လာသည်။ မိဒေါင်းမ ဒေါသဖြစ်ရသည်။ ယောကျ်ားမဟုတ်သည့် ယောကျ်ား။ လူတကာ လိုက်မောင်းခတ် ကျေညာနေသည့် ပြဿဒါး။

ယခုလည်း ကြည့်။ သူကိုယ်တိုင် လိုက်မလာရဲ။ ပါးဆွဲရိုက်ပစ်လိုက်မှာတော့ အကြောက်သား။

ဘယ့်နှယ်တော် . . . လူကြီး တိုင်တည်ပြီး ပူဆာရတယ်လို့။ ကိုယ့်သတ္တိနဲ့ကိုယ် ပြောပါလား။ အထက်လူကြီးကတဆင့် ပြောလိုက်ရင်ကော၊ ပိုင်ရရောတဲ့လား။ သည်လိုလူမျိုးကို ဘယ်လိုလုပ်ပြီး အထင်ကြီးရမလဲ။ သည်လိုသတ္တိမျိုးကို ဘယ်လိုလုပ်အားကိုးရမလဲ။

မိဒေါင်းမ ရှုံ့ရှာစက်ဆုပ်လာမိသည်။ မိတ်ဆွေတယောက်အဖြစ်ဖြင့်ပင် အသိအမှတ် မပြုနိုင်တော့။

မိဒေါင်းမ ရဲရဲပြတ်ပြတ်ပင် ရင်ဆိုင်ပစ်လိုက်သည်။

"သူ သည်လို ဟိုလူ့လိုက် နားပူ၊ သည်လူ့လိုက် နားပူနဲ့ တွေ့ကရာလူ အကုန်လျှောက်ပြောနေတာတော့ ဘယ်ကောင်းပါ့မလဲ ဆရာရဲ့၊ ကျမက မိန်းကလေး မဟုတ်လား၊ တရပ်လုံး တရွာလုံး သိကုန်ကြရင် ကျမပဲ နစ်နာရမှာ မဟုတ်လား၊ ကျမ အများကြီးကြားတယ်၊ တချို့လည်း လာပြောကြတယ်၊ ပြီးတော့ သူက ဒီရွာသားမဟုတ်ဘူး၊ တချို့ကဆိုရင် မျက်လုံးဒေါက်ထောက်ကြည့်နေတာ၊ မနှောင့်ယှက်သေးလို့၊ နှောင့်ယှက်တာနဲ့ တပြိုင်နက်၊ သူ လွယ်တော့မှာ မဟုတ်ဘူး၊ အဲဒါ ဆရာ့တပည့်လဲ ဆရာ ကြည့်ဆုံးမပေးပါအုံး"

ဆရာဦးသိုက်စိုးအောင်ကတော့ ပြုံးရုံသာ ပြုံးသည်။

"လူကတော့ လူကောင်းပါဟ၊ ရမ်းရမ်းကားကားထဲက မဟုတ်ပါဘူး၊ ငါ သိသလောက်ကတော့ အရက်လဲ မသောက်တတ်ဘူးဟ၊ အပျော်အပါး အကစား မရှိဘူး"

"ဒါကလဲ တကယ်တမ်းတော့ ယောကျ်ားတယောက်ရဲ့ အရည်အချင်းမဟုတ်ပါဘူး ဆရာရယ်၊ အရေးလဲ မကြီးပါဘူး၊ ကိုယ့်လက်ထဲကျမှ သောက်တတ်စားတတ်လာတော့ ဘာတတ်နိုင်တာမှတ်လို့၊ ကျမ ပြောပြီးပါပြီ၊ သည်အိမ်မှာက ကျမ မရှိလို့လဲ မဖြစ်ဘူး၊ ကျမကိုယ်တိုင်ကလည်း အိမ်ထောင်ပြုဖို့ စိတ်ကူးလို့ မရသေးဘူးဆိုတာကို"

"အဲဒါက ဟုတ်ပါပြီ၊ ငါနားလည်ပါတယ်၊ ငါပြောတာက သည်ကောင် လူကသာ ကြမ်းတာနော်၊ စိတ်က သိပ်နုတဲ့အကောင်၊ နင့်အကြောင်းမို့ လာပြောရင်လဲ မျက်ရည်စလေးနဲ့ဗျ၊ သိပ်အားငယ်တတ်တဲ့ကောင်"

"လူမှန်ရင်တော့ မျက်ရည်ကျတတ်ကြတာ မဆန်းပါဘူး ဆရာကြီးရဲ့"

ရုတ်တရက် မိကောင်းက ကြားဖြတ်ဝင်၍ ခွပ်လိုက်သည်။

"ဟဲ့ မိကောင်း၊ အသာနေစမ်း၊ ဘယ့်နှယ်ဟာလဲ"

အမေက ဟန့်လိုက်သည်။ ပြီး အားနာဟန် ပြုံးပြသည်။

"အဲသည် အငယ်မကတော့ ရိုင်းတယ် ဆရာကြီးရဲ့၊ ခွင့်လွှတ်ပါနော်၊ ဘာရယ်မဟုတ်ဘူး၊ ပြောချပစ်လိုက်တတ်တယ်၊ အကျင့် မကောင်းဘူး"

"ကိစ္စမရှိပါဘူး၊ သူပြောတာလဲ မှားတာမှ မဟုတ်ပဲ"

"မိကောင်း၊ ဆေးလိပ် ဝယ်ချေစမ်းအုံး၊ သုံးလေးလိပ်၊ ဒူးယားနော်"

"ငါလဲဟော့၊ တပည့်ကလဲ ဖြစ်နေပြန်၊ သည်ကောင့်မှာက မိဘမရှိတော့ဘူးဆိုတာ သိနေတော့ လိုက်ပြောပေးရမယ့်တာဝန်ရှိလာတယ် မဟုတ်လား၊ ဒါတော့ ငါ့စေတနာကို နင် နားလည်မှာပါ၊ နင်လည်း ငါ့တပည့်ပဲ၊ နင့်ကိစ္စဆိုရင်လဲ ဒီလိုပဲ ငါလိုက်လုပ်ပေးရမှာပဲ၊ ခုဟာကလဲ နင်မို့လို့သာ ငါလာပြောတာနော်၊ တခြားမိန်းကလေးတယောက်သာဆိုရင် ငါ အတော်စဉ်းစားရမယ်"

"ကျေးဇူးတင်ပါတယ် ဆရာရယ်၊ ဒါပေမယ့် ကျမတို့ဘဝကို ဆရာ တကယ်မသိလို့ပါ၊ အဖေဆုံးတော့ အဲဟို အငယ်မကလေးတွေ ခြောက်နှစ် မပြည့်တတ်သေးဘူးဆရာရဲ့၊ နေ့စဉ် မျက်ရည်နဲ့မျက်ခွက်၊ ကျမတို့ ဘယ်လို ရုန်းကန်ခဲ့ရမယ်ဆိုတာ ဆရာတို့က ပညာရှိပါတယ်၊ တွေးကြည့်ရင် သိပါတယ်"

"ဟဲ့ သိလို့လဲ ငါရော နင့်အမကရော နင့်ကို ဘယ်လောက် အားပေးကြသလဲ၊ နင်သိသားနဲ့"

မိဒေါင်းမ ပထမတော့ ဝန်ခံခေါင်းညိတ်သည်။ နောက်တော့ ငြင်းဆန်ခေါင်းခါသည်။

"ကျမတို့ ဆရာကပြောသလို၊ ဆရာ့မို့လို့လဲ ကြံ့ကြံ့တုန်း ကျမ ပြောချင်သေးတယ် . . ."

အသက်အနေနဲ့ကတော့ ခုမှ ကျမအသက် နှစ်ဆယ့်တစ်နှစ်ပဲ ရှိပါသေးတယ် ဆရာ၊ ကလေးအရွယ်သာသာ ဆိုပါတော့၊ ဒါပေမဲ့ ကျမမှာ ကလေးဘဝဆိုတာမျိုး မရှိခဲ့ရဖူးပါဘူး၊ အရုပ်နဲ့ ဒါမှမဟုတ် အဖော်နဲ့ မကစားခဲ့ရဖူးဘူး၊ အပူအပင်မဲ့ စားပြီးအိပ် အိပ်ပြီးစားဆိုတဲ့ ဘဝမျိုးမှာ မနေခဲ့ရဖူးဘူး၊ ကျမ ကိုးနှစ်သမီးကထဲက လူကြီးတယောက်လို အလုပ် လုပ်လာခဲ့ရတာ၊ ကနေ့ထိရော"

ဆရာ ဦးသိုက်စိုးအောင်က ခေါင်းကို ပုတ်သင်ညိတ် ညိတ်သည်။

"ကျမ ကျောင်းနေလက်စက ထွက်လိုက်ရတယ်၊ မထွက်ချင်ဘူး၊ ကျောင်းမှာလဲ ကျမက စာတော်တယ်၊ ကျောင်းအုပ်ဆရာကြီးနဲ့ အတန်းပိုင်ဆရာမ လင်မယားကလဲ မထွက်စေချင်ဘူး၊ အိမ်လိုက်ပြောကြတယ်၊ မွေးစားပြီး

ပညာသင်ပေးမယ်လို့တောင် တောင်းကြတယ်၊ ကျမကလဲ မသိတတ်သေးတော့ ငိုမိတယ်၊ ဒါပေမဲ့ ဘာတတ်နိုင်မှာလဲ၊ အိမ်မှာက ကျမမှမရှိရင် အားလုံး ဒုက္ခရောက်ကုန်ကြမယ်၊ ငတ်ကြမယ်။ ချက်မယ့် ပြုတ်မယ့်လူလဲ မရှိဘူး၊ ကလေး ထိန်းမယ့်လူလဲ မရှိဘူး၊ အဖေ သေပြီဆိုတော့ ထမင်းစားရဖို့အတွက် အလုပ် လုပ်မယ့်လူကလဲ အမေတယောက်ထဲပဲ ရှိတယ်၊ သည်တော့ ကျမ ငိုလဲငို ငိုပဲ၊ ဘယ်တတ်နိုင်မလဲ . . ."

"ခုဆိုရင် ကျမမှာ အဲသည်ဝဋ် လည်နေပြီလေ ဆရာရဲ့၊ အဲဟို အမွှာညီအမ နှစ်ယောက်ကို ကျမ ကျောင်းထားပေး ချင်တယ်၊ ကျမတို့လို ရေတပိုင်း ကုန်းတပိုင်း ပင်ပင်ပန်းပန်း လုပ်မစားရအောင် ငယ်တုန်းမှာ ပညာပေးချင်တယ်၊ ဒါပေမဲ့ ကျောင်းဆိုတာကို သူတို့ ရောက်တောင် မရောက်ဖူးခဲ့ကြဘူး၊ အပြင်ကပဲ မြင်ဖူးကြတယ်၊ သည် နေရာမှာတော့ ကျမထက် ကံဆိုးကြတယ်၊ ဘာတတ်နိုင်မှာလဲ၊ စိတ်မကောင်းလို့ ကျမ ငိုလဲ ငို ငိုပဲ၊ ခု သူတို့ကိုပါ ကျမ အလုပ် လုပ်ခိုင်းနေရတယ် . . ."

သည်စကား ရောက်လာတော့ မိဒေါင်းမ မျက်ရည်လည်လာသည်။ အမေ့ကို လှမ်းကြည့်လိုက်တော့ အမေလည်း အကျီလက်မောင်းနှင့် မျက်ရည်စ သိမ်းနေသည်။

"သည်တော့မှ ကျမ သဘောပေါက် လာတယ်၊ ကျမ ကျောင်းထွက်လိုက်ရလို့ ငိုတုန်းက အမေကလဲ ငိုခဲ့ရမှာပဲ ဆိုတာကို . . ."

ယခုတော့ ဆရာဦးသိုက်စိုးအောင်၏ မျက်နှာသည်လည်း အို လာပြီ။

"ဆရာ နားလည်မှာပါ၊ တကယ်တော့ ကျမက အမပေမယ်လို့ အမေလို ဖြစ်နေခဲ့ရတယ်။ ချက်ရုံပြုတ်ရုံတွင် မကဘူး၊ ခူးခပ်ပါ ကျွေးခဲ့ရတယ်။ အိမ်ထောင်ထိန်းသိမ်းရရုံတွင် မကဘူး၊ သူတို့ကိုပါ ကိုယ်လက်သန့်စင်ပေးခဲ့ရတယ်။ တိုတိုပြောရရင် အမေတယောက်လို ထိန်းကျောင်းခဲ့ရတယ်။ သွန်သင်ခဲ့ရတယ်။ သူတို့ နေထိုင်မကောင်း ဖြစ်ရင်လဲ ကျမပဲ ပြုစုခဲ့ရတယ်။ အလုပ် လုပ်ရလို့ ပင်ပန်းလာတဲ့ အမေ့ကိုသာ အိပ်ခိုင်းပြီး တခါတခါ ကျမ ညလုံးပေါက် ထိုင်စောင့်ခဲ့ရတယ်။ ဒါကြောင့်လဲ လက်တွေ့မေးကြည့်ပါ ဆရာ၊ ကျမ အပိုမပြောတတ်ပါဘူး၊ ဆရာ မေးချင်တဲ့ ကလေးကို မေးပါ၊ အမေနဲ့ ကျမ ဘယ်သူ့ကို ပိုချစ်သလဲလို့၊ ဘယ်သူ့ကို ပိုသနားလဲလို့၊ ခုထက်ထိလဲ အရွယ်ရောက် လာတဲ့ မောင်တယောက်ကလွဲပြီး ကျမနဲ့ အတူတူ အိပ်ကြတုန်းရယ်၊ ပူဆာစရာရှိရင်လဲ ကျမကိုသာ ပူဆာကြတုန်းရယ်။ ခုနေ သည်မောင်နှမတွေက . . . ဖွ မပြောကောင်းမဆိုကောင်း . . . တယောက်ယောက် ဖျားကြည့်စမ်းပါလား၊ ကျမကိုယ်တိုင် ဆေးတိုက်မှ သောက်မယ် နွဲ့ဆိုး ဆိုးကြတုန်းရယ် . . . ."

"သည်တော့ ကျမ သူတို့ထက် ပိုပြီး ဘယ်သူ့ကိုမှ မချစ်နိုင်ဘူး ဆရာ၊ ချစ်ခွင့်လည်း မရှိဘူးလို့ ထင်တယ်"

ဆရာ ဦးသိုက်စိုးအောင် ပင့်သက်ချလိုက်သည်။

"ဆရာကတော့ အံ့ဩနေမလား မသိဘူး၊ ကျမ စကားတွေ အများကြီး ပြောနေလို့"

"ဆရာ သတိထားမိမှာပါ၊ ဆရာတို့အိမ် လာ ဝိုင်းလုပ်ပေးနေတဲ့အခါလေ၊ ဘယ်မှာ ကျမ ခုလို စကားပြောဘူးလို့ တုန်း၊ဘယ်တုန်းကမှလဲ အများကြီး မပြောဘူးခဲ့ရိုးအမှန်ပါ။ ခုလဲ သည် စကားတွေကို ကျမ ပြောမယ်လို့ ရည်ရွယ်ထားတာ မဟုတ်ဖူး ဆရာ၊ ဘယ်က ဘယ်လို ဖွတ်တိုးပြီး ထွက်လာကြတယ် မပြောတတ်ဘူး၊ ကျမကိုယ်တိုင် ပြောနေတာမှ ဟုတ်ရဲ့လားလဲ မသိဘူး"

"သည်တော့ ဆရာ့ကို ကျမ တောင်းပန်ပါတယ်၊ အမှားပါခဲ့ရင်လဲ ခွင့်လွှတ်ပါ၊ ရိုင်းပြတာ မရှိသေတာ ပါခဲ့ရင်လဲ ခွင့်လွှတ်ပါ၊ ဆရာ့ကို ကန်တော့ပါတယ်"

မိဒေါင်းမ အပြောရပ်လိုက်သည်။ ဆရာဦးသိုက်စိုးအောင်ကိုလည်း လက်အုပ်ချီ၍ ဦးသုံးကြိမ် ချလိုက်သည်။

"အေး . . . သည်ညနေ သည်လာလိုက်တာ ငါ့အဖို့တော့ သိပ် ဟန်ကျသွားတယ် ဒေါင်းမရေ့၊ ဘာပဲပြောပြော တပည့်တယောက်ရဲ့ ဘဝကို ပြည့်ပြည့်စုံစုံ သိလိုက် နားလည်လိုက်ရတာက အမြတ်တခုပဲ၊ ဗဟုသုတတွေလဲ အများကြီး ရလိုက်တယ်"

"လုပ်ရော့မယ် ဆရာကလဲ"

"တကယ်ပြောတာဟဲ့၊ ငါမသိသေးတဲ့ ငါသိဖို့ကောင်းတဲ့ တကယ့် သတ္တုတွင်း လုပ်သားတွေရဲ့ တကယ့်ဘဝ စိတ်တပိုင်းကို သိရတယ်ဆိုတာ နည်းတဲ့ ဗဟုသုတလား၊ ဒါမျိုးကို သိဖို့ဆိုတာက ဘယ်စာအုပ် ဘယ်တက္ကသိုလ်ကမှ သင်ပြနိုင်တာ မဟုတ်ဘူး၊ နင့်ကိုတောင် ကျေးဇူးတင်ရအုံးမယ်"

မိဒေါင်း ပီတိပြုံး ပြုံးသည်။

"ဆင်းရဲကြတာတို့၊ မရှိကြတာတို့၊ မပြည့်စုံကြတာတို့၊ ကြပ်တည်းကြတာတို့၊ ငတ်ကြတာတို့ကို သိချင်လို့ကတော့ ဆရာရယ်၊ သည်နားတဝိုက်မှာတွင် ခုတ်လို့ ထွင်လို့ မကုန်နိုင်အောင် တောရိုင်းထနေတာပါ၊ ပြီးတော့ ဆင်းရဲကြတာ

ချင်း တူပေမယ့်လည်း တအိမ်နဲ့တအိမ်၊ တမိသားနဲ့ ဆင်းရဲပုံချင်း မတူကြသေးဘူး ဆရာရဲ့၊ ပြောပြရရင်လဲ ကုန်နိုင်စရာ မရှိပါဘူး၊ ကျက်သရေမရှိပါဘူး ဆရာရယ်၊ မသိချင် မကြားချင်စမ်းပါနဲ့”

“ဆင်းရဲတာကို ကျက်သရေမဲ့တယ်လို့တော့ ဘယ်ပြောလို့ရပါ့မလဲ ဒေါင်းမရယ်၊ နင်တို့ချည့် ဆင်းရဲတာလဲ မဟုတ်ပါဘူးဟဲ့၊ အားမငယ်ပါနဲ့၊ ငါတို့လဲ ဆင်းရဲတာပဲ”

မိဒေါင်းမ သရော်ပြုံး ပြုံးသည်။

“ဆရာတို့ ဆင်းရဲတယ်ဆိုတဲ့ ပုံစံမျိုးတော့ ကျမ တသက်လုံး ဆင်းရဲလိုက်ချင်စမ်းပါရဲ့ ဆရာရယ်၊ က တောင်မှ က ပစ်လိုက်အုံးမယ်”

× × × × × × ×



**Commercial use of this book will be at your OWN RISK !**

**http://myanmarcupid.net**

## အခန်း (၁၃)

လိုက်ရင်းလိုက်ရင်းနှင့် တလခွဲခန့် လိုက်လိုက်တော့၊ လမ်းဆုံးသို့ ရောက်တော့ပြီ။

သတ္တုရာခိုင်နှုန်း များတန်ရာသည်ဟု ယူဆရသည့် သဲနုန်းဖြုန်း မြေကြောကို လိုက်၍ တူးရင်းနှင့် နောက်ဆုံးတော့ ကျောက်ပြတ်ရွှေ့ တဖက်ခြမ်းနှင့် ရင်ဆိုင်တိုးရသည်။

သဲနုန်းမြေ ဖုံးနေသော ကျောက်ပြတ်ရွှေ့ တဖက်ခြမ်း။

ကျောက်ဟု ဆိုကတည်းက နမ်းဖတ်ကျောက်ပဲ့ဖြစ်ဖြစ်၊ သင်ပုန်းကျောက်ပဲဖြစ်ဖြစ်၊ ကွပ်ဇိုက်ကျောက်ပဲဖြစ်ဖြစ်၊ ယေ့လကျောက်ပဲဖြစ်ဖြစ်၊ အာဂျီလိုက်ကျောက်ပဲ ဖြစ်ဖြစ်၊ သလင်းကျောက်ပဲ ဖြစ်ဖြစ်၊ ကျောက်သည် ကျောက်သာလျှင် ဖြစ်သည်။

ဆိုလိုသည်က သုံးနေကျ ပေါက်ချွန်း ပေါက်ပြားတို့မျှနှင့် ရတော့မည် မဟုတ်။ သံတူရွင်းတို့ကိုသာ အဓိကထား အားကိုးရတော့မည်။

စင်စစ် ကျောက်သားကို သံတူရွင်းအားဖြင့်သာ တူးဖဲ့ရတော့မည် ဆိုတော့လည်း ပို၍မလွယ်။

သံတူရွင်း ဆိုသည်ကလည်း မိဒေါင်းမ တရပ်ခန့် ရှည်တတ်သည်။ အနည်းဆုံး ကျပ်လုံးခန့် တုတ်တတ်သည်။ ခန့်မှန်းခြေ အချိန်တဆယ်ခန့် ရှိတတ်သည်။

သို့မှသာလျှင်လည်း တူးအားကောင်းနိုင်မည်။ အရာရောက်နိုင်မည်။ သို့သော် မိဒေါင်းမတို့ မိကောင်းတို့က မိန်းမ။

အခါတိုင်း တူးရသည်ကတော့ သဲနုန်းမြေ။ တချို့က နုန်းမြေသိုက်ဟုလည်း သုံးနှုန်းလေ့ရှိသည်။ သည်ကံပေါက်မှာတော့ ကပ်ရှာသိုက်ဟု ပြောမှသာ နားလည်နိုင်ကြသည်။ ဆရာဦးသိုက်စိုးအောင်တို့ အပိုင်းကတော့ ရှပ်သိုက်ဟု ခေါ်ခေါ်သည်။

သည် ကပ်ရှာမြေစာထဲမှာက သဲ၊ ရွှံ့၊ စရစ်ဖြုန်းတို့နှင့် သတ္တုမှုန် သတ္တုခဲတို့ ရောပြွန်းနေတတ်သည်။ ယဉ်း လိုက်သည့်အခါ သဲ၊ ရွှံ့နှင့် စရစ်ဖြုန်းတို့က ရေလျဉ်အားမှာ မျောပါသည်။ ယဉ်း ရသည်မှာလည်း လွယ်သည်။ တူးရသည်မှာလည်း လွယ်သည်။

ပေါက်ချွန်းပင် သိပ်မသုံးရတတ်။ ပေါက်ပြားချက်မျှနှင့်သာ ရတတ်သည်။

ယခုတွေ့နေရသည်ကတော့ ကျောက်ပြတ်ရွှေ့။ ပြီး မြေကြီးဖုံးနေသည်။

တောင်နံရံလည်း မဟုတ်။

တောင်နံရံဆိုလျှင်တော့လည်း သိပ်ဆိုးမည်မဟုတ်၊ လူကရပ်လျက် သံစို့နှင့် ရိုက်၍ ဖဲ့နိုင်ဖြိုနိုင်မည်။ သို့တည်း မဟုတ်၊ စို့နှင့် တွင်းဖောက်။ ယင်းတွင်းထဲသို့ ယမ်းထည့်ပြီး ဖောက်ခွဲပစ်နိုင်မည်။

ယခုတော့ သည်ပြတ်ရွှေ့က ခြေထောက်အောက်မှာ။ ထို့ကြောင့် သည် ပြတ်ရွှေ့ အခြေအနေ အရပ်ရပ်ကိုလည်း မမြင်ရ မသိရ။

ယမ်းအားကိုအား၍ ဖောက်ခွဲမည်ဆိုသည့်တိုင်၊ နံဘေးတဖက်သို့ ပွင့်ကန်ထွက်လာနိုင်စရာအကြောင်း သိပ်မရှိ။ မြေပေါ် ဘက်သို့သာ အနည်းငယ် ကန်ထွက်ကောင်းထွက်မည်။ ချိုင့်တွင်းငယ် တတွင်းမျှသာ ဖြစ်ကောင်းဖြစ်လာမည်။

များသောအားဖြင့်ကတော့ ကျောက်မျက်နှာပြင်မှာ အက်ကြောင်းများသာ ပေါ်လာလေ့ရှိသည်။ ယဉ်းစရာ သတ္တုမြေစာများများ ရလာနိုင်ဘွယ်ရာ အကြောင်းမရှိ။

သို့သော် မြင်ရသော သလင်း ကျောက်ပြတ်ရွှေ့ မျက်နှာပြင် တစိတ်တပိုင်းကသည်ပင်လျှင် မိဒေါင်းမအဖို့ မက်မောချင်စရာကောင်းနေသည်။ သတ္တုကြွက်များ ပိန်းထ၍နေသည်။

မိဒေါင်းမ၏ ဗဟုသုတမျှနှင့်ပင် သတ္တုရာခိုင်နှုန်း များဘွယ်ရာရှိသည်ဟု ယူဆဘွယ်ရာ ဖြစ်နေသည်။ သည်တော့မိဒေါင်းမ မျောက် အုန်းသီးရသကဲ့သို့ ကြုံရသည်။

ဆရာ ဦးသိုက်စိုးအောင်တို့ အပိုင်းသို့သာ အပ်လိုက်မည်ဆိုလျှင်တော့လည်း လွယ်ဘိခြင်း။

သူတို့ကတော့ တွက်တတ်သည်။ သဘောတရားကို နားလည်သည်။ ကျောက်နမူနာကို ထုတ်ကြည့်မည်။ သတ္တုရာခိုင်နှုန်းမည်မျှ ပါရှိသည်ဆိုသည်ကိုလည်း ရုတ်ခြည်းပင်သိမည်။

သတ္တုရာခိုင်နှုန်းမျှသာမက၊ သည်နေရာမှာ စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် အလားအလာရှိ၏ မရှိ၏ကိုလည်း အလွယ်ကလေးနှင့် သိမည်။

နောက်ဆုံး ထွက်လာနိုင်ဘွယ်ရာရှိသည့် သတ္တုတန်ချိန်ကိုပင်လျှင်လည်း ခန့်မှန်းနိုင်မည်။

ပြီး သတ္တုရာခိုင်နှုန်းများစွာ ပါဝင်၍၊ စီးပွားဖြစ် ထုတ်လုပ်နိုင်မည့် အခြေအနေရှိသည် ဆိုပါတော့။

ထုတ်လုပ်သည့် အပိုင်းကလည်း လွယ်ဘိခြင်း။

ယင်း ကျောက်ပြတ်ရွှေ့နှင့် ကပ်လျက်ရှိသည့် သဲနုန်း ဖြုန်းမြေ တောင်ကုန်းကို ကျွဲရိုင်းစက် ဆင့်ဆို၍ ထိုးဖြိုပစ်လိုက်မည်။ ယင်း သဲနုန်းဖြုန်းမြေစာတို့ကိုပင်လျှင်လည်း ရေပန်းထိုးစနစ်ဖြင့် ယဉ်း၍၊ ရနိုင်သမျှ သတ္တုတို့ကို ထုတ်ယူလိုက်ဦးမည်။

ပြီး ကျောက်နံရံ ပေါ်လာပြီဆိုလျှင်လည်း၊ နေရာအနှံ့အပြားမှာ လျှပ်စစ်လွန်သွားနှင့် ဝါးလုံးခေါင်းတွင်းငယ်များ ခပ်နက်နက် လိုက်လံထွင်းဖောက်မည်။

ထိုတွင်းငယ်များထဲသို့လည်း ယမ်းအား ပြောက်မြားစွာထည့်၍၊ တပြိုင်နက်ထဲ ဖောက်ခွဲပစ်လိုက်မည်။ အဝေးမှ လှမ်း၍ တောင်နံရံကြီးတခြမ်း ပေါက်ကွဲပြိုကျသည်ကို ကြည့်နေရသည်မှာ သိပ်အရသာရှိသည်။ ပျော်ဘို့လည်းကောင်းသည်။

ပြီးတော့မှ နေ့စားပုတ်ပြတ် အလုပ်သမားများနှင့် ထုကြ၊ ခွဲကြ၊ သယ်ကြ၊ ရွက်ကြ၊ သန့်ကြ၊ စင်ကြ၊ ဆေးကြ၊ ယဉ်းကြ။ တပျော်တပါး လူအားလည်း သုံးနိုင်သည်။ မနေမနား စက်အားလည်း သုံးနိုင်သည်။

ရှင်ဘုရင့်ပုဆိုးပိုး ချည့်တည်း။

သို့သော် မိဒေါင်းမ ပသို့လုပ်ရပ်ါ့။

ပါရှိသော သတ္တုရာခိုင်နှုန်း များ၏ မများ၏ကိုလည်း မိဒေါင်းမ တွက်မကြည့်တတ်။ တနေ့ကျောပူမှ တနေ့ဝမ်းအေးသည့်ဘဝ ဆိုတော့လည်း၊ ကျောက်နမူနာတို့ကို နေရာစုံစုံမှ တူးဖော်ထုခွဲ၍ ယဉ်းကြည့်နေချိန်၊ သူတေသနလုပ်နေချိန် မရ။

ကိုယ်နှင့် တန်ရာတန်ရာသာ လုပ်ရလျှင် ကောင်းလိမ့်မည် ထင်သည်။ တပ်ခေါက်ပြန်ရုံသာ ရှိတော့မည် ထင်သည်။

အဲ . . .  တခုတော့ ရှိသည်။ သတ္တုတူးဖော်ထုတ်လုပ်ရေး လုပ်ငန်းကော်ပိုရေးရှင်းက ကျေညာ၍ ထားသည်။ သတ္တုထွက်ရာ ဒေသသစ်ကိုတွေ့၍ သက်ဆိုင်ရာသို့ အကြောင်းကြားလျှင် ဆုငွေထုတ်ပေးမည်ဟုဆိုသည်။

သတ္တုသိုက်သစ်မှ နမူနာသတ္တုကို တင်ပြလျှင် ဆုငွေ–၁၀၀ိ။ နေရာကို လိုက်ပြလျှင် ဆုငွေ ၁၀၀၀ိ။ ယင်းနေရာသည် စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် အခြေအနေ ရှိသည်ဆိုလျှင် ဆုငွေ ၅၀၀၀ိ။

သို့သော် တဖက်က တွေးကြည့်မိပြန်တော့လည်း မဖြစ်နိုင်။ ယခု မိဒေါင်းမ တွေ့သည့်နေရာသည် သတ္တုထွက်ရာဒေသသစ် မဟုတ်။ ကံပေါက်သတ္တုတွင်းနယ်မြေ အဖြစ်ဖြင့် သက်ဆိုင်ရာက သတ်မှတ်ကျေညာပြီး ဖြစ်သည်။

ပြီး သည် ကံပေါက်သတ္တုတွင်း၏ သက်တမ်းကလည်း စင်စစ် အနှစ် ၇၀ နီးပါးခန့် ရှိပြီ။ သည်တော့ မိဒေါင်းမ မမွေးမီ နှစ်ပေါင်းများစွာကတည်းကပင် သည်နေရာသို့ သတ္တုသိုက်တူးသူ လူပေါင်းများစွာ ရောက်ဖူးခဲ့ကြပြီ။

သည်ခေတ်မှာ ကျတော့လည်း သက်ဆိုင်ရာ ဘူမိဗေဒနှင့် ဘူမိရူပဗေဒ ပညာရှင်များကိုယ်တိုင် သည် ကံပေါက်နယ်မြေ အနှံ့အပြားမှာ ကွင်းဆင်းသုတေသနပြု၍၊ အစမ်းတွင်းပေါင်း မြောက်မြားစွာ တူးကြည့်ခဲ့ပြီးပြီ။

သည်တော့၊ ဆုငွေရဖို့ မျှော်လင့်ချက်မရှိ။ သတ္တုရှာခိုင်နှုန်းများစွာ ပါဝင်နေဖို့ ဆိုသည်မှာလည်း စင်စစ် မဖြစ်နိုင်။

သို့သော် မိဒေါင်းမ ကြားဘူးနားဝ ရှိသည်။ မြေကြီး၏ အဇ္ဈတ္တသဘောကို မည်သူမျှ အပိုင်မပြောနိုင်။ သက်ဆိုင်ရာ ပညာရှင်များ၏ တွက်ကိန်းတို့သည်ပင်လျှင်လည်း၊ ရံဖန်ရံခါ လွဲမှား တတ်ကြသည်။

လက်တွေ့လည်း ရှိသည်။ ရံဖန်ရံခါ သူတို့ကိုယ်တိုင်လည်း ဝန်ခံတတ်ကြသည်။

သည်တော့ မိဒေါင်းမ မျှော်လင့်ချင်လာမိပြန်သည်။

မိဒေါင်းမ ဝေခွဲမရတော့။ ဆုံးဖြတ်မရတော့။

သို့သော် မိဒေါင်းမအဖို့ အခက်ဆုံးကတော့ လုပ်အားပြဿနာ။ လုပ်အားသာ ပြည့်ပြည့်စုံစုံ ရှိနေမည် ဆိုလျှင်တော့၊ ဘာပဲဖြစ်ဖြစ် တူးကြည့်လိုက်ချင်သည်။ နှစ်ရက်တန်သည်၊ သုံးရက်တန်သည် စွန့်စား၍ လုပ်ကြည့်လိုက်ချင်သည်။

အောင်မြင်လျှင်တော့ ကတ္တီပါဖိနပ်စီး၊ ရွှေထီးဆောင်း ရမည်။ လမ်းမတန်းဘက်မှာပင် အိမ်ကလေးတဆောင် ဆောက်ပစ်လိုက်နိုင်မည်။ လူလူသူသူ ဖြစ်လာမည်။

ခက်သည်က လူပြဿနာ။ သည်နေရာမှာက မိဒေါင်းမ ယူဆသကဲ့သို့ပင် သတ္တုရှာခိုင်နှုန်းများသည့် သတ္တုကြောကြီး ဖြစ်နေပြီ ဆိုပါတော့။ နွားရှိသောသူ နွားကြောင့်ပူ၏ ဆိုသကဲ့သို့ပင်၊ အရေးကြီးသည်ကို ညဥ့်အိပ် ညဥ့်နေ စောင့်ကြည့်ရတော့မည်။

ညဘက်မှာ ခိုး၍ တူးသူတို့ ရှိတတ်သည်။ ရှိနိုင်သည်ကိုလည်း အများအသိ။

သိကြသည့်အတိုင်းပင် သတ္တုဆိုသည်ကလည်း ရေကို အဓိကထားအားပြု၍ လုပ်ရသည့်အလုပ်။ မိုးရာသီမှာဆိုလျှင် ၂၄ နာရီ အလုပ် လုပ်ကြသည့်နေရာ။

ပြည်သူပိုင်ဘက်ကလည်း ၈ နာရီ အဆိုင်း သုံးဆိုင်းဖြင့်။ ပုဂ္ဂလိက ဘက်ကလည်း မနက်ပိုင်း အဆိုင်းနှင့်၊ ညနေပိုင်း အဆိုင်းနှင့်။

သည်တော့ နေ့ဘက်မှာ အလုပ် လုပ်၍ ညဘက်မှာ အိပ်ကြ နားကြသည့်သူများ ရှိသကဲ့သို့ပင်၊ နေ့ဘက်မှာ အိပ်ကြ နားကြ၍ ညဘက်မှာ အလုပ်လုပ်ကြသူများလည်း ရှိကြသည်။

ပြီး ညဘက်မှာသာ ရတတ်သည့် လျှပ်စစ်မီးကလည်း၊ ပုဂ္ဂလိက ပိသာစား အလုပ်သမားတို့၏ ပျံကျ လုပ်ကွက်ဘက်မှာ မရှိ။ မိုးမှောင်လျှင် မှောင်သည်။ မိုးလင်းမှ လင်းသည်။

သည်တော့ ကိုယ့်သတ္တုကြောကို ကိုယ်၊ ညဘက်မှာ စောင့်ကြည့်ဖို့လိုသည်။ ဘယ်မလဲ စောင့်မည့်သူ။

ဒလဥဘဏ်လည်း မဖြစ်နိုင်။ ကျန်ရစ်သည့် မိသားစုတို့ကလည်း မိန်းမချည့်။ မလွယ်။

သည်နေရာမှာ . . .   တခုတော့ ရှိပြန်သည်။ မိဒေါင်းမ စဉ်းစားမိပြန်သည်။

မိုင်းရုံးမှာ မှတ်ပုံတင်မည်။ ကိုယ်ပိုင်တွင်းအဖြစ်ဖြင့် တူးဖော်ထုတ်လုပ်ခွင့်ပြုရန် လျှောက်မည်။ သည်သို့ဆိုလျှင် လုံခြုံမှုအတွက် သက်ဆိုင်ရာမှာ အကူအညီရနိုင်မည် ထင်သည်။

ပြီး လုပ်အားပြဿနာကလည်း ပြေလည်မည်။ လုပ်အားငှားရမ်း သုံးနိုင်သည်။ မိဒေါင်းမတို့ ပတ်ဝန်းကျင်မှာပင် မြောက်မြားစွာ ရှိသည်။

မှန်သည်။ ကျွမ်းကျင်သော အလုပ်သမားတယောက်၏ အလုပ်ချိန်တချိန် လုပ်ခသည် ၁၂ ကျပ်မှ ကျပ်၂၀ အထိ ဈေးရှိသည်။ အနည်းဆုံး သုံးယောက်တော့ သုံးရမည်။ နှစ်ချိန်ဆိုတော့ ခြောက်ယောက်။

ပြီး ယမ်းခွဲဖို့လိုအပ်၍၊ ယမ်းခွဲမည် ဆိုလျှင်လည်း သက်ဆိုင်ရာမှ စေလွှတ်ပေးမည့် ယမ်းခွဲကျွမ်းကျင်သူ ဝန်ထမ်းအတွက် ကြည့်ရှုပေးကမ်းရဦးမည်။

အစိုးရက အခမဲ့ ကူညီသည်မှန်သော်လည်း၊ ဘာပဲပြောပြော အောက်ပိုင်းမှာတော့ ကျေးဇူးသိတတ်ရဦးမည်။ ကျွေးမွေးပေးကမ်းရဦးမည်။

သည်တော့ အကြမ်းအားဖြင့် တနေ့ကုန်ကျစရိတ်သည် ကျပ်နှစ်ရာ ပတ်ဝန်းကျင်မှာ ရှိနိုင်သည်။

ကျပ်နှစ်ရာ ဆိုသည်က ဒိုင်မှာ တန်ဘိုးဖြတ်လျှင် သတ္တုလေးပိသာခန့်။ သည်သို့မှတ်ပုံတင်၍၊ သက်ဆိုင်ရာ၏ အကူအညီဖြင့် တူးဖော်ထုတ်လုပ်ပြီ ဆိုတော့လည်း၊ ဒိုင်သို့ မရောင်းချင်၍ မရ။ မလွှဲမရှောင်သာ ရောင်းရမည်။

မထွက်ဖူး ပြောလျှင်လည်း ယုံမည်မဟုတ်။ မုချ ရောင်းရမည်။

ပသို့ဆိုစေ၊ သည်နေရာမှာ သည်လုပ်အားနှင့် လေးပိသာဆိုသည်က သာမည။ ရံဖန်ရံခါ ခုနစ်ရက်တပတ်မှာ သတ္တုပိသာချိန် သုံးရာအထိ ရရှိကြဖူးသည်ကို မိဒေါင်းမ သိသည်။ မြင်ကြားနေရသည်။

သည်တော့ အနည်းဆုံး ပိသာနှစ်ရာပဲ ရသည်ထားဦး။ သည်အထဲက တပတ်တွက် လုပ်ခ ၂၀ ပိဿာပဲ ကုန်မည်။ ကျန်သမျှ ကိုယ်ရမည်။ မိဒေါင်းမ စိတ်ကူးယဉ်လိုက်သည်။

သို့သော် သတ္တုမထွက်မှ နေ့စဉ် စိုက်ထုတ်၍ ပေးနှင့်ထားရမည့် လုပ်အားခတို့သည် အဘယ်မှာနည်း။ ဘယ်က ရမည်နည်း။ ဘယ်သူက ပေးမည်နည်း။

ပြီး သတ္တုတွင်း မအောင်မြင်ခဲ့လျှင် . . . . .

× × × × ×

အရပ်ထဲ ပြန်ရောက်မှ တိုင်ပင်ကြည့်ဦးမည်။ သူငယ်ချင်း နော်အေးနုတို့ နော်ပုထွေးတို့အဖေ ဦးစိန်းမောင်ရွှေလည်း ရှိသည်။

ဦးစိန်းမောင်ရွှေကသာ သဘောတူစွာ လက်တွဲလုပ်ကိုင်နိုင်မည် ဆိုလျှင်တော့၊ နော်အေးနုတို့ အကို အိမ်ထောင်သည် ကိုတိုးချစ်လည်း ပါလာမည်။

နော်အေးနု၏ ညားခါစ ယောကျာ်း မိကျောင်းအိုင်သား ကိုချစ်ပုံလည်း ပါလာမည်။

သူတို့ညီအမ နှစ်ယောက်ကြားမှ စိုးမြစ်ဆိုသည့်ကောင်ကတော့ အလကား။ ခါးချိုး၍ အလုပ် လုပ်ချင်သည့် ကောင်မျိုးမဟုတ်။

ဟိုဘက်က လာသည့် ချုပ်ပြီးသား ဘောင်းဘီရှည်ကို ဝယ်ပြီးကတည်းက ညနေတိုင်း ခါးကမချ။ လတ်လျား လတ်လျားနှင့် သူ့ကိုယ်သူ လူပျိုအရာရှိ ရိပ်သာမှ သိပ္ပံကျောင်းဆင်းပုံစံမျိုး ဖမ်းနေသည်။

သည်အကောင် စိုးမြစ်ကိုတော့ မိဒေါင်းမ ကြည့်၍မရ။ ထည့်၍လည်း မတွက်။

သို့သော် သူတို့ဘက်က ထည့်ပြောလာလျှင်တော့လည်း၊ စည်းကမ်းသတ်မှတ်၍ လက်ခံရမည်ပင်။ အခိုင်လိုက် ဝယ်ဖြစ်မှတော့လည်း၊ လက်ရင်းဖီး လက်ဖျားဖီးရွေးဝယ် မနေသာ။

ပသို့ဆိုစေ၊ တအိမ်ထဲမှ တဆိုင်းစာအလုပ်သမားတော့ တပြိုင်ထဲ ရမည်။ ဦးစိန်းမောင်ရွှေက အလုပ်သဘောမှာ ပို၍လည်း ကျွမ်းကျင်နားလည်သည်။ အထူးသဖြင့် စွန့်စားချင်သည့် စိတ်ဓါတ်မျိုးလည်း ရှိတတ်သည်။

တနှစ်၊ စိတ်တူ ကိုယ်တူ လူလေးယောက်ပေါင်းပြီး ဟာမြင်းကြီးသို့တိုင် သွားရောက်၍ သည်နှယ် ပုဂ္ဂလိက လိုဏ်ဉမင် တူးကြည့်ခဲ့ဖူးသည်ဟု ဆိုသည်။

မွဲပြီးသာ ပြန်လာကြပေမည့်၊ အတွေ့အကြုံတော့ ကောင်းစွာ ရခဲ့တန်ရာသည်။

ပြီး နွေသို့ရောက်၍၊ အလုပ်အကိုင် ပင်ပန်းခက်ခဲလာရပြီဆိုလျှင် ဦးစိန်းမောင်ရွှေတို့ လူသိုက် ခြေလှမ်းပြင်ကြပြီ။ တဖက်နိုင်ငံမှ အရင်းရှင်ပိုင် သတ္တုတွင်းများတွင် နေ့စားပုတ်ပြတ်သွား၍ လုပ်ကြသည်။

ဘယ်ကဲ့သို့ သွားကြ၍၊ ဘယ်ကဲ့သို့ ရကြသည်တော့ မသိ။ ချမ်းသာပြီး စိုစိုပြေပြေ ပြန်လာကြသည်ဟူ၍တော့ ဘယ်အခါမှ မရှိ။ သို့သော် အတွေ့အကြုံတော့ ရှိမည်။

မိဒေါင်းမ ဆုံးဖြတ်သည်။ အဆိုင်း တဆိုင်းမှာတော့ ဦးစိန်းမောင်ရွှေကို ခေါင်းဆောင်ခိုင်းရမည်။

နောက်တဆိုင်းအတွက်ကတော့ သည်နှယ် တအိမ်ထောင်ထဲမှ တစုတဝေးထဲ မရနိုင်။ ပြောက်ကျား ကောက်ရမည်။

အဒေါ် ငမ၏ သား ကိုပန်းကျော်လည်း ရှိသည်၊ အဒေါ် မရာ၏ ယောကျာ်း ဦးကြီးဦးဟန်ပလည်း ရှိသည်။ မိသက်လုတို့ အဖေ ဘကြီးနိုင်စိမ့်လည်း ရှိသည်။ အဒေါ် မိညို၏ ယောကျာ်း ဦးကြီး ဦးထဘလည်း ရှိသည်။ ပြီး အဒေါ် မကျင်လွှမ်၏ယောကျာ်း ကိုကြီးဟုတ်လည်း ရှိသည်။

စဉ်းစားရင်း စဉ်းစားရင်းနှင့် မိဒေါင်းမ အစဉ်းစားရ ကြပ်လာသည်။ မူလ ရည်ရွယ်ချက်ကတော့ တိုင်ပင်ကြည့်ဖို့၊ လက်တွဲလုပ်ဖို့အတွက် စဉ်းစားကြည့်ခြင်းသာ ဖြစ်သည်။

သို့သော် ရင်းနှီးသူတို့ကိုချည့် ထည့်စာရင်းတွက်ရာ၌ပင် အရေအတွက်က လိုအပ်သည်ထက် ပိုနေသည်။

ခက်သည်က သည် လှည်းကုန်းအုပ်စုကလေးထဲမှာကတော့ မရင်းနှီးသည့်အိမ် ဟူ၍လည်း မရှိ။

ဟိုတယောက်ကတော့ ဖွင့်တိုင်ပင်ပြီး သည်တယောက်ကတော့ မပြောဘဲ လျှို့ဝှက်ထား၍လည်း မဖြစ်။ သည် တယောက်ကိုတော့ ခေါ်၍၊ ဟိုတယောက်ကိုတော့ မခေါ်ဘဲ ချန်ထားပြန်လျှင်လည်း မကောင်း။

တခုတော့ ရှိသည်။ မိဒေါင်းမသည် သည်ပတ်ဝန်းကျင်၏ အမြင်မှာတော့ လေးစားယုံကြည်လောက်သည် မဟုတ်။ ပြီး မရှိသည်ကိုလည်း အားလုံးအသိ။

သည်တော့ မိဒေါင်းမ၏ အကြံအစည်ကိုလည်း အားလုံးက သဘောတူချင်မှ တူမည်။



မြန်မာမျှားနတ်မောင်

သို့သော် မိဒေါင်းမတို့ မိသားစု ကြီးပွားမည့်အရေးကိုတော့ မနာလိုမည့်သူ ရှိလိမ့်မည် မဟုတ်။ စေတနာမထားမည့်သူလည်း ရှိလိမ့်အံ့မထင်။

သည့်ပြင်လူ မကြည့်ပါနှင့်။

အဖေ ရှိတုန်းက အဖေနှင့် ရန်ဖြစ်ပြီး ရိုက်နှက် သတ်ပုတ်ကြဖူး၍၊ အဖေ သေသည့်သတင်း ကြားရသည့်နေ့အထိ လုံးဝ မခေါ်မပြော မပတ်သက်ခဲ့သော ဦးကြီး ဦးထဘကိုပင် ကြည့်တော့။

မိဒေါင်းမ မှတ်မိသမျှ၊ သူ့ဘဝတလျှောက်မှာ အကူအညီ အစောင့်အရှောက် အများဆုံး ရခဲ့သည်ကတော့ ဦးကြီး ဦးဘထတို့ လင်မယားထံမှသာ ဖြစ်သည်။

သူ လက် မအားခိုက်၊ ကလေးငယ်တို့ကို ကူညီပေးခဲ့သည်။ ကလေးငယ်တယောက်ယောက် ဖျားနာ၍ သူ အလုပ်အဟုတ်များရပြီ ဆိုလျှင်လည်း အဒေါ် မိညိုသည် နေ့ခင်း နေ့လယ်ဘက် အိမ်ကူး၍ လာတတ်သည်။

ပြီး အဝတ်ဖြင့်လည်း ကူလျှော်ပေးသွားသည်။ ထမင်းဟင်းဖြင့်လည်း ကူချက်ပေးသွားသည်။

စင်စစ်၊ နေကြသည့် တဲချင်းကလည်း မျက်နှာချင်းဆိုင်။ သည်တော့ အားနေသည့် အဒေါ် မိညိုသည် အလကားထိုင်နေရင်းလည်း မိဒေါင်းတို့အိမ်ကို လှမ်းမြင်နေရသည်။

သည်တော့ လှမ်းခေါ် ဆုံးမသည်။ လှမ်းခေါ် ကျွေးမွေးသည်။ လှမ်းခေါ် ထိန်းကျောင်းသည်။ ကူးလာပြီးတော့လည်း ကူသည်။

ပြီး ကြက်သွန်တတက် ဆားတပွင့်မှအစ ငွေတဆယ် ဆယ့်ငါးကျပ်မျိုးအထိလည်း အချိန်မရွေး သွားချေး၍ ရသည်။ ဘယ်တော့မှ လက်ချည့် ပြန်လာရသည် မရှိ။

အထူးသဖြင့် မိကောင်းကိုသာ လွှတ်သည်။ ဘယ်တော့မှ ခေါင်းခါပြလိုက်သည် မရှိ။

အဟုတ်။ မိကောင်းသည် သူတို့လင်မယား၏ အသက်။ သားသမီးကလည်း မထွန်းကားတော့ မိကောင်းသည် သူတို့သမီး။

ကြည့်။ မိကောင်း စကားပြောတတ်ခြင်း၊ စကားပြောပြတ်ခြင်းသည် စင်စစ် ဦးကြီး ဦးဘထ၏ စရိုက်၊ မိကောင်း၏ ခေါင်းထဲ စွဲလာခြင်း ဖြစ်ရာသည်။

သည်နှယ် တွေးမိပြန်တော့လည်း၊ ဦးကြီး ဦးဘထကို နေရာပေးရမည်။ အခြားတဆိုင်းမှာ ခေါင်းဆောင်။

သို့သော်၊ ခေါင်းဆောင် နောက်လိုက်က ပြဿနာ မဟုတ်။ လူ အရေအတွက်က ပိုနေသည်။

ခက်သည်က ကိုပန်းကျော်တို့ ကိုကြီးဟုတ်တို့ကိုလည်း ပစ်ပယ်၍ မရ။ အရွယ်ကလည်း ခွန်အားဗလ အကောင်းဆုံးအရွယ်။ သုံးဆယ်ဝန်းကျင်။ ပြီးတော့ ပြည်သူ့စစ်။

တဖန် ဘကြီးနိုင်စိမ့်ကျပြန်တော့လည်း၊ အမျိုးမတော်ပေမည့် အမေ့ကို အကိုရင်း တယောက်ကဲ့သို့ ကူညီစောင့်ရှောက်လာခဲ့သည်ဟု ဆိုသည်။

မိဒေါင်းမ အဖေသေတော့ မိကောင်းတို့ အဖေနှင့် လက်ဆက်ပေးခဲ့သူမှာလည်း ဘကြီးနိုင်စိမ့်ပင် ဖြစ်သည်ဟုဆိုသည်။

ဘကြီးနိုင်စိမ့် ရှာပေးခဲ့သည့် အမေ၏ ဒုတိယအိမ်ထောင်က သေသည်အထိ အမေ့ကို သစ္စာရှိစွာ ပေါင်းသင်းသွားသော်လည်း၊ ဘကြီးနိုင်စိမ့်ကိုယ်တိုင် စိတ်ကြိုက်ရှာယူခဲ့သည့် ဘကြီးနိုင်စိမ့်၏ ဒုတိယအိမ်ထောင်ကတော့ သုံးနှစ်သမီးမိသက်လှကို ထားခဲ့ပြီး နောက်လင်နှင့် လိုက်ပြေးသည်ဟု ဆိုသည်။

သတိတော့ ပေးရဦးမည်။ သွား၍များတော့ မမေးလိုက်လေနှင့်။ ဒေါသအမျက် ခြောင်းခြောင်းထွက်ပြီး ဆဲပစ်လိုက်လိမ့်မည်။

အဟုတ်။ အမေတူ မိသက်လှကလည်း မျက်မှောက်မှာ ရှိနေတော့၊ ယနေ့ထက်တိုင် မေ့နိုင်ပုံ မရ။

သို့သော် သဘောကတော့ သိပ်ကောင်းသည်။ အစိမ်းအကျက်မရွေး၊ ဘယ်သူ့သာရေးနာရေးပဲဖြစ်ဖြစ်၊ သူရှေ့ဆုံးကရောက်နေတတ်သည်။

ပြီးတော့ သူ့ကိုသာ အားကိုး၍ ခိုင်းလျှင်လည်း၊ ဘာအမှုကိစ္စပဲဖြစ်ဖြစ်၊ အလုပ်ပျက်ခံ၊ ထမင်းအငတ်ခံပြီးလိုက်လုပ်ပေးတတ်သည်။

ဘကြီးနိုင်စိမ့်မှာ အကောင်းဆုံး အကျင့်တခုလည်း ရှိသေးသည်။ ဘယ်သူ့အတွက် ဘာပဲလုပ်ပေးရ ပေးရ၊ ဘယ်တော့မှ ပိုက်ဆံမယူခြင်း ဖြစ်သည်။

ပေးသူက စေတနာအပြည့်နှင့် ဆေးလိပ်ဖိုး ကွမ်းယာဖိုးဟုပြော၍ ပေးသည့်တိုင် ငြင်းဆန်မြဲ ငြင်းဆန်သည်။ အိမ်မှာ တကျပ်မျှ အပြည့်မရှိသည့်တိုင် ခေါင်းခါမြဲခါသည်။

ထို့ကြောင့်လည်း သူ့အကြောင်း သိသူတို့ကတော့ စေတနာတုံ့ပြန်၍ ဆန်ဝယ်ပေးကြသည်။ ဆန်ကိုတော့ ဘုန်းကြီးရဟန်းတို့ပင်လျှင်လည်း လက်ခံသည်ဟုဆိုကာ သူယူသည်။

အဲ . . . သူ့အကြောင်း ပိုသိသူတို့ကတော့ သူ့ကို အရက်တိုက်ကြသည်။

ဘကြီးနိုင်စိမ့်မှာ သည်အားနည်းချက် တခုတော့ ရှိသည်။ ဘာကြောင့်ရယ်မသိ။ အရက်ကို သိပ်ကြိုက်သည်။ ကြီးမှ စသောက်ဖူးသော အရက်ကို ကြီးလေလေ ကြိုက်လေလေ ဖြစ်နေသည်။ သို့သော် ဝယ်သောက်နိုင်စွမ်း မရှိ၍၊ သောက်လေ့သောက်ထတော့ မရှိ။

အဲ . . . သူများကသာ တိုက်လျှင်တော့ နည်းနည်းမျှ ဟန်မဆောင်နိုင်။ ညနေမှာ တိုက်မည်ဟု ချိန်းဆိုထားလျှင်ပင် မွန်းလွဲစကတည်းက သွားထိုင်စောင့်တတ်သည်။ သည်အခါမျိုးမှာတော့ သမီးကိုလည်း မမေ့မလျော့မှာခဲ့လေ့ရှိသည်။ သူ ညဥ့်နက်ကောင်းညဥ့်နက်မည်။ ညနေစာ မစားတော့။

အဲ . . . ဘကြီးနိုင်စိမ့်တို့ အရက်သောက်လာပြီဟေ့ဆိုလျှင်လည်း အင်မတန် သိသာသည်။ သူတကာနှယ် မူးပြီး ရမ်းတတ် ကြမ်းတတ်၍တော့ မဟုတ်။ ရပ်ရွာထဲ သိုင်းကွက်နင်းပြီး ပြန်လာတတ်၍လည်း မဟုတ်။

သူ့အိမ်မှာကလည်း သူအင်မတန်ချစ်သော သမီးတယောက်သာရှိ၍၊ စကားများရစရာ အကြောင်းမရှိ။ သည်တော့ အရပ်ထဲမှာလည်း ဆူဆူညံညံ မဖြစ်။

သို့သော် သိသာသည်က၊ သူ မူးပြန်လာပြီဆိုလျှင် မြင် မြင်တကာကို မေတ္တာရပ်လေ့ရှိသည်။ သူ့ကို သူများက တိုက်လိုက်၍ သောက်လာမိသည့်အကြောင်း ဖွင့်ဝန်ခံ၍လည်း ခွင့်လွှတ်ဖို့ တောင်းပန်လေ့ရှိသည်။

ခက်သည်က . . . ခွင့်လွှတ်ပါတယ် ဘကြီးရဲ့ဟု မပြောမချင်းလည်း လှည့်မပြန်။ ရယ်စရာကောင်းသည်က လမ်းမှာတွေ့သည့် ခွေးကိုပင်လျှင်လည်း အကျိုးအကြောင်း ရှင်းပြကာ တောင်းပန်ချင် တောင်းပန်နေတတ်သည်။

သို့သော် သည်သို့သော အခွင့်အရေးမျိုးကလည်း တလတခါပင် ကြုံရတတ်သည်မဟုတ်။

သည်တော့လည်း သည် လှည်းကုန်းမှာ ဘကြီးနိုင်စိမ့်ကို ကလေးငယ်များက အစ၊ လူတိုင်းကလည်း ချစ်သည် ခင်သည်သာ။

ထို့ကြောင့်လည်း မိဒေါင်းမ ကြံစည်နေသည့် အစီအစဉ်ထဲမှာတော့ ဘကြီးနိုင်စိမ့် မပါ၍မဖြစ်။

ပြီး ဦးကြီး ဦးဟန်ပသည်လည်း မပါ၍ မဖြစ်။

အရေးကြီးသည်က ဦးကြီး ဦးဟန်ပသည် သတ္တုတွင်းလုပ်ငန်းမှာ ရေရေလည်လည် ကျွမ်းကျင်သည်။ သတ္တုသဘောတရားကိုလည်း ပိုင်ပိုင်နိုင်နိုင် နားလည်သည်။

တဖက်နိုင်ငံမှ သတ္တုတွင်းပိုင် သူဌေးတယောက်ကဆိုလျှင် ဦးကြီးဟန်ပကို အထူးအခွင့်အရေး ပေးပြီး အိမ်မပြန်ဖို့ အထိ ဆွဲဆောင်သိမ်းသွင်းခဲ့ဖူးသည်ဟု ဆိုသည်။

အဟုတ်။ သည် ကံပေါက်သို့ တာဝန်အရ ရောက်ရှိလာကြသည့် လူငယ် ဘူမိဗေဒပညာရှင် အချို့က ဆိုလျှင်လည်း ဦးကြီးဟန်ပထံ ချဉ်းကပ်၍ မေးကြမြန်းကြ ဆည်းပူးပညာယူကြသည်ကို မိဒေါင်းမ မျက်မြင်။ သည်အထိ တတ်သည်။

အံ့သြစရာကောင်းသည်ကလည်း ရှိသေးသည်။ ဦးကြီးဟန်ပသည် အသက်ငါးဆယ်ပြည့်လာခဲ့ပြီ ဖြစ်ပါလျက်၊ ခွန်အားက အင်မတန် သန်စွမ်းသည်။ အသက်သုံးဆယ်တို့၏ ကာယဗလမျိုးလည်း ရှိသည်။

ပြောလျှင် ယုံမည်မဟုတ်။ ဘိလပ်ရည်ပုလင်း အဖုံးကိုပင်လျှင်လည်း ဇီးရွက်တရွက်ကဲ့သို့ လက်ချည်းသက်သက်ဖြင့် ဆုပ်ဖြိပစ်နိုင်စွမ်း ရှိသည်။

တထွာသာသာခန့်သာ ရှည်သည့် နှစ်တလက်မ ပျဉ်းကတိုးသားကိုလည်း လက်ဝါးစောင်းခုတ်၍ ပိုင်းပိုင်းပြတ် ချိုးနိုင်စွမ်း ရှိသည်။

သန်လျင်စက်ရုံဖြစ် ဖလ်ခွက် ထုလပျစ်ကိုပင်လျှင်လည်း လက်တဖက်ထဲမှာတွင် ညှစ်၍ ခွဲနိုင်စွမ်း ရှိသည်။ သည်အထိ သန်သည်။

ဆိုပါတော့။ အရည်အချင်း ပြည့်ဝသည်။

သည်တော့ နှုတ်၍မရ။ လျော့၍မရ။ စုစုပေါင်း ကိုးယောက်မျှ ဖြစ်နေသည်။ လိုသည်က ခြောက်ယောက်ထဲ။

စင်စစ် ခြောက်ယောက်ဆိုသည်မှာပင် များလှပြီ။ မိဒေါင်းမတို့ မိသားစု၏ ပုံမှန်လုပ်အားကလည်း ရှိဦးမည်။

မိဒေါင်းမတို့ မိသားစုကတော့ ဝိုင်းဝန်း၍ ယူကြခွဲကြမည်။ ကျင်ကြ ယဉ်းကြမည်။

ခက်သည်က လုပ်ငန်းအခြေအနေသည် မည်သို့ဖြစ်လာဦးမည် မသိ။ ယူဆထားသည့်အတိုင်း စီးပွားဖြစ် ထုတ်လုပ်နိုင်သည့် သတ္တုကြောသာ ဖြစ်နေလျှင်တော့လည်း အကြောင်းမဟုတ်။

သာမန် ဖြစ်လေ့ဖြစ်ထရှိသည့်အတိုင်း ဖြာထွက်လွင့်စင်လာသော အကြောပြတ် အကြောမွှာသာ ဖြစ်နေမည် ဆိုလျှင်တော့လည်း၊ သေဖို့သာ ပြင်ပေရော့။

မှန်သည်။ သတ္တုသိုက်တူးသည် ဆိုသည့် အလုပ်သည် လောင်းကစားနည်း တနည်းသာ ဖြစ်သည်။ မစမီမှာ အနိုင်အရှုံးသည် ဘယ်တော့မှ သေချာရေရာသည် မဟုတ်။

သဲနုန်းဖြုန်း မြေကြောကိုသာလိုက်၍၊ ရတတ်သမျှ အနည်းအကျဉ်းကလေးနှင့်သာ တင်းတိမ်ရောင့်ရဲနေနိုင်မည်ဆိုလျှင်တော့ အဓိပ္ပာယ်ကတမျိုး။ အဲ . . . စီးပွားဖြစ် လုပ်တော့မည် ဆိုလျှင်တော့ စွန့်စားရလိမ့်မည်။

မိဒေါင်းမ ဆုံးဖြတ်ချက် ချလိုက်သည်။ စွန့်စားမည်။ လုပ်မည်။

စင်စစ် သန်ကောင့်ထက် ညဥ့်မနက်နိုင်။ သည့်ထက် ဆင်းရဲသည့်၊ သည့်ထက် မွဲသည့် ဘဝသည်လည်း ရှိနိုင်တော့မည် မဟုတ်။

ဘာမျှ မရှိသည့်ဘဝမှာ နောက်ထပ် ဆုံးရှုံးစရာသည် ဘာမျှ မရှိနိုင်။

သို့သော် အောင်မြင်ပြီ ဆိုလျှင်တော့၊ အရာခပ်သိမ်းသည် မိဒေါင်းမ လက်ထဲသို့ ရောက်လာမည်။ သည်ကမ္ဘာသည်လည်း မိဒေါင်းမကမ္ဘာ ဖြစ်လာမည်။

× × × × ×

သတိတော့ ထားရမည်။

တချို့က နိုင်ပြီဆိုလျှင် ရဲတတ်သည်။ မရဲသင့်ဘဲ ရဲသဖြင့်လည်း နောက်ဆုံး ပြန်ရှုံးရတတ်သည်။

တချို့ကတော့ ရှုံးပြီဆိုလျှင် မဲတတ်သည်။ မမဲသင့်ဘဲ မဲသဖြင့်လည်း နောက်ဆုံး မွဲကျန်ရစ်ခဲ့တတ်သည်။

ပိုင်ဖို့ နိုင်ဖို့တော့ လိုသည်။ ပြီး အနိုင်နှင့် ပိုင်းတတ်ဖို့လိုသည်။

စုကြ ပေါင်းကြမည်။ လုပ်အားကိုလည်း စုကြ ပေါင်းကြမည်။ ဗဟုသုတကိုလည်း စုကြပေါင်းကြမည်။ အတွေ့အကြုံကိုလည်း စုကြ ပေါင်းကြမည်။ အတွေးအခေါ် ကိုလည်း စုကြပေါင်းကြမည်။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**

**http://myanmarcupid.net**

## အခန်း (၁၄)

စံထွန်းထွန်းတို့အိမ်သို့ မိဒေါင်းမ ရောက်သည်။

သည့်အရင် နှစ်ခေါက် ရောက်ဖူးထား၍၊ စံထွန်းထွန်း၏ သူငယ်ချင်း ဒလဥာဏ်၏ အမ ဆိုသည်ကို သူတို့ သိကြသည်။ သို့သော် စံထွန်းထွန်း၏ အမေနှင့်ကား မတွေ့ရ။

"ရော့ ခဲသံ၊ ပေး ပိုက်ဆံ" ဆိုသည်ကတော့ လွယ်သည်။ ဘယ်သူနှင့်ပဲ တွေ့ရတွေ့ရ အလုပ်ဖြစ်နိုင်သည်။ သို့သော် သည်တခေါက် လာခဲ့ရသည်က တခြားကိစ္စ။ ကြိုတင်ငွေ နှစ်ထောင်ခန့် ထုတ်ပေးထားနှင့်ရန်။

မှန်သည်။ အကြံအစည်ကိုလည်း ဖွင့်ပြောပြရမည်။ အခြေအနေကိုလည်း ဖွင့်ပြောပြရမည်။ အစီအစဉ်ကိုလည်း ဖွင့်ပြောပြရမည်။ ဆွေးနွေးတိုင်ပင်သည့် သဘောလည်း ပါမည်။ သည်တော့ စံထွန်းထွန်း၏ အဖေနှင့် တွေ့ရမှ ဖြစ်မည်။

သို့သော် မနေ့ မနက်ကတည်းက ထားဝယ်ဘက်သို့ ထွက်သွားသည်ဟု ဆိုသည်။ ကနေ့အဖို့လည်း ပြန်ရောက်လာတော့မည် မထင်ဟု ပြောသည်။

ဖြစ်နိုင်သည်။ သည်မှာ . . . ကံပေါက်နှင့် ထားဝယ် . . . အသွားခရီးတရက်၊ အပြန်ခရီး တရက်၊ တရက်လျှင် နှစ်စင်းဝင်၊ နှစ်စင်းထွက်၊ အလှည့်ကျစနစ်နှင့် ပြေးဆွဲနေသည့် ဘတ်စ်ကား ခုနစ်စင်းသာ ရှိသည်။

သည်ကနေ့ ပြန်ရောက်ရမည့် "ဇင်ယော်"နှင့် "ငွေရတနာ" တို့သည်လည်း စောစောကပင် ပြန်ဝင်လာကြပြီ။ နန်ကြုခေါက်ဆွဲဆိုင်ရှေ့တွင် ရှေ့ဆင့်နောက်ဆင့် ရပ်ထားကြသည်ကို သည်အလာမှာ မိဒေါင်းမ လှမ်းမြင်ခဲ့ရသည်။ ကုန်ချနေကြဆဲ။

ပြီးတော့ စံထွန်းထွန်းတို့အပိုင် "စံထွန်းထွန်း" ကလည်း ယခု အိမ်ဘေးမှာ ရပ်ထားသည်။ ခဏခဏ မှောက်ဖန်များသဖြင့် နာမည်သစ် ပြောင်းထားသည့် "မိဘမေတ္တာ" ကိုလည်း လှည်းကုန်းထိပ်မှာ တွေ့ခဲ့သည်။

"မိဘဂုဏ်ရည်" နှင့် "မေမေဝင်း" နှစ်စင်းကတော့ သည်ကနေ့ ထွက်လှည့်ကျသည်နှင့် တူသည်။ အရိပ်အရောင်မျှ မတွေ့ရ။ သည် ကံပေါက်မှာသာ ရှိနေလျှင်တော့၊ သေချာသည်က "မိဘဂုဏ်ရည်" သည် "မိဘမေတ္တာ" နှင့် ယှဉ်တွဲ ရပ်ထားမြဲ။

အဲ . . . "ရန်မျိုးအောင်"ကတော့ မပြေးနိုင်တော့သည်မှာပင် တလခန့် ရှိရော့မည် ထင်သည်။ ထားဝယ်မှာ ပြင်နေသည်ဟု ကြားရသည်။

ဆိုလိုသည်က သည်ကနေ့အဖို့ ကံပေါက်နှင့် ထားဝယ် နောက်ထပ် အဆက်အသွယ် မရှိနိုင်တော့။

သည်တော့ မိဒေါင်းမ လှည့်ပြန်ရုံသာ ရှိတော့သည်။ သည်ကနေ့ မဖြစ်လျှင် မနက်ဖြန်။ မနက်ဖြန်မှပဲ တခေါက် လာတော့မည်။

သို့သော် စံထွန်းထွန်းက လက်ပြထိုင်ခိုင်းကာ၊ သူ့အမေကို အပေါ်ထပ်သို့ အပြေးတက်ပြောသည်။ လက်ထဲမှာ ရောင်းဖို့ ဘာပစ္စည်းမျှ ပါမလာတော့လည်း၊ ရိုးရိုးမိတ်ဆွေ ဧည့်သည်ဖြစ်သွားပုံရသည်။ မိဒေါင်းမ ခေတ္တ ထိုင်စောင့်ရတော့သည်။

"အော် . . ."

လှေကားမှ ဆင်းလာရင်း၊ မိဒေါင်းမကို လှမ်းမြင်လိုက်သည်နှင့်၊ ရုတ်တရက် တပြိုင်နက် အသံထွက်လိုက်သည်။ ဘာအဓိပ္ပာယ်မှန်းလည်း မသိ။

မိဒေါင်းမကတော့ ထိုင်ရာမှ ပြန်ထ၍၊ ကြိုဆိုပြုံး ပြုံးပြလိုက်ရသည်။

လှသည်။ မပြုံမပြင် ကပိုကရိုကလေးနှင့်ပင် ငေးကြည့်ရမတတ် လှသည်။

"လာပို့တာလား"

အနားရောက်မှ ခပ်အုပ်အုပ် မေးလိုက်သည့် မေးခွန်းကိုပင် မိဒေါင်းမ နှုတ်ဖြင့် မဖြေနိုင်။ အလှကို စိတ်ထဲက ချီးမွမ်းအားကျရင်း ခေါင်းခါပြလိုက်သည်။

သို့သော် သူသိသွားပြီ။ သိပ်လျင်သည့် မိန်းမ။ မိဒေါင်းမ ဘာကိစ္စ လာသည်ကိုပင် ရုတ်ခြည်း သိသွားပုံရသည်။ မျက်နှာထား ပြောင်းလိုက်သည်။

လှပသော မျက်နှာမှ မြတ်နိုးစရာ အပြုံးရိပ်သည် တောင်နံရံမှာ ယမ်းခွဲလိုက်သကဲ့သို့ ရုတ်ခြည်း ပေါက်ကွဲလွင့်စင်ပြိုကျသည်။ အကြည့်တန် ကျန်ရစ်သည်။

"ဒါဖြင့် တခြားကိစ္စ . . . "

နှုတ်ဖြင့်ပင် မဖြေချင်တော့သဖြင့်၊ စိတ်မပါ့တပါ ခေါင်းညိတ်ပြလိုက်သည်။

"ဆိုပါအုံး"

ရော ခက်ကပြီ။ မပြော၍လည်း မဖြစ်တော့။ ဖွင့်ပြောရတော့မည်။ ကျွဲချိုမှန်း သိလျက်နှင့် နို့ညှစ်ရတော့မည်။

လက်သည်က သည်မိန်းမ၏ မျက်နှာထား ကျောက်ပြင်ကို မိဒေါင်းမ မကြိုက်။

ယခု လာရင်းကိစ္စသည် အလုပ်။ ကိုယ့်အလုပ်လည်း ဖြစ်သည်။ သူ့အလုပ်လည်း ဖြစ်သည်။ ကိုယ့်စီးပွားရေးလည်း ဖြစ်သည်။ သူ့စီးပွားရေးလည်း ဖြစ်သည်။ ကိုယ့်ကြီးပွားရေးလည်း ဖြစ်သည်။ သူ့ကြီးပွားရေးလည်း ဖြစ်သည်။

သည်တော့ စီးပွားဖက် ကြီးပွားဖက်အချင်းချင်း ပြုံးပြုံးရွှင်ရွှင် ဖော်ဖော်ရွေရွေ ဆက်ဆံဖို့တော့ လိုလိမ့်မည်ထင်သည်။ ယခုတော့ သူ့မျက်နှာထားက ဟုမ်းဟီးလ်တောင်။ ပြောင်ပြောင်တင်းတင်း။

ငြင်းလိုက်မှဖြင့်လည်း ဒုက္ခ။

သို့သော် မတတ်နိုင်။ သူ့ကိုတော့ မိန်းမချင်းမို့ ဖွင့်မပြောဘဲ၊ သူ့ယောကျ်ားကြီးနှင့် တွေ့ရမှသာ ပြောနိုင်မည်ဆိုသည့် သဘောဖြင့် လှည့်ပြန်ခဲ့၍လည်း မဖြစ်။

စင်စစ် သည်မိန်းမက အငယ်။ အသက်ကလည်း ငယ်သည်။ အလွန်ရှိမှ သုံးဆယ်။ သူ့ယောကျ်ားကြီးထက် အနည်းဆုံး ဆယ့်ငါးနှစ်ခန့်မျှတော့ ငယ်မည်။ သည်တော့ မလွယ်။ ဇာတ်ထုပ် ပိုရှုပ်ကုန်လိမ့်မည်။ ပြောမှ ဖြစ်တော့မည်။

"သည်လိုပါ . . ." အစ ချီလိုက်သည်။ သူ့အနားသို့လည်း အနည်းငယ် တိုးလိုက်သည်။ ထို့နောက် သူ့အကြံအစည်နှင့် သူ့အစီအစဉ်အားလုံးကို ဖွင့်ပြောပြလိုက်သည်။ မယုံမရဲ။

"ဘယ်လောက်လဲ"

မြတ်စွာဘုရား။ မိဒေါင်းမ စိတ်ထဲက ဘုရားတမိသည်။ အံ့သြရပါဘိ။ သည်မိန်းမ သည်မျှ လုပ်ပိုင်ခွင့် ရှိလိမ့်မည်၊ သည်မျှ လွယ်လိမ့်မည် မအောက်မေ့မိခဲ့။ သူ မှားပြီ။

"များများတော့ မဟုတ်ပါဘူး၊ နှစ်ထောင်ထဲပါ"

"ဘယ်တော့ လိုချင်တာလဲ"

"ခု မဟုတ်သေးပါဘူး၊ လာကြိုပြောကြည့်တာပါ၊ အလုပ်က သည်ဘက်က သေချာတော့မှ ဟိုဘက်မှ စရမှာ။ နောက်နှစ်ရက် သုံးရက် ဆိုပါတော့"

"အေးလေ . . . လိုတဲ့နေ့ကျတော့ လာယူပေါ့၊ သည်လိုပဲ တယောက် တယောက် ကူညီရမှာပေါ့ကွယ်၊ မဟုတ်ဖူးလား"

"ဟုတ်"

စိတ်ထဲကပင် ထင်နေ၍လော မသိ။ ယခုတော့လည်း လှပသော မျက်နှာသည် ရွှင်လန်းလာပြန်ပြီ။

"ထမင်းစားပြီး ခေါင်းထဲမှာ ရိပ်တိပ်တိပ် ဖြစ်လာတာနဲ့ တက်အိပ်နေတာကွယ့်၊ ခုမှ နည်းနည်း ကြည့်လာတယ်"

သူ့ရောဂါကလည်း အဆန်း။ ရပေါက်ရလမ်း မရှိသည့်အခါ မူးနောက်သည်။ ရပေါက်ရလမ်း ရှိတော့မည် ဆိုသည့်အခါ ပျောက်သည်။ ရွှေဆေး ငွေဆေး ဆိုသည်မှာ သည်ဆေးမျိုး ဖြစ်မည်။

"မင်း ကြည့်ရတာလဲ မောနေပုံပဲ၊ ရေ သောက်မလား"

ရေနှင့် ဧည့်ခံသည်။ အကုန်အကျ များနေပါဦးမည်။ မိဒေါင်းမ ငြင်းလိုက်သည်။ ယခုတော့ မိဒေါင်းမလည်း ရင်ထဲမှာ အေးရပြီ။ ရေ မလိုတော့။

× × × × ×

သို့သော် ဆက် စကားပြောနေဖြစ်ကြသည်။ အလ္လာပ သလ္လာပ။ သူ့အကြောင်း ကိုယ့် အကြောင်း။

သည်တော့မှ မိဒေါင်းမ နားလည် လာရသည်။

စံထွန်းထွန်း၏အဖေ ဦးကျင်ဝေသည် မူလက ရုပ်ရှင်ကိုယ်စားလှယ်။ နယ်လှည့်၍ ရုပ်ရှင်ပြသည်ဟုဆိုသည်။

သူ့မှာ ကိုယ်ပိုင် ရုပ်ရှင်ပြစက်လည်းရှိသည်။ ဇာတ်ထုပ်အဟောင်း၊ အသစ်၊ တပတ်နွမ်း ဆယ်ထုပ် ဆယ့်ငါးထုပ်ခန့်လည်း လက်ဝယ် အစဉ်ရှိတတ်သည်။ ရွာတကာ မြို့တကာ လည်ပြသည်။ လိုအပ်လျှင် ပြစက်ကိုပါယူသည်။ လိုအပ်လျှင် မီးစက်ကိုပါ ယူသည်။ ရုံရှိသည့် မြို့ရွာမှာ ရုံငှား၍ပြသည်။ ရုံမရှိသည့် ရပ်ရွာမှာ ကွင်းပြင်ထဲပြသည်။ ကွင်းပြင်နှုန်း လူကြီး နှစ်ကျပ်။ ကလေး တကျပ်။

မိဒေါင်းမတို့ ကံပေါက်မှာတော့ ရုပ်ရှင်ရုံရှိသည်။ ပြစက်လည်း ရှိသည်။ နှစ်ရက် တဇာတ်ထုပ်၊ သုံးရက် တဇာတ်ထုပ်၊ ရုံဖန်ရုံခါတော့ မြန်မာဇာတ်ထုပ်မဟုတ်။ ပြီး တနေ့တပွဲ။

သည်တော့ ကံပေါက်သို့လည်း ဦးကျင်ဝေ မကြာခဏ ရောက်တတ်သည်။ စံထွန်းထွန်းတို့ အမေနှင့် တွေ့ကြသည်။ အကြောင်း ပါကြသည်။

သည်သို့လျှင် ဦးကျင်ဝေ၏ ဝါသနာကတော့ တရွာတကျီဆောက်တတ်မြဲ။

အဟုတ်။ စံထွန်းထွန်းတို့အမေ သိသမျှပင်လျှင် စာရင်းမနည်းတော့။ ထားဝယ်မှာလည်း ရှိသည်။ မြိတ်မှာလည်း ရှိသည်။ မောင်းမကန်မှာလည်း ရှိသည်။ မော်လမြိုင်မှာလည်း ရှိသည်။ နောက်ဆုံး ရန်ကုန်မှာလည်းရှိသည်။ တခြား ချောင်ကြိုချောင်ကြားမှာလည်း ရှိဦးမည်။ မသိရ၍သာ ဖြစ်မည်။

သည်မျှ သိရသည်ကပင် ဦးကျင်ဝေ အရက်မူးမူးနှင့် နာမည်များခေါ်၍ဖြစ်သည်။ ညဘက်မှာ မှားခေါ်သည့် နာမည်ကို မှတ်ထားပြီး၊ မနက်ကျတော့ စစ်လိုက် ဆေးလိုက်လျှင် ဦးကျင်ဝေ ပြုံးပြုံးကြီး ဝန်ခံလေ့ရှိသည်ဟုဆိုသည်။

ပထမတော့ ရင်ထဲမှာ နာမိသည်။ ငိုလည်း ငိုမိသည်။ နောက်တော့လည်း ထုံလာပြီး ရယ်မောစရာ ဖြစ်လာသည်ဟု ပြောသည်။

အမှန်တော့ ဦးကျင်ဝေမှာ မယားမည်မျှရှိသည်ကို စံထွန်းထွန်း၏ အမေလည်း အတိအကျမသိ။ ဦးကျင်ဝေ မည်မျှ ချမ်းသာ၍၊ မည်မျှ ပိုင်ဆိုင်သည်ကိုလည်း အတိအကျ မသိ။ ယုတ်စွအဆုံး ဦးကျင်ဝေ မည်သည့်မြို့၊ မည်သည့်အရပ်၊ မည်သည့်အိမ်၌ ပုံစံ (၁၀) နှင့် အတိအကျ နေထိုင်သည်ကိုပင်လျှင်လည်း မသိ။

သေချာသည်က ကံပေါက်လူဦးရေ စာရင်းထဲမှာတော့ ဦးကျင်ဝေမရှိ။

သို့သော် သူ့ကိုတော့ သည်ကဲ့သို့ အိမ်တဆောင် မီးတပြောင်နှင့် ထားသည်။ တယောက်ထဲသောသား စံထွန်းထွန်း နာမည်နှင့်လည်း ဘတ်စ်ကားတစင်း ဝယ်ထောင်ပေးထားသည်။

ဦးကျင်ဝေ၏ အပြောအရတော့ သူသည် ဒုတိယ အစစ်ဆုံးဖြစ်သည်။ ပြီးတော့ အားလုံးထဲမှာလည်း အချစ်ဆုံး ဖြစ်သည်ဟု ဆိုသည်။

ဟုတ်သည် မဟုတ်သည်တော့ မသိ။ ယုံရအခက်၊ မယုံရအခက်။

တခုတော့ရှိသည်။ သည်သတ္တု အရောင်းအဝယ်လုပ်ငန်းကို လုပ်လာကတည်းက သည်ကံပေါက်မှာသာ အနေများလာသည်။ ယခင်ကဆိုလျှင် တပတ်တခေါက်ပင် မှန်မှန်မရောက်။ ရောက်လာပြန်လျှင်လည်း အများဆုံး နှစ်ညနှင့် တနေ့သာ နေတတ်သည်။ ခဲဆွဲထား၍လည်း မရ။ စံထွန်းထွန်းတို့ အမေကတော့ ဆွဲမရသည့်အဆုံး ကိုယ့်စိတ်ကိုယ် ဖြေသည်။ ထားဝယ်မြို့ပေါ်မှာ သားမယားကို ထားခဲ့၍ သည်ကံပေါက်သို့ တယောက်ထဲ အလုပ်လာလုပ်သော သတ္တုတွင်း အရာထမ်းအချို့ကို ကြည့်ပြီး၊ ကိုယ့်ကိုယ်ကို နှစ်သိမ့်သည်။

ယခုတော့ တပတ်မှာ အနည်းလေး လေးငါးရက်ခန့် ရှိနေသည်။ ကံပေါက်နှင့်ထားဝယ် ပြောင်းပြန် ဖြစ်သွားသည်။

အမှန်တော့ ရုပ်ရှင်ကိုယ်စားလှယ် လုပ်ငန်းသည် ပထမဆုံး အိမ်ထောင်ဖြစ်သည့် ထားဝယ်အိမ်ထောင်၏ လုပ်ငန်း။

ထားဝယ်အိမ်ကိုတော့ စံထွန်းထွန်း၏အမေ မြင်ဖူးသည်။ ခမ်းနားသည်။ အထဲတော့ မရောက်ဖူး၍၊ မည်သို့နေမည် မသိ။ လူကိုလည်း မမြင်ခဲ့ရ၊ အသက် ၄၅ နှစ်ခန့်ရှိပြီဟု ကြားသည်။ သို့သော် ပြောနေမည်စိုး၍ မမေးခဲ့။ ကြားနေရမည် စိုး၍ စကား မစခဲ့။

သို့သော် ထားဝယ်အိမ်မှာက အသိုင်းအဝိုင်းကောင်းသည်။ တပည့်တပန်း များသည်။ အခြေအနေ ကြီးသည်။

အဲသည်တုန်းကတော့ စံထွန်းထွန်း၏အမေ အမုန်ပင် စိတ်ဆင်းရဲခဲ့ရသည်။ ကိုယ့်ယောကျ်ား ကိုယ်မယုံကြည်ချင်တော့။ သူ ပြန်မလာတော့မည့် တနေ့ကိုသာ တွေး၍ ရင်လေး ပူပန်နေဖြစ်သည်။

သို့သော် ယခုတော့လည်း အခြေအနေ အရပ်ရပ်သည် ပြောင်းလဲ ကုန်ကြပြီ။

စံထွန်းထွန်း၏ အဖေကိုယ်တိုင်ကလည်း ရုပ်ရှင်ကိုယ်စားလှယ် လုပ်ငန်းထက် သတ္တုအရောင်းအဝယ် လုပ်ငန်းသစ်ကို ပိုအားသန်နေသည်။ ပိုအာရုံပြုနေသည်။ ပိုရင်းနှီးမြှုပ်နှံ၍၊ ပိုအားထုတ် လုပ်ကိုင်နေသည်။

ရုပ်ရှင်လုပ်ငန်းသည် အဆင့်အတန်းလည်း ကျလာပြီ။ လူကြည့်လည်း နည်းလာပြီ။ ဝင်ငွေလည်း လျော့လာပြီ။ ရှုံးဖို့နှင့် မြတ်ဖို့မှာ ရှုံးဖို့က များလာပြီ။ သည်သို့လည်း ဆိုသည်။

ပြီး ရုပ်ရှင်လုပ်ငန်းဘက်မှာက သူ့မျက်နှာလွှဲ၍ ရနေပြီ။ အသိအကျွမ်း တပည့်တပန်းနှင့် ဆိုတော့လည်း လုပ်တတ်ကိုင်တတ် နေကြပြီ။ ရံဖန်ရံခါမှသာ ကြည့်ကြပ်ရန် လိုတော့သည်။ သည်သို့လည်း ပြောသည်။

သို့သော် သည် သတ္တုလုပ်ငန်းသည် ကျယ်ဝန်းသည်။ ရှုပ်ထွေးသည်။ အန္တရာယ်များသည်။ ငွေရင်းကြီးသည်။ ထို့ကြောင့် သူတို့လည်း စုပေါင်း လုပ်နေကြရသည်ဟု ဆိုသည်။ သို့သော် ကိုယ့်ငွေနှင့်ကိုယ်၊ ကိုယ့်နယ်နှင့်ကိုယ်၊ ကိုယ့်တာဝန်နှင့်ကိုယ်။

"ဆိုပါတော့ကွယ်၊ ဒို့က သည်က ဝယ်စု၊ ပြီးတော့ ပို့ပေးရမယ်ဆိုတဲ့ နေရာအရောက် ပို့ပေး၊ ကိုယ့်ငွေရင်းနဲ့ကိုယ်၊ ကိုယ့်တာဝန်နဲ့ကိုယ်၊ လမ်းမှာ တခုခုဖြစ်လဲ ကိုယ်ပဲခံ၊ ဒါပေမဲ့ သတ်မှတ်ထားတဲ့ နေရာရောက်အောင် ပို့လိုက်နိုင်တယ်ဆိုရင်တော့ မြက်မြက်ကလေး ကျန်တတ်တယ် . . ."

"နေရာကိုလိုက်ပြီး စရိတ်ကုန်ကျတာချင်း မတူသလိုပဲ ရတဲ့ ဈေးနှုန်းချင်းကျတော့ မတူဘူးပေါ့ကွယ်၊ အကြမ်းတွက်လိုက်မယ်ဆိုရင် တပိဿာမှာ စရိတ်နုတ်ပြီး ကိုယ့်တွက် ဆယ့်ငါးကျပ် နှစ်ဆယ် ကျန်တတ်တယ်၊ ဥပမာ . . . သည်နားက ကလိန်အောင် အထိသာ ပို့ရရင် ငါးကျပ်၊ ထားဝယ်အထိဆိုရင် တဆယ့်ငါးကျပ်၊ အဲ . . . ဇင့်ပါရွာကနေ ရေစီးသန်တဲ့ ဇင့်ပါချောင်းကိုဖြတ်၊ တောင်ပေါ်တက်၊ ခြေလျင် နှစ်ညခရီးသွားလိုက်လို့ နတ်အိမ်ထောင်အထိ ရောက်တယ် ဆိုရင်တော့လဲ တမျိုးပေါ့လေ၊ နတ်အိမ်ထောင် ဆိုတာက ဟိုဖက်နိုင်ငံ။ သူတို့က ဒို့လို ပိဿာချိန် မဟုတ်ဖူး၊ ကီလိုချိန်နဲ့၊ တကီလိုမှာ ဖ၅ ကျပ်သား ရှိတယ်။ ဒါပေမဲ့ ဈေးချင်းကတော့ အတူတူပဲ၊ သည်မှာ တပိဿာကို တရာဆိုရင် ဟိုမှာ တကီလိုကို တရာ၊ ငွေလိုချင်ရမယ်၊ ငွေမလိုချင်ရင် ကြိုက်တဲ့ပစ္စည်းရတယ်၊ ပြီးတော့ မှတ်လဲထားတယ်၊ ခဲလာရောင်းတာ တနှစ်ပြည့်ပြီဆိုရင် ဟွန်ဒါမော်တော်ဆိုင်ကယ်တစီး လက်ဆောင်ပေးတယ်၊ သည်လိုပဲ တချို့လဲ အပင်ပန်းခံပြီး တောင်ပေါ်အထိ တက်နေကြတာပဲ၊ လမ်းမှာ သယ်ရတာ ခက်ရင် ခက်သလို ဈေးကတော့ ပိုရတာပဲ။ ဝေးရင်လဲ ဝေးသလို ပိုရတာပဲ၊ ဒို့ကတော့ ဟိုဘက်ခရီးကို တာဝန်မယူပါဘူး . . ."

"သည်လို သူ့တာဝန်နဲ့ သူ၊ ကိုယ့်တာဝန်နဲ့ ကိုယ်၊ ဆင့်ကဲဆင့်ကဲ ပို့ကြရတာပဲ . . ."

"အဲ သတ်မှတ်တဲ့ နေရာမှာ အရောက် ပို့ပြီးတဲ့နောက် ဟိုဘက်မှာဖြစ်တာကတော့ ကိုယ်နဲ့ မဆိုင်ဘူး၊ ဟိုဘက်က လူရဲ့ တာဝန်ပဲ . . ."

"ပိုက်ဆံကတော့ မြို့ပေါ် မှာ ရှင်းကြချေကြတာပေါ့၊ ခဲပို့တယ်ဆိုတဲ့ကိစ္စကလဲ တကယ်တမ်းက တောလမ်းက ခရီးကြမ်း သွားကြရတာ များတယ်မဟုတ်လား၊ ငွေရင်းထုတ်ပြီး အလုပ်လုပ်တဲ့ ကိုယ် ကိုယ်တိုင်ကလဲ ဘယ်အမိုက်ခံပြီး လိုက်ပါ့မလဲ . . ."

"အေး စောစောက မင်းကို ပြောတယ် မဟုတ်လား၊ တယောက် တယောက် ကူညီရမယ် ဆိုတာလေ . . .၊ ဘာဘဲပြောပြော မင်းက အလုပ်တခုမှာ ခေါင်းဆောင်နေတယ်ဆိုတော့ တကယ်လို့ လိုအပ်လာရင် မင့်လူတွေနဲ့ ဒို့ကိုလဲ တလှည့် ပြန်ကူညီရမယ်နော်"

"ဟုတ်"

"လိုရမယ်ရသာ ကြိုပြောထားတာပါကွယ့်၊ ဒို့တာဝန်ယူထားတဲ့ အပိုင်းကတော့ သိပ်လိုမယ်မထင်ဘူး။ ဘယ့်နှယ်ကွယ် . . . မန်နေဂျာရဲ့ အကို အရင်းခေါက်ခေါက်ကြီး တယောက်လုံးက ဒို့ စုပေါင်းအဖွဲ့ထဲ ပါနေတာပဲဟာ၊ ဖြစ်လာရင်တောင်မှ သူ့နည်း သူ့ဟန်နဲ့ ရှင်းလိမ့်မပေါ့"

သည်နေရာရောက်တော့ စိတ်ဝင်တစား ငြိမ်ပြီး နားထောင်နေသည့် မိဒေါင်းမ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ စဉ်းစားကြည့်မိသည်။ သည် ကံပေါက်သို့ တခေါက်ရောက်လာဘူးသည့် ဦးတင်မောင်ဦးများ ဖြစ်နေမည်လော။

"ဘယ်သူပါလိမ့် . . ."

"ဟဲ့ ဦးသိုက်စိုးအောင်ရဲ့ မိန်းမ ဒေါ်တင်မလတ်ရဲ့ အကိုပေါ့"



မြန်မာမျှားနတ်မောင်
MYANMARCUPID

"ဟင် သည်လိုဆို ဦးတင်မောင်ဦးပေါ့"
"အော . . . မင်းက သိလို့လား"
"သည်ကို တခါ လာဘူးသေးတယ်လေ . . . ."
"အေး . . . .  သူ ပြောတယ်"
"ဒါပေမဲ့ သူက ရန်ကုန်မှာနေတာ မဟုတ်လား"
"ဟုတ်မှာပေါ့၊ ဒါပေမဲ့ ခုတော့ ထားဝယ်မှာ အနေများပုံရတယ်၊ ထားဝယ်မှာ သူတို့ တိုက်တတိုက် ဝယ်လိုက်တယ်တဲ့"
"သူတို့ဆိုတော့ . . . ."
"ဟုတ်တယ်လေ၊ သည်လာဘူးတဲ့ ဦးစောမြင့်လဲ ပါတာပေါ့၊ ဦးတင်မောင်ဦး ကြီးပွားတုန်းက ဦးစောမြင့်ကို ကြည့်ခဲ့တယ်၊ ခုတခါ ဦးတင်မောင်ဦးကို ပြန်ကြည့်တယ်၊ ဦးစောမြင့်ကတော့ ထားဝယ်မှာ ရှိခဲ့ပါတယ်၊ သိပ်အရေးကြီးတဲ့ကိစ္စ ရှိမှသာ လာတတ်တယ်၊ သူ့အစုကို သူ့တူ ဇော်သန့်စင်နဲ့ လွှဲထားတယ်လေ . . . ."
မိဒေါင်းမ ပြုံးသည်။
"ဟဲ့ သွားတော့ မပြောလိုက်နဲ့နော်၊ ကြိုက်မှန်းသိ၊ မကြိုက်မှန်းသိ၊ ပြီးတော့ ဘယ်သူ့မှလဲ လျှောက်ပြောမနေနဲ့အုံး၊ အားလုံး ဒုက္ခရောက်ကုန်မယ်၊ မင်းတယောက်ထဲသာ သိပေစေ၊ မင့်ဝမ်းထဲမှာပဲ ထား"
မိဒေါင်းမ ဝမ်းသာသည်။ ပို အားရှိ လာသည်။ ဆက် လုပ်မည်။
မိုးပြို အများ။

× × × × × × ×



**Commercial use of this book will be at your OWN RISK !**
**http://myanmarcupid.net**

